# ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်၊ အင်္ဂါနေ့။ Tuesday, 29 December 2020 ၁၀၂၄၁


**လောကဓမ္မတာစံကြရာ**

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) စာအုပ် မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက်(၂၀၂၀-၂၀၂၄) စာအုပ်မိတ်ဆက်ဖြန့်ချိခြင်း အခမ်း အနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ Virtual စနစ်ဖြင့် ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Video Message ပေးပို့၍ အဖွင့်အမှာစကား ပြောကြားသည်။

**ချိတ်ဆက်တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဝန်ကြီး ဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင် များ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)မှ ဌာနေ ကိုယ်စားလှယ်တို့က သက်ဆိုင်ရာနေရာများမှ Zoom Application ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Video Message ပေးပို့၍ အဖွင့်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အဖွင့်အမှာစကားကို စာမျက်နှာ (၃)တွင် ဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာ ဗျူဟာစီမံချက် ရေးဆွဲအတည်ပြုခြင်းနှင့် အကောင်အထည် ဖော်ခြင်းဆိုင်ရာ ကနဦးညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေ အနေ၊ ကဏ္ဍတစ်ခုချင်းစီတွင် လုပ်ငန်းစဉ်များ၊ စီမံချက်များ၊ အဆင့်အဆင့်သော ပူးပေါင်းတာဝန်ယူဆောင်ရွက်ကြမည့် ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများကို ဖော်ထုတ်ထားရှိပြီး သတ်မှတ်အချိန်ကာလနှင့် ဆောင်ရွက် ပြီးစီးအောင်မြင်မှုကို တိုင်းတာနိုင်သော အညွှန်းကိန်းများပါ ထည့်သွင်းထားပြီးဖြစ်ရာ လူငယ်များကိုယ်တိုင် ပါဝင် လျက် လက်တွေ့အပြောင်းအလဲများဖြစ်အောင် ဖော်ဆောင် နိုင်ခွင့်ရရှိနေသည့် အခြေအနေနှင့် လူငယ်တစ်ဦး တစ်ယောက်မျှ မကျန်ရစ်စေဘဲ အားလုံးပူးပေါင်းပါဝင်နိုင် ခွင့်ရရှိ၍ ဘက်ပေါင်းစုံက ပံ့ပိုးကူညီထောက်ပံ့ လက်တွဲ ဖော်ဆောင်ကြပြီး **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆





**အဖွင့်အမှာစကား ပြောကြား**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူငယ် ရေးရာမူဝါဒဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) စာအုပ်မိတ်ဆက် ဖြန့်ချိခြင်း အခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။




# ကြေးမုံ

## ကျွမ်းကျင်မှုဖြင့် တိုးတက်သည့်နိုင်ငံထူထောင်

"နိုင်ငံတစ်နိုင်ငံရဲ့ အသက်မွေးဝမ်းကျောင်းပညာဟာ အမှန်တကယ်တိုးတက်ပါမှ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်တဲ့အတွက် ဒီလိုအသက်မွေးပညာရပ်တွေကို သင်ကြားလေ့ကျင့်ပေးနေတဲ့ အင်းစိန်ဂျီတီအိုင် သိပ္ပံကျောင်းတွေရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဟာ တစ်နေ့တခြား အရေးပါတဲ့အခန်းကဏ္ဍတစ်ခုအနေနဲ့ တည်ရှိလျက်ရှိပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဂျီတီအိုင်ပညာရေး (၁၂၅) နှစ်ပြည့် အထိမ်းအမှတ်ဖွင့်ပွဲတွင် ဗီဒီယိုဖြင့် ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် စက်မှုလက်မှုသိပ္ပံပညာရေးခရီးလမ်းသည် ယခုအခါ ၁၂၅ နှစ်ပြည့်ပြီဖြစ်၍ နိုင်ငံတွင် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ ပေါ်ထွန်းရေးနှင့်စပ်လျဉ်းပြီး အထူးပင်ဝမ်းမြောက်ဂုဏ်ယူစရာပင် ဖြစ်သည်။ ကျွမ်းကျင်သူအတတ်ပညာရှင်များကို မွေးထုတ်ပေးသော စက်မှုလက်မှုသိပ္ပံ၏ ပညာရေးခရီးလမ်းသည် အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးနေသည့် အမိရန်ကုန်တက္ကသိုလ်ထက်ပင် သက်တမ်းပိုမိုရှည်ကြာစွာ နိုင်ငံအကျိုးကို တာဝန်ကျေပွန်စွာ သယ်ပိုးထမ်းဆောင်လျက်ရှိသဖြင့် ဂုဏ်ယူထိုက်၊ ချီးမြှောက်ထိုက်သော ပညာရပ်ဝန်းတစ်ခုဖြစ်ပေသည်။

ရန်ကုန်မြို့ လသာမြို့နယ် မြို့မကျောင်းလမ်း၌ ၁၈၉၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်မွေးဖွားခဲ့သော အစိုးရအင်ဂျင်နီယာကျောင်းမှစတင်သည့် အင်းစိန်ဂျီတီအိုင် စက်မှုလက်မှုသိပ္ပံကျောင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးပေါ်ပေါက်လာသည့် သက်တမ်းအရှည်ဆုံး စက်မှုနည်းပညာဆိုင်ရာ ကျောင်းဖြစ်သည်။ အင်းစိန်ဂျီတီအိုင်မှအစပြုပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် စက်မှုလက်မှုသိပ္ပံ မန္တလေး၊ ကလော၊ ပြည်၊ ချောက်၊ မော်လမြိုင်၊ ဟင်္သာတ၊ တောင်ငူ၊ မုံရွာ၊ မိတ္ထီလာ၊ မအူပင်၊ သန်လျင်မြို့တို့တွင် ကျောင်း ၁၂ ကျောင်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးကာ ကျွမ်းကျင်သူ လူသားအရင်းအမြစ်များ မွေးဖွားပေးနိုင်ခဲ့သည်။

ရပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများတွင် ကျွမ်းကျင်သူအတတ်ပညာရှင်များကို ပိုမိုအရေးတယူတန်ဖိုးထားပြီး နိုင်ငံကို ခေတ်နှင့်အညီ တိုးတက်ရေး၊ နိုင်ငံ့လူမှုစီးပွား မြင့်မားတိုးတက်လာရေးအတွက် ထိရောက်စွာအသုံးပြုနိုင်သည်ကို တွေ့ရသည်။ စက်မှုလက်မှုသိပ္ပံကျောင်းများအနေဖြင့် နည်းပညာပိုင်းဆိုင်ရာတတ်မြောက်မှုကို အဓိကအထူးပြုသဖြင့် ခေတ်မီအဆင့်မြင့်နည်းပညာများအား အချိန်ကာလနှင့်အညီ သင်ကြားပျိုးထောင်ပေးရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် စက်မှုလက်မှုသိပ္ပံကျောင်းများသည် အရည်အချင်းမြင့်မားသော ကျွမ်းကျင်ပညာရှင်များကို မွေးထုတ်ပေးနိုင်သဖြင့် ယနေ့ထက်တိုင် ပြည်တွင်းသာမက ပြည်ပနိုင်ငံတို့ကပါ အသိအမှတ်ပြုခြင်း ခံထားရသည်။

မြန်မာနိုင်ငံတွင် အစောပိုင်းကာလက ကျွမ်းကျင်မှုပညာသင်ကြားခဲ့ကြသော လူငယ်များအနေဖြင့် အခြေခံအဆင့်ဖြစ်သည့် စက်မှုလက်မှုအထက်တန်းကျောင်းအဆင့် အောင်မြင်ပြီးမြောက်ပြီးလျှင်ပင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ လမ်းပွင့်သွားသည့် အနေအထားရှိသည်။ ထို့ကြောင့် စက်မှုလက်မှုအထက်တန်းကျောင်းများမှတစ်ဆင့် ပေါင်းကူးတက်လှမ်းပြီး စက်မှုလက်မှုသိပ္ပံ၊ စက်မှုတက္ကသိုလ်များသို့ ဆက်လက်ကြိုးပမ်းတက်လှမ်းကြသည့်အခါ ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းကောင်းများ ရရှိလာကြပေသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံကိုတည်ဆောက်ရာ၌ နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ ဖွံ့ဖြိုးတိုးတက်မှု လိုက်ပါနိုင်ရေးအတွက် နည်းပညာ၊ ကျွမ်းကျင်မှုပညာများ အထူးလိုအပ်နေသည်။ နည်းပညာ၊ ကျွမ်းကျင်မှုပညာမြင့်မားမှုကို ရရှိပိုင်ဆိုင်ထားခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ကြွယ်ဝသောနိုင်ငံအဖြစ် ပိုင်ဆိုင်နေသည်ကို နိုင်ငံတကာတွင် မြင်တွေ့နိုင်သည်။ တိုင်းပြည်တစ်ပြည်တွင် သယံဇာတကြွယ်ဝခြင်း၊ မကြွယ်ဝခြင်းထက် နည်းပညာ၊ ကျွမ်းကျင်မှုပိုင်ဆိုင်သောနိုင်ငံများက တစ်ပန်းသာသည်ကို လက်တွေ့မြင်တွေ့နိုင်ပါသည်။ ထို့ကြောင့် အရည်အသွေးမြင့်မားသော နည်းပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်အတွက် မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက အားပေးချီးမြှောက်မြှင့်တင်ပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ယခုအခါ စက်မှုလက်မှုသိပ္ပံကျောင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဂျီတီအိုင်ပညာရေး (၁၂၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ချမှတ်ထားသည့် ဦးတည်ချက် (၅)ချက်ကို အကောင်အထည်ဖော်ရမည် ဖြစ်သည်။ အခြေခံအထက်တန်းပြီးမြောက်အောင်မြင်မည့် လူငယ်လူရွယ်များ ခေတ်မီအဆင့်ကျွမ်းကျင်မှု နည်းပညာများ လက်လှမ်းတမီ သင်ယူတတ်မြောက်ကာ နိုင်ငံအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ရန်အတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အရည်အသွေးမြင့်မားသော နည်းပညာရှင်၊ ကျွမ်းကျင်ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများ မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်အတွက် လူငယ်လူရွယ်များ လက်လှမ်းတမီ လေ့လာသင်ယူနိုင်သည့် စက်မှုလက်မှုအထက်တန်းကျောင်းများနှင့် စက်မှုလက်မှုသိပ္ပံကျောင်းများအား ခေတ်နှင့်အညီ အဆင့်မြင့်မားအောင် ဝိုင်းဝန်းမြှင့်တင်အားပေးကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

**(၁)** **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊**

**(၂)** **လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူရရှိခံစားရေး၊**

**(၃)** **စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊**

**(၄)** **ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊**

**(၅)** **နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ဘဏ်လုပ်ငန်းကဏ္ဍမှ အထောက်အကူပြုနိုင်စေရန်နှင့် ငွေရေးကြေးရေးအရင်းအမြစ်များ ပိုမိုရရှိစေရန်အတွက် နိုင်ငံခြားဘဏ်ရွေးချယ်ရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်များ ဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် တတိယအကြိမ် နိုင်ငံခြားဘဏ်ရွေးချယ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပြီး ၉-၄-၂၀၂၀ ရက်နေ့တွင် နိုင်ငံခြားဘဏ် (၇) ဘဏ်ကို ရွေးချယ်၍ ကနဦးအတည်ပြုချက် ထုတ်ပြန်ခဲ့ပါသည်။

ယင်းဘဏ်များအနက် ကိုရီးယားသမ္မတနိုင်ငံမှ KB Kookmin Bank သည် KB Bank Myanmar Ltd. အမည်ဖြင့် လက်အောက်ခံဘဏ်ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များ ပြည့်စုံအောင်ဆောင်ရွက်ပြီးဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၆၈ နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၎င်းဘဏ်အား မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်သည့် နိုင်ငံခြားဘဏ်လက်အောက်ခံဘဏ်အဖြစ် ဘဏ်လုပ်ငန်းလိုင်စင်ကို ၂၃-၁၂-၂၀၂၀ ရက်နေ့တွင် ထုတ်ပေးခဲ့ပါသည်။

KB Bank Myanmar Ltd. သည် ၂၈-၁၂-၂၀၂၀ ရက်နေ့တွင် လုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်ပြီး လက်အောက်ခံဘဏ်အနေဖြင့် လက်လီဘဏ်လုပ်ငန်းအပါအဝင် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းများကို ပြည်တွင်းဘဏ်များနည်းတူ ဆောင်ရွက်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍတွင် ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာအသစ်များနှင့်အတူ ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈-၁၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၃၄ | ၃၃၆,၆၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၁,၃၅၂ | ၅,၁၀၂,၃၅၀ |
| MCB | ၈,၂၀၀ | ၈,၁၀၀ | ၁၈၃ | ၁,၄၈၃,၀၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၈၀၀ | ၁၂၂ | ၃၄၁,၅၀၀ |
| EFR | ၃,၇၅၀ | ၃,၇၀၀ | ၁၄၈ | ၅၄၇,၀၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၈

**ရန်ကုန်(ရွှေဈေး) ၁၃၂၆၀၀၀ မန္တလေး(ရွှေဈေး) ၁၃၂၆၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၂၀/၆၇၀ ကျပ် | ၆၇၀/၆၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၁၀/၆၅၅ ကျပ် | ၆၅၅/၆၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၃၀ ကျပ် | ၇၇၅/၇၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၈၅/၆၁၅ ကျပ် | ၆၅၀/၆၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၆၀/၅၇၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၈၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၄၀/၅၅၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၂.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၁.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃.၇၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၁၉၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၁၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၄.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၈.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၅၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | | |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားတွင် ပြောကြားသည့် အဖွင့်အမှာစကား

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

ဒီကနေ့ကျင်းပပြုလုပ်တဲ့ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) မိတ်ဆက်ဖြန့်ချိတဲ့ Online အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးနဲ့ မြန်မာနိုင်ငံတစ်ဝန်းက လူငယ်အားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့ရင်းနဲ့ နှုတ်ခွန်းဆက်လိုက်ပါတယ်။

ဒီနေ့ အခမ်းအနားကို COVID-19 ရောဂါရဲ့ စိန်ခေါ်မှုကြောင့် Online အစီအစဉ်နဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ လူငယ်တွေ Online အသုံးပြုမှုများလာတာကြောင့် ဒါကို အားသာချက် အခွင့်အလမ်းတစ်ခုအနေနဲ့လည်း ယူဆနိုင်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့ COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေမှာ ကျရာကဏ္ဍကနေ တက်ကြွစွာပူးပေါင်းပါဝင်ပေးနေကြတဲ့ အဖွဲ့အစည်းအသီးသီးက စေတနာ့ဝန်ထမ်းတွေ၊ လူငယ်တွေအားလုံးကို ကျေးဇူးတင်ဂုဏ်ယူပါကြောင်းလည်း ဦးစွာပြောချင်ပါတယ်။

အခုအချိန်အခါမှာ COVID-19 ကပ်ဘေးကြောင့် တွေ့နေရတဲ့ နောက်ဆက်တွဲ အခက်အခဲတွေကို ကျွန်မတို့အနေနဲ့ တစ်ဦးနဲ့တစ်ဦး ဖေးမကူညီခြင်း၊ စာနာနားလည်ခြင်းတို့နဲ့အတူ ရင်ဆိုင်ဖြေရှင်းနေကြတာဟာ ကျွန်မတို့နိုင်ငံမှာ အချင်းချင်း ရိုင်းပင်းကူညီတတ်တဲ့၊ အပြန်အလှန်အားကိုးယုံကြည်ရတဲ့ လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းရှိတယ်ဆိုတာကို သက်သေပြနေခြင်းပဲဖြစ်ပါတယ်။ ဒီကောင်းတဲ့ အစဉ်အလာတွေကို လူငယ်တွေက ဆက်လက်ထိန်းသွားကြမယ်လို့လည်း ယုံကြည်ပါတယ်။

နိုင်ငံတိုင်းမှာ သဘာဝသယံဇာတအရင်းအမြစ်တွေ အနည်းနဲ့အများဆိုတာ ရှိကြပါတယ်။ ဒီသဘာဝသယံဇာတတွေဆိုတာ ဖြစ်လာတည်လာဖို့ဆိုတာဟာ၊ နှစ်ပေါင်းများစွာ အချိန်ယူရပေမယ့် ထုတ်ယူသုံးစွဲဖို့ကတော့ အင်မတန် လွယ်ကူမြန်ဆန်တဲ့အတွက် သဘာဝသယံဇာတအရင်းအမြစ်တွေကို ရေရှည်သုံးစွဲနိုင်အောင် နိုင်ငံတိုင်းနိုင်ငံတိုင်းက မြော်မြင်စီမံနေကြပြီ ဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ လူသားအရင်းအမြစ်တွေကသာ သုံးလို့မကုန်နိုင်တဲ့ အရင်းအမြစ်တွေ ဖြစ်တယ်ဆိုတာ နားလည်လက်ခံလာကြပြီး လူ့စွမ်းအားအရင်းအမြစ်တွေကို ဖွံ့ဖြိုးတိုးတက်စေဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ ကျွန်မတို့ နိုင်ငံမှာလည်း အလားတူပါပဲ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းကြရာမှာ အကန့်အသတ်ရှိတဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေကို ရေရှည်အသုံးပြုလို့ရအောင် စနစ်တကျ စီမံဆောင်ရွက်ရမှာဖြစ်ပြီး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရေရှည်တည်တံ့ဖို့ဆိုရင်တော့ နိုင်ငံသားတွေရဲ့ စွမ်းရည်အရင်းအမြစ်တွေကို စဉ်ဆက်မပြတ် မြှင့်တင်ပေးကြရမှာ ဖြစ်ပါတယ်။ အခြေခံကျကျ အားထားရမှာကတော့ ကျွန်မတို့ရဲ့ လူငယ်တွေပါပဲ။

> **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းကြရာမှာ အကန့်အသတ်ရှိတဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေကို ရေရှည်အသုံးပြုလို့ရအောင် စနစ်တကျ စီမံဆောင်ရွက်ရမှာဖြစ်ပြီး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရေရှည်တည်တံ့ဖို့ဆိုရင်တော့ နိုင်ငံသားတွေရဲ့ စွမ်းရည်အရင်းအမြစ်တွေကို စဉ်ဆက်မပြတ် မြှင့်တင်ပေးကြရမှာ ဖြစ်ပါတယ်။ အခြေခံကျကျ အားထားရမှာကတော့ ကျွန်မတို့ရဲ့ လူငယ်တွေပါပဲ။**

လူငယ်တွေ တစ်ဦးချင်း တစ်ဦးချင်းစီကို အသိပညာ၊ အတတ်ပညာ သာမက စွမ်းရည်မြင့်မားပြီး ဆင်ခြင်တုံတရား ကြီးမားတဲ့သူတွေ ဖြစ်လာအောင်လို့ ပြုစုပျိုးထောင်ပေးရမှာပါ။ ဒီလိုလေ့ကျင့်ပြုစုပျိုးထောင်ပေးတဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး စာနာနားလည်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အနစ်နာခံလိုစိတ်ရှိခြင်း၊ အတူပူးပေါင်းဆောင်ရွက်လိုခြင်း စတဲ့စိတ်ဓာတ်တွေ၊ နှလုံးသားတွေမှာ ကိန်းဝပ်နေစေဖို့၊ အခက်အခဲတွေနဲ့ ကြုံတွေ့ရတဲ့အခါ နောက်မတွန့်တဲ့ ဇွဲ၊ လုံ့လဝီရိယနဲ့ ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်နိုင်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံအောင်လည်း ကြိုးစားဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အစိုးရအနေနဲ့ လူငယ်တွေ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးနဲ့အတူ လက်တွဲဆောင်ရွက်ကြရမှာပါ။ လူငယ်၊ လူလတ်တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ အဓိက အလုပ်အင်အားစုဖြစ်သလို ဒီနေ့ လူငယ်တွေဟာ နောင်တစ်ချိန်မှာ လူလတ်ပိုင်း၊ လူကြီးပိုင်းအနေနဲ့ ပိုမိုမြင့်မားတဲ့ တာဝန်တွေ ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေကို စွမ်းရည်ပြည့်ဝအောင်၊ အရည်အချင်းမြင့်မားအောင် ပြုစုပျိုးထောင်ပေးနိုင်တာနဲ့အမျှ ယခုကာလအတွက်သာမက အနာဂတ်အတွက်ပါ စွမ်းရည်ပြည့်ဝတဲ့ နိုင်ငံ့အကျိုး ဆောင်ရွက်မယ့် ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ၊ အလုပ်အင်အားစုတွေ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိလူငယ်ထုကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်ပေးရမှာဖြစ်သလို မကြာခင်မှာ လူငယ်ဘဝကို ရောက်ရှိလာမယ့် ကလေးသူငယ်တွေကိုလည်း နုစဉ်ကာလကနေစပြီး စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ပြုစုပျိုးထောင်ပေးခြင်းဟာ အင်မတန်မှ အရေးကြီးပါတယ်။



ဒီနေ့ခေတ်လူငယ်တွေအနေနဲ့ နည်းပညာသစ်တွေ၊ ကမ္ဘာ့နိုင်ငံရေး အခြေအနေ အပြောင်းအလဲတွေကြောင့် အခွင့်အလမ်းသစ်တွေ များစွာရရှိလာသလို အခက်အခဲတွေ၊ စိန်ခေါ်မှုတွေနဲ့လည်း များစွာကြုံတွေ့ရပါတယ်။ ရာသီဥတုပြောင်းလဲမှု၊ လူမှုသဟဇာတမဖြစ်ဘဲ အစွန်းရောက်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပဋိပက္ခတွေနဲ့ COVID-19 ကပ်ရောဂါလို မျှော်လင့်မထားတဲ့ ဘေးအန္တရာယ်တွေကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါ့အပြင် လူငယ်တွေ ကြုံတွေ့နေရတဲ့ နောက်ထပ် စိန်ခေါ်မှုကတော့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်းပဲ ဖြစ်ပါတယ်။

ဒီအခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကို ချဉ်းကပ်ဖြေရှင်းနိုင်ဖို့အတွက် ကျွန်မတို့နိုင်ငံအနေနဲ့ လူငယ်ရေးရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်းထားရှိပြီးဖြစ်သလို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ကို ဒီနေ့ မိတ်ဆက်ဖြန့်ချိနိုင်ပြီ ဖြစ်ပါတယ်။ လူငယ်ရေးရာမူဝါဒပါ အချက်တွေကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် လူငယ်များအတွက် အရေးတကြီး လိုအပ်နေတဲ့ ကဏ္ဍပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့၊ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် လူငယ်တွေက အဓိက ကဏ္ဍက ပါဝင်ဆောင်ရွက်နိုင်ဖို့ မျှော်မှန်းပြီးတော့ ဒီမဟာဗျူဟာစီမံချက်ကို ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။

လူဦးရေ ပြောင်းလဲတိုးတက်လာတဲ့ အခြေအနေကိုကြည့်ရင်၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ လူငယ်ထုရဲ့ အရေအတွက်ဟာ အခြားအသက်အရွယ်တွေထက် ပိုမိုများပြားနေတာကို တွေ့ရှိရပါတယ်။ ကျွန်မတို့နိုင်ငံအနေနဲ့ ဒါကို အားသာချက်တစ်ခုအနေနဲ့ ထိထိရောက်ရောက် အသုံးချနိုင်ရေးကို ဦးတည်ဆောင်ရွက်ဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေ၊ ရင်းနှီးမြှုပ်နှံသူတွေနဲ့ လူငယ်တွေအားလုံးကို တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးမှာ လူငယ်ထုရဲ့အင်အားကို အကျိုးရှိစွာ အသုံးချနိုင်ဖို့ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရေးနဲ့ ပညာရေးကဏ္ဍကို မြှင့်တင်ရေးတို့ အထူးလိုအပ်ပါတယ်။ လူငယ်တွေအနေနဲ့ စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းရှိတဲ့၊ ကုန်ထုတ်စွမ်းရည်မြင့်မားတဲ့၊ လူ့စွမ်းအား အရင်းအမြစ်တွေ ဖြစ်လာအောင် နိုင်ငံတော်ဘက်က ပြုစုပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ နိုင်ငံတော်ရဲ့ အရင်းအမြစ်တွေဟာ များစွာအကန့်အသတ်ရှိမှာမို့လို့ လူငယ်တွေအနေနဲ့ ဖြစ်ပေါ်လာတဲ့အခြေအနေ၊ အခွင့်အလမ်းတွေအရ မိမိတို့ကိုယ်တိုင် မိမိတို့အရည်အသွေး တိုးတက်ရေး ကြိုးစားကြဖို့လည်း လိုအပ်ပါတယ်။

ဒီနေ့ခေတ်မှာ ကမ္ဘာအရပ်ရပ်က သတင်းအချက်အလက်တွေနဲ့ နည်းပညာတွေကို ယခင်ကထက် လွယ်ကူလျင်မြန်စွာရရှိနိုင်ခြင်းဟာ အရေးပါတဲ့ အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။ အင်တာနက်ပေါ်မှာ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးတွေရဲ့ သင်ကြားပို့ချမှုတွေကို အခမဲ့လေ့လာနိုင်တဲ့ website တွေ အများကြီးရှိနေပြီး ဘယ်ဘာသာရပ်၊ ဘယ်ကျွမ်းကျင်မှုကိုပဲဖြစ်ဖြစ်၊ ထဲထဲဝင်ဝင် လေ့လာသင်ယူနိုင်တဲ့ အခွင့်အရေး အများကြီးရှိပါတယ်။ သင်ကြားပို့ချမှု website အများစုမှာ အင်္ဂလိပ်ဘာသာနဲ့ သင်ကြားပို့ချတဲ့အတွက် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု အတန်အသင့်ရှိဖို့လည်း လိုအပ်ပါတယ်။ ဒါပေမယ့် အင်္ဂလိပ်ဘာသာအတွက်လည်း အခမဲ့သင်တန်းတွေပေးတဲ့ website တွေ၊ YouTube Channel တွေ အများကြီးရှိပါတယ်။ လူငယ်တွေအနေနဲ့ အင်တာနက်ကို လူမှုကွန်ရက်အတွက်နဲ့ ဂိမ်းကစားဖို့အတွက်သာ သုံးတာမဟုတ်ဘဲ မိမိတို့အရည်အချင်းတိုးတက်စေဖို့ ထိထိရောက်ရောက် အသုံးချပြီး လေ့လာကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ယခုအချိန်အခါမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက COVID-19 ရောဂါဒဏ်ကြောင့် မိမိတို့နိုင်ငံရဲ့ စီးပွားရေးအခြေအနေတွေ မယိမ်းယိုင်သွားစေဖို့ အလေးထားဆောင်ရွက်နေကြပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ စီးပွားရေးလုပ်ငန်းတွေကို Digital စနစ်ပြောင်းလဲခြင်း၊ E-Commerce ပလက်ဖောင်းများ ဖန်တီးအကောင်အထည်ဖော်ခြင်းများ ပြုလုပ်လာကြပါတယ်။

ကျွန်မတို့နိုင်ငံက လူငယ်၊ လူရွယ်များက ကမ္ဘာ့စီးပွားရေးနဲ့ မြန်မာ့စီးပွားရေး အခြေအနေတွေကို မျက်ခြည်မပြတ်လေ့လာပြီး အများပြည်သူက ယုံကြည်အားကိုးနိုင်တဲ့ Digital ပလက်ဖောင်းအသစ်တွေ ထပ်မံထွန်းကားလာအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။

အခုရှိပြီးသားဖြစ်တဲ့ ပလက်ဖောင်းတွေကိုလည်း ပိုမိုအားကောင်းအောင်မြင်လာအောင် အရှိန်အဟုန်နဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ကြဖို့ လိုပါတယ်။

တရားမျှတပြီး နည်းလမ်းကျတဲ့ ပြိုင်ဆိုင်မှုတွေနဲ့ ခေတ်မီဆန်းသစ်တဲ့ Digital ဈေးကွက်စီးပွားရေးစနစ် ပေါ်ထွန်းလာဖို့ လူငယ်တွေဟာ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်။

လူငယ်တွေအနေနဲ့ နည်းပညာတိုးတက်မှုရဲ့ ကောင်းကျိုးတွေသာမက တစ်ဖက်ကလည်း ဆိုးကျိုးတွေဖြစ်တဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ အနိုင်ကျင့်မှုတွေ၊ အမုန်းစကားတွေနဲ့လည်း ကြုံတွေ့လာနိုင်ပါတယ်။ ဒါတွေဟာ ရေရှည်လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အဓိကစိန်ခေါ်မှုတွေ ဖြစ်လာနိုင်ပြီး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို ထိခိုက်နစ်နာမှုတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့လူငယ်တွေအနေနဲ့ အသိ၊ သတိရှိစွာနဲ့ အချင်းချင်းရိုင်းပင်းကူညီဖေးမခြင်း၊ ညီညွတ်မျှတခြင်းတို့ကို အထောက်အပံ့ဖြစ်စေနိုင်တဲ့ လူမှုပတ်ဝန်းကျင် ဖော်ဆောင်ရေးကို ဦးတည်ပြီး၊ အမုန်းတရားပြန့်ပွားစေမယ့် အတွေးအခေါ်၊ အသုံးအနှုန်း၊ အပြောအဆိုများ ပပျောက်သွားစေဖို့ ဝိုင်းဝန်းကြိုးပမ်းသွားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီနေ့ဖြန့်ချိလိုက်တဲ့ မဟာဗျူဟာစီမံချက်ပါ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍတွေကို လိုအပ်ချက်တွေနဲ့ကိုက်ညီအောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ ပြည်ထောင်စုဝန်ကြီး ဌာနတွေ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့အတူ လူငယ်တွေကိုယ်တိုင် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ခရစ္စမတ်မှာ အားလုံးရွှင်လန်းကြပါစေ။ နောက်ပြီးတော့ လာမယ့်နှစ်သစ်ကူးမှာလည်း အားလုံးကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ ပြည့်ဝကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) စာအုပ် မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) စာအုပ် မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) စာအုပ် မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ **ရွှေဖုံးမှ**

လူငယ်ရေးရာမူဝါဒဆိုင်ရာ မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ရာ၌ ကြုံတွေ့ရမည့် အခက်အခဲများတွင် ယနေ့ကြုံတွေ့နေရသော ကိုဗစ်-၁၉ ဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ထည့်သွင်းစဉ်းစား၍ ရင်ဆိုင်ကျော်လွှားရေးကို ရှင်းလင်းပြောကြားပြီး လူငယ်ရေးရာစီမံချက်ကို အကောင်အထည်ဖော်ရာတွင် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို ပေါက်မြောက်အောင် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ညီညွတ်စွာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

## စဉ်းစားသုံးသပ်ရမည်

ယင်းနောက် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဤမဟာဗျူဟာစီမံချက်သည် လူငယ်များ၏ အနာဂတ်အတွက် လူငယ်ရေးရာမူဝါဒ၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များပြည့်မီရန် စစ်မှန်သော လမ်းကြောင်းများဖြင့် လမ်းခင်းပေးလိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ လူငယ်ရေးရာကော်မတီဝင်များအားလုံးအနေဖြင့် ဤမဟာဗျူဟာစီမံချက်ကို သေချာစွာလေ့လာဖတ်ရှုသုံးသပ်ရန်လိုအပ်ပြီး မိမိတို့အနေဖြင့် မည်သည့်နေရာ၊ မည်သည့်ကဏ္ဍ၊ မည်သည့်ပုံစံဖြင့် ပါဝင်ရမည်ကို စဉ်းစားသုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လူငယ်များသည် လာမည့်နှစ်ကာလများတွင် မိမိတို့နိုင်ငံဖြစ်ပေါ်ပြောင်းလဲလာမည့် အခြေအနေများကို ပုံဖော်မည့် ပန်းပုဆရာများသဖွယ်ဖြစ်ပြီး လူငယ်များအနေဖြင့် နိုင်ငံ၏ အနာဂတ်ကိုပုံဖော်ရာ၌ ရှေ့သို့မျှော်မှန်းတွေးဆသည့် အမြင်များ၊ မျှတသော စဉ်းစားဆင်ခြင်ခြင်းနှင့် ဆုံးဖြတ်ခြင်းများဖြင့် ဆောင်ရွက်ကြစေလိုပါကြောင်း။

ဤမဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ရာ၌ တစ်ချိန်တည်းတွင် လူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများနှင့် အရည်အသွေးမြှင့်တင်မှုဆွေးနွေးပွဲများကို စနစ်တကျ လုပ်ငန်းမူဘောင် (Framework)များ ချမှတ်ကာ ပုံမှန်ဆက်လက်ပြုလုပ်သွားစေလိုပါကြောင်း၊ ဤမဟာဗျူဟာစီမံချက်သည် နိုင်ငံတော်ဘက်စုံတိုးတက်မှုအတွက် လွန်စွာအရေးကြီးသည့် အဓိကရေသောက်မြစ်သဖွယ်ဖြစ်ပြီး သက်ဆိုင်သူတာဝန်ရှိသူများအားလုံးအနေဖြင့် ဤမဟာဗျူဟာစီမံချက်၏ နိုင်ငံတော်အတွက် အရေးပါမှုကို အားလုံးက သိရှိနားလည်ကြရန်လိုအပ်ပါကြောင်း။

မဟာဗျူဟာစီမံချက်၏ ရည်မှန်းချက်များ ရရှိအောင်မြင်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များသည် လက်တွေ့မြေပြင်တွင် အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်ရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ နေရာဒေသအသီးသီး၏ အခြေအနေများသည် တူညီမှုမရှိသဖြင့် နေရာဒေသတစ်ခု၏ အခြေအနေအရပ်ရပ်နှင့် ကိုက်ညီ ဆောင်ရွက်သည့် လုပ်ငန်းနည်းဗျူဟာနှင့် လုပ်ငန်းစဉ်များသည် အခြားနေရာဒေသတစ်ခုနှင့် ကွဲပြားမှုရှိနိုင်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ လူငယ်များအကြား ကွန်ရက်ချိတ်ဆက်မှုများကို ပိုမိုတောင့်တင်းခိုင်မာစေလိုပြီး လူငယ်များအချင်းချင်း ပံ့ပိုးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများနှင့် နည်းဗျူဟာများဝေမျှခြင်းတို့ကို ဆောင်ရွက်စေလိုပါကြောင်း၊ မဟာဗျူဟာစီမံချက်တွင်ပါဝင်သော အညွှန်းကိန်း(Indicator)များအတွက် လိုအပ်သောအချက်အလက် (Data)များ အမှန်တကယ်ရရှိနိုင်ရေးအတွက်ကိုလည်း သုံးသပ်ဆောင်ရွက်စေလိုပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် မဟာဗျူဟာစီမံချက်တွင်ပါဝင်သည့် လုပ်ငန်းများအား မည်သည့်အတိုင်းအတာအထိ လုပ်ဆောင်နိုင်သည်၊ လုပ်ဆောင်ပြီးစီးနိုင်သည်နှင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို သိရှိစေနိုင်ရန်အတွက် စောင့်ကြည့်အကဲဖြတ်မှု စာရင်းပုံစံ (Monitoring Checklist) များဖြင့် သုံးသပ်စေလိုပါကြောင်း၊ ထို့ပြင် လုပ်ငန်းအခက်အခဲ၊ စိန်ခေါ်မှုများအား ကျော်လွှားဖြေရှင်းနိုင်ရေးအတွက် အသုံးချသုတေသနများကိုပါ တွဲဖက်ဆောင်ရွက်စေလိုပါကြောင်း။

မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှု ဆန်းစစ်သုံးသပ်ခြင်း (Evaluation) အငယ်စားများကိုလည်း ခြောက်လခန့်လျှင် တစ်ကြိမ် လုပ်ဆောင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘက်စုံဆန်းစစ်သုံးသပ်မှုကို နှစ်နှစ်ခန့်လျှင် တစ်ကြိမ်လုပ်ဆောင်စေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း (Monitoring and Evaluation) များမှ တွေ့ရှိချက်များနှင့် ကိုက်ညီပြီး ပြောင်းလဲနေသည့် အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေစွာဖြင့် နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များကို မွမ်းမံပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

## ဆက်လက်ပါဝင်ဆောင်ရွက်

ဝန်ကြီးဌာနအနေဖြင့် ဤမဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာကဏ္ဍမှ အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရန်အတွက်လည်း တာဝန်ယူဆောင်ရွက်မည့် အဖွဲ့ငယ်တစ်ခု ဖွဲ့စည်းထားရှိမည်ဖြစ်ပါကြောင်း၊ ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လူငယ်ရေးရာကော်မတီဝင်များအနေဖြင့် ဤမဟာဗျူဟာစီမံချက်၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် သဘောထားကာ ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသော လူငယ်များအား အထူးကျေးဇူးတင်ရှိပြီး နိုင်ငံ၏အရေးကိစ္စများနှင့် ပြည်သူများ၏ အကျိုးတို့အတွက် လုပ်ငန်းများတွင် ဆက်လက်ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ Video Message ဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသွားသော အချက်များတွင် ပညာရေးနှင့် ပတ်သက်သည့်လုပ်ငန်းများအားလုံးကို ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး လူငယ်များ၊ တိုင်းရင်းသားလူငယ်များအားလုံးဖြင့် လက်တွဲပူးပေါင်း ညီညွတ်စွာဖြင့် ယခုစီမံချက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခု အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်သည် တိုင်းရင်းသားလူငယ်များ၏ အနာဂတ်၊ ဂုဏ်သိက္ခာမြင့်မားနိုင်ရေးအတွက် ရေးဆွဲထားခြင်းဖြစ်ပြီး လက်တွေ့ကျကျ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်၊ တိုင်းရင်းသားလူငယ်များအားလုံး၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်မည်ဆိုပါက ပြည်ထောင်စုကြီး၏ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်ပါကြောင်း။

ကျန်းမာရေး၊ အာဟာရနှင့် အရည်အသွေးရှိသည့် ပညာရေးသည် များစွာအရေးကြီးပါကြောင်း၊ လူငယ်များ၏ ဘဝကိုမြှင့်တင်ပေးနိုင်ရန်ဆိုသည်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသွားသည့်အတိုင်း လူငယ်များအားလုံးသည် ကိုယ်ချင်းစာစိတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ကူညီဖေးမဆောင်ရွက်တတ်ရန် အရေးကြီးပါကြောင်း၊ ပူးပေါင်းဆောင်ရွက်တတ်ရန်အရေးကြီးသကဲ့သို့ တာဝန်ယူ၊ တာဝန်ခံပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်တတ်ရန်နှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိမှသာ အလုပ်ဟူသမျှ ကောင်းစွာလုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အလုပ်အကိုင်ကောင်းကောင်းရရန် လူငယ်များ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် အရေးကြီးပါကြောင်း။

## များစွာအရေးကြီး

သင်ယူခြင်းသည် ရတနာသိုက်ဖြစ်သည့်အတွက် ခေတ်နှင့်လိုက်လျောညီထွေဖြစ်သည့် ကျွမ်းကျင်မှုများနှင့် စွမ်းရည်ရရန်မှာ တစ်သက်တာသင်ယူမှုအတွက် များစွာအရေးကြီးပါကြောင်း၊ တစ်သက်တာပေါင်းစပ်သင်ယူမှုအခွင့်အလမ်းများအတွက် လူငယ်များကို ၂၁ ရာစု၏ ကျွမ်းကျင်မှုများ၊ ၂၁ ရာစု၏ စွမ်းဆောင်ရည်များဖြင့် လက်တွေ့ကျကျ မဟာဗျူဟာစီမံချက်ကို ညီညီညွတ်ညွတ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ ယခု မဟာဗျူဟာစီမံချက်တွင် ဖော်ပြထားသည့် Key Performance Indicator များကို ပြည့်မီအောင် ဆောင်ရွက်ပေးခြင်းသည် လူငယ်များအတွက် အနာဂတ်လှပအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ယင်းတို့ကို ဆောင်ရွက်သည့်အခါတွင် အားလုံးညီညွတ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ပြည်ထောင်စုကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် တည်ဆောက်ထားသည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် တိုင်းရင်းသားလူငယ်အားလုံး ညီညီညွတ်ညွတ် ရိုးသားကြိုးစားစွာဖြင့် တစ်သက်တာပေါင်းစပ် သင်ယူမှုအခွင့်အလမ်းများကို ၂၁ ရာစု၏ ကျွမ်းကျင်မှု၊ ၂၁ ရာစု၏ စွမ်းဆောင်ရည်များကို မြှင့်တင်၍ အနာဂတ်လှပသည့် တိုင်းရင်းသားလူငယ်များဖြစ်ကြပါစေဟု ဆုမွန်ကောင်း ပို့သလိုက်ရပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)မှ ဌာနေကိုယ်စားလှယ် Mr.Ramanathan Balakrishnan က အမှာစကား ပြောကြားသည်။

## လွှဲပြောင်းပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင်များဖြစ်ကြသည့် ကိုမျိုးသူစိုးနှင့် ကိုဝေယံထွန်းတို့ထံ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)စာအုပ်ကို လွှဲပြောင်းပေးအပ်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာမြင့်ထွေးတို့က မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင် ကိုမျိုးသူစိုးနှင့် ကိုဝေယံထွန်းတို့ထံ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)စာအုပ်ကို လွှဲပြောင်းပေးအပ်စဉ်။

ထို့နောက် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ရေးဆွဲခြင်း မှတ်တမ်း Video Clip ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## အမျိုးသားညီညွတ်ရေးကို အခြေခံ

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာကျော်ဖြတ်ပြီး ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း။ ဓာတ်ပုံ - ထွန်းထွန်းသိန်း

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းတင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆုရဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ယခုဆိုလျှင် မိမိတို့ဝန်ကြီးဌာနအောက်တွင် အစိုးရအဖွဲ့ရေးရာဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အပြင် အခွန်အယူခံခုံအဖွဲ့ရုံးကိုပါ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်မှစ၍ ထပ်မံထည့်သွင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်သည် COVID-19 ရောဂါကြောင့် ဝန်ထမ်းများအားလုံးအတွက် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်တွေ့ကြုံခဲ့ရသည့်နှစ်လည်း ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစ၍ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များကို ယနေ့အချိန်ထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေရဆဲပင်ဖြစ်ပါကြောင်း။

### ငွေကျပ် ၅၆၈ ဒသမ ၆၄ ဘီလီယံအထိရှိ

ယခုကဲ့သို့ COVID-19 ကပ်ရောဂါ ကာလအတွင်းတွင် COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(COVID-19 Economic Relief Plan - CERP) အရ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများကို ထောက်ပံ့ခဲ့သည်မှာ ယခု စတုတ္ထအကြိမ်အထိဆိုပါက နိုင်ငံတော်ဘဏ္ဍာငွေမှ စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၅၆၈ ဒသမ ၆၄ ဘီလီယံအထိ ရှိခဲ့ပြီဖြစ်ပြီး ယခုကဲ့သို့ ရသင့်ရထိုက်သည့်သူများကို ထောက်ပံ့နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရက မူများချမှတ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

သို့သော် ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ခဲ့ရာတွင် တိုင်ကြားမှုနည်းပါးခဲ့သော်လည်း စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ချိန်တွင် တိုင်ကြားမှုများ ပိုမိုများပြားလာသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် တိုင်ကြားစာဖြေရှင်းရေးဌာနများ ဖွင့်လှစ်ပြီး ဖြေရှင်းစိစစ်သည့်အခါတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုဆိုသည့် သတ်မှတ်ချက်နှင့် မကိုက်ညီသော်လည်း COVID-19 ကပ်ရောဂါကာလ ရှည်ကြာလာ၍ အလုပ်အကိုင် အဆင်မပြေသည့် အိမ်ထောင်စုများ၊ ပြောင်းရွှေ့လုပ်သားများနှင့် တစ်ဦးချင်း တင်ပြတောင်းဆိုသည့် တိုင်ကြားစာအရေအတွက်သည် ၉၀ ရာခိုင်နှုန်းနီးပါးရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။ အဆိုပါကိစ္စကို အမြန်ဆုံးပြီးပြတ်နိုင်ရေးအတွက် ကျန်ရှိသည့်တိုင်ကြားမှုများကို စိစစ်လျက်ရှိပြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို တင်ပြပြီး အဆုံးအဖြတ်ခံယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များ၊ COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(COVID-19 Economic Relief Plan-CERP)ပါ လုပ်ငန်းစဉ်များအပြင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ရသည့် ဝန်ကြီးဌာန ဝန်ထမ်းများ၏ တာဝန်သိစိတ်ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့မှုများကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျေးဇူးအထူးပင်တင်ရှိသည်ကို ဦးစွာပြောကြားလိုပါကြောင်း။





မြန်မာနိုင်ငံအုပ်ချုပ်ရေးယန္တရား၏ အခြေခံကျောရိုးဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်းဖွဲ့စည်း တာဝန်ထမ်းဆောင်စေခဲ့သည့်အချိန်မှစပြီး ပြည်သူကိုဗဟိုပြုသည့် အုပ်ချုပ်ရေးယန္တရားဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင်ရေးဆွဲပြီး အချိန်ဇယား Timeline သတ်မှတ်ကာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အချို့သည် COVID-19 ကပ်ရောဂါ ဖြစ်ပွားလာခဲ့သည့်အတွက် အတိုင်းအတာတစ်ခုအထိ နှောင့်နှေးသွားခဲ့ရပါကြောင်း၊ သို့သော်လည်း ပြဋ္ဌာန်းချက်များ ပြုပြင်ပြောင်းလဲရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အချို့ကို နှောင့်နှေးခြင်းမရှိဘဲ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တချို့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းလက်စွဲများကို ပြင်ဆင်ခြင်း၊ ပြုစုခြင်း၊ ဖြန့်ဝေခြင်းများကို ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ထပ်မံပြီး ပြင်ဆင်ရေးဆွဲနေခြင်းများလည်း ရှိပါကြောင်း။

### ပြီးပြည့်စုံပြီဟု မဆိုနိုင်

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဒုတိယအကြိမ်ပြင်ဆင်သည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးနည်းဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ထပ်မံပြင်ဆင်ထားသည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်၊ ရပ်/ကျေး ဝန်ထမ်းများအနေဖြင့် သာမက ပြည်သူများပါ ကျယ်ကျယ်ပြန့်ပြန့် သိရှိဆောင်ရွက်နိုင်ရန် များစွာအရေးကြီးပါကြောင်း၊ သို့သော် ယင်းလုပ်ငန်းစဉ်များကို ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အခြေအနေများ၊ အကြံပြုချက်များအပေါ်တွင် မူတည်ပြီး ပြည်သူ့ဆန္ဒနှင့် ပိုမိုကိုက်ညီမည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၏ ပထမအဆင့်ဖြစ်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး လက်စွဲစာစောင်ကို ပြုစုဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ နောင်ရွေးချယ်ခြင်းခံရမည့် အုပ်ချုပ်ရေးမှူးများကို လက်စွဲစာစောင်ပါ လုပ်ငန်းလမ်းညွှန်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် သင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ခေတ်ကာလနှင့်လျော်ညီသည့် ချီးမြှင့်ထောက်ပံ့ငွေပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

### အွန်လိုင်းစနစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့

ဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေးအပိုင်းတွင်လည်း ပြည်သူ့ဆက်ဆံရေး၊ မီဒီယာဆက်ဆံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာသင်တန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အွန်လိုင်းစနစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ထပ်မံတင်ပြလိုသည်မှာ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းကို အဆင့်မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် ပို့ချပေးနိုင်ရေးအတွက် ရန်ကုန်မြို့ရှိ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းကို နေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန် “မူ”အားဖြင့် သဘောတူခွင့်ပြုချက်ရရှိထားပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် One State One Township စီမံကိန်းအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် မြို့နယ်များရှိသကဲ့သို့ COVID-19 ကာလအတွင်းတွင် အကောင်အထည်ဖော်မှု နှောင့်နှေးခဲ့ရသည့် မြို့နယ်များလည်း ရှိခဲ့ပါကြောင်း၊ ယင်းကိုလည်း ပြန်လည်ဆန်းစစ်နိုင်ရန်၊ အောင်မြင်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် မြို့နယ်အသစ်များ ထပ်မံရွေးချယ်ဆောင်ရွက်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေပါကြောင်း။

ထို့အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ဌာနဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးနိုင်သည့် စံနမူနာပြဌာနဖြစ်ရန် လိုအပ်ပါကြောင်း၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် ဖြစ်ပေါ်နေသည့်ပြဿနာများကို အဖြေရှာနိုင်မည်ဖြစ်သကဲ့သို့ အကောင်းဆုံးဖြေရှင်းနိုင်မည့် နည်းလမ်းကိုလည်း ရှာဖွေဖော်ထုတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၇ သို့ ●**

# ကျင့်ဝတ်ကောင်းမြတ်၊ စိတ်ဓာတ်ကောင်းတည်၊ အမိရန်ကုန်တက္ကသိုလ်ဆီ



ရန်ကုန်တက္ကသိုလ်ရှိ တောင်ငူဆောင်။ ဓာတ်ပုံ - မြင့်မောင်မောင်



## စာရေးသူ၏ကိုယ်ရေးအကျဉ်း

| | |
|---|---|
| အမည်ရင်း | - ဒေါက်တာသွင်သွင်အောင် |
| ဇာတိ | - တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပညာ | - B.A (Q) Myanmar – 1986 (YU) |
| အရည်အချင်း | M.A (Myanmar) – 1996 (YU)<br>Ph.D (Myanmar) – 2006 (YU)<br>Diploma in Global English<br>(Post Graduate) – 2008 (YU) |
| အခြား | - အသွင်သစ် (မြန်မာစာ) |
| ကလောင် | ခင်သွင်သွင်အောင် |
| အမည်များ | ဒေါက်တာကြည်ဖြူမြတ်လေး |
| တာဝန်ထမ်းဆောင်ခဲ့သော တက္ကသိုလ်များနှင့် ရာထူးများ | - ၁။ ရန်ကုန်တက္ကသိုလ် (နည်းပြ)<br>၂။ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) (နည်းပြ)<br>၃။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (နည်းပြ)<br>၄။ မော်လမြိုင်တက္ကသိုလ် (နည်းပြ)<br>၅။ ရန်ကုန်တက္ကသိုလ် (လက်ထောက်ကထိက)<br>၆။ ထားဝယ်တက္ကသိုလ် (ကထိက)<br>၇။ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် (ကထိက)<br>၈။ ဘားအံတက္ကသိုလ် (တွဲဖက်ပါမောက္ခ)<br>၉။ ရန်ကုန်တက္ကသိုလ် (တွဲဖက်ပါမောက္ခ)<br>၁၀။ ထားဝယ်တက္ကသိုလ် (ပါမောက္ခ) |
| လက်ရှိထမ်းဆောင်နေသောတာဝန် | - ပါမောက္ခ/ဌာနမှူး၊ မြန်မာစာဌာန၊ မော်လမြိုင်တက္ကသိုလ် |

## ဒေါက်တာသွင်သွင်အောင်

ရန်ကုန်တက္ကသိုလ်ကြီး မွေးဖွားလာတာ နှစ်(၁၀၀) ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ပညာသင်ယူခြင်းနှင့်တူသော မိတ်ဆွေမရှိလို့ အမိပွာယ်ရတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **"နတ္ထိ ဝိဇ္ဇာ၊ သမံ မိတ္တံ"** ဆိုတဲ့ အမှတ်တံဆိပ်ဟာလည်း ရန်ကုန်တက္ကသိုလ်ကြီးကို ဂုဏ်ဝင့်ထည် မြင့်မားခံ့ညားစေပါတယ်။

အမိတက္ကသိုလ်ကြီးမှာ အသိပညာ၊ အတတ်ပညာတွေ သင်ယူဆည်းပူးလာခဲ့တာ နှစ်ကာလ အတော်ကြာညောင်းခဲ့ပါပြီ။ ၁၉၈၂ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်း အောင်မြင်တဲ့ ကျွန်မက ရန်ကုန်တက္ကသိုလ်ရဲ့ နယ်မြေခွဲတစ်ခုဖြစ်တဲ့ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) လို့ခေါ်တဲ့ ဗိုလ်တထောင်ကောလိပ်မှာ ပထမနှစ်၊ ဒုတိယနှစ်တက်ပြီး ရန်ကုန်တက္ကသိုလ် (ပင်မ) မှာ တတိယနှစ်နဲ့ စတုတ္ထနှစ် ဆက်လက်တက်ရောက်ခဲ့ရပါတယ်။ ၁၉၈၆ ခုနှစ်မှာ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါတယ်။ မဟာဝိဇ္ဇာ အရည်အချင်းစစ်သင်တန်းကို တက်ရောက်ခွင့်ရလို့ ဆက်တက်ခဲ့ပါတယ်။

အဲဒီအချိန်မှာ အရေးအခင်းဖြစ်လို့ ကျောင်းတွေ ခဏနားရင်း အရေးအခင်းအပြီး မဟာဝိဇ္ဇာ အရည်အချင်းစစ်အပိုင်း(၂)ကို ဆက်လက်တက်ရောက်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ တောင်ငူဆောင်အရိပ်အောက်မှာ ခိုလှုံရင်း ပညာသင်ယူခဲ့ရပါတယ်။ ကျွန်မဟာ ဆရာ ဆရာမတွေရဲ့ လက်ချာမှာ သင်ယူမှတ်သားရင်း စာတွေရဲ့အစွမ်းနဲ့ စိတ်ကောင်းထားတတ်ဖို့ စိတ်ကောင်းမှ စာကောင်း ထွက်နိုင်သလို လောကကြီးကို ရှုမြင်ဆင်ခြင်ပြီး စာနာစိတ်ထားရှိတတ်အောင် ဆင်ခြင်မိစေပါတယ်။ မြန်မာစာ အထူးပြုကျောင်းသူမို့ သင်ရိုးထဲမှာပါတဲ့ စာတွေ၊ ကဗျာတွေကို လေ့လာရင်း တစ်ဖက်က ဆင်ခြင်နှလုံးသွင်းမိလာပါတယ်။

### သုတေသနပေါင်းများစွာ ဖတ်ရှုလေ့လာ

ဆရာမကြီး ဒေါ်စီစီဝင်း၊ ဆရာကြီး ဦးစံတင်၊ ဆရာကြီး ဦးကြည်မောင်၊ ဆရာမကြီး ဒေါ်ခင်မေနွဲ့၊ ဆရာကြီး ဦးတိမ်ကြည်၊ ဆရာမကြီး ဒေါ်ခင်ချောချော၊ ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့်၊ ဆရာကြီး ဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်)၊ ဆရာကြီး ဒေါက်တာခင်အေး၊ ဆရာကြီး ဦးအောင်သောင်း၊ ဆရာကြီး ဦးဇော်မြင့် (ဇော်ဇော်အောင်)၊ ဆရာ ဦးထွန်းမြင့် (တက္ကသိုလ်မင်းမော်)၊ ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ)၊ ဆရာမကြီး ဒေါ်တင်ထွေး၊ ဆရာ ဦးအောင်ဇော်၊ ဆရာ ဦးသီဟတို့က စာတွေ့နှင့် လက်တွေ့ ယှဉ်တွဲကာ လောကပတ်ဝန်းကျင်ကို ဆင်ခြင်မိအောင် သင်ပေးခဲ့ကြပါတယ်။ ၁၉၉၆ ခုနှစ်မှာ မဟာဝိဇ္ဇာဘွဲ့ရခဲ့ပြီး ၂၀၀၁ ခုနှစ်မှာ ပါရဂူဘွဲ့တန်းတက်ရောက်ခဲ့ပါတယ်။ ပါရဂူတန်းမှာလည်း ဆရာကြီး ဦးတင်မောင်ဌေး၊ ဆရာကြီး ဒေါက်တာခင်အေး၊ ဆရာမကြီး ဒေါ်ပို၊ ဆရာကြီး ဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်)၊ ဆရာကြီး ဦးအောင်သောင်း၊ ဆရာကြီး ဦးဟုန်ဝမ်၊ ဆရာမကြီး ဒေါ်တင်ထွေး၊ ဆရာမကြီး ဒေါက်တာခင်ဆွေမြင့်၊ ဆရာမကြီး ဒေါက်တာစုစုနွယ်၊ ဆရာကြီး ဦးလှထွန်း (နာဂသိန်) စတဲ့ ဆရာတွေရဲ့ သင်ကြားပေးမှုနဲ့ သုတေသနပေါင်းများစွာ ဖတ်ရှုလေ့လာ ပြုစုခဲ့ရပါတယ်။

လောကကို ဆင်ခြင်နိုင်ဖို့ ဆရာဇော်ဂျီရဲ့ အားမာန်ကဗျာတွေထဲက သူများပျော်ရွှင်တာ၊ လှပအဆင်ပြေတာကို မုဒိတာစိတ်နဲ့ ဝမ်းမြောက်စေတဲ့ **"ပိတောက်ပန်း"** ကဗျာကို ကြည့်မယ်ဆိုရင် ...

**"ခေါင်းကြွကာ ဆာဝေဝေနှင့်**
**သူလဲလေ လောကီသားလိုပ**
**ကြွားချင်လှပေလိမ့်မယ်"...**

ဆိုတဲ့ စာသားအတိုင်း မိမိ၏ အရည်အသွေး၊ အလှအပကို ထုတ်ဖော်ပြလိုတဲ့ လူ့သဘာဝကို ဖော်ပြပြီး အဲဒီသဘာဝကို စာနာစိတ်နဲ့ရှုမြင်ပြတဲ့၊ မုဒိတာစိတ်နဲ့ ကြည့်မြင်စေချင်တဲ့ အတွေးအမြင်ကဗျာမျိုးကို လေ့လာဆင်ခြင်မိလာစေပါတယ်။

ဆရာဇော်ဂျီရဲ့ "ဗေဒါလမ်း" ကဗျာစုထဲက ပန်းပန်လျက်ပဲ ကဗျာကို ကြည့်မယ်ဆိုရင် ...

**"အယက်အကန်ခံလို့**
**ဗေဒါပျံ့ အံကိုခဲ**
**ပန်းပန်လျက်ပဲ"...**

ဆိုတဲ့ လောကဓံကို ကြံ့ကြံ့ခံနိုင်တဲ့ အားမာန်ပေးတဲ့ ကဗျာကိုလည်း လေ့လာဆင်ခြင်ခဲ့ပါတယ်။

### ခေတ်စမ်းစာပေခေါင်းဆောင်တစ်ဦး

ခေတ်စမ်းစာပေ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဆရာမင်းသုဝဏ်ရဲ့ "ဘကြီးအောင် ညာတယ်" ဝတ္ထုတိုလေးကလည်း မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံ သဘာဝတွေနဲ့ ပြည့်နှက်ပြီး ယနေ့တိုင် စွဲလမ်းနှစ်သက်မိစေတုန်းပါပဲ။ နှုတ်ကတိစကားတစ်ခွန်း ပျက်ယွင်းမှုကြောင့် နစ်မွန်းဆုံးရှုံးခဲ့ရတဲ့ ကလေးတစ်ဦးအကြောင်းကို မြန်မာဆန်စွာ ဖော်ပြတာ တွေ့ရပါတယ်။ ဘယ်တော့မှ မမေ့နိုင်ခြင်းရဲ့ ဂုဏ်ကတော့ မြန်မာဆန်ခြင်းပါပဲ။ ဘုန်းကြီးကျောင်းသားကျေးလက်ကလေးလူငယ်လေး သျှောင်ထုံးလေးနဲ့ မောင်ချစ်။ မောင်ချစ် နှစ်သက်တဲ့စားစရာက ကောက်ညှင်းငချိပ်ပေါင်း၊ နှစ်သက်တဲ့အရုပ်က ယမင်းရုပ်ကလေး၊ ဆော့ကစားတာက ခွေလှိမ့်ခြင်း၊ ပတ်ဝန်းကျင်က လယ်ကွင်းပြင်နဲ့ တောသချိုင်းရှိ အုတ်ဂူလေး၊ သူငယ်ချင်းတွေက နွားကျောင်းသားတွေ၊ ဘုန်းကြီးကျောင်းသားတွေဆိုတဲ့ မြန်မာ့ကျေးလက်အငွေ့အသက်တွေ လွှမ်းခြုံတဲ့ နောက်ခံရှုခင်းနဲ့ မြန်မာဆန်တဲ့ အစားအစာ၊ အသုံးအဆောင်၊ ကစားနည်းတွေဖြစ်လို့ ယနေ့တိုင်မေ့မရဘဲ ဘယ်အချိန်ဖတ်ဖတ်ရင်ထဲမှာ စွဲငြိနေရခြင်းဖြစ်ပါတယ်။

ဒီသဘောတရားတွေကို အသိကတစ်ဆင့် သတိပြုမိပြီး လက်တွေ့ကျင့်သုံး ကျင့်ကြံရမှာက မိမိကိုယ်တိုင် မဟုတ်ပါလော။ ရန်ကုန်တက္ကသိုလ်လို့ ဆိုလိုက်တာနဲ့ ဂျပ်ဆင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ လိုက်ဗရီ (စာကြည့်တိုက်)၊ အဓိပတိလမ်း၊ အင်းလျားကန်တို့က အလိုလို ပုံရိပ်ထင်ဟပ်လာစမြဲပါ။ တက္ကသိုလ်ဝန်းကျင်ဆိုတာ စိတ်နှလုံးအေးချမ်းသာယာဖွယ်ကောင်းတဲ့ ဝန်းကျင်ကောင်းတွေ ရှိစမြဲမို့ စာပေလေ့လာလိုက်စားသူတွေအတွက် သုတကောင်းတွေ၊ ဉာဏ်ပညာအသစ်တွေ လက်ခံရရှိတဲ့ နေရာဆိုလည်း မမှားပါဘူး။ ခရီးသွားဟန်လွှဲဆိုသလို ပညာရှာရင်း ကြင်ရာရှာချင်သူတွေအဖို့လည်း စိတ်ကြည်နူးစရာ၊ စိတ်ကူးယဉ်စရာ ကောင်းသောနေရာလို့ဆိုလည်း မှန်ပါတယ်။

စာမျက်နှာ ၇ သို့ ■

**မြန်မာစာပေနဲ့ မြန်မာ့ယဉ်ကျေးမှုကို ကမ္ဘာကသိပြီး အထင်ကြီးလေးစားချစ်ခင်လာအောင် လူ့စွမ်းအားအရင်းအမြစ်အနေနဲ့ ပို့ချပေးခဲ့ပါတယ်။ နိုင်ငံတကာနဲ့ MoU တွေ လက်မှတ်ရေးထိုးပြီး ချိတ်ဆက်လာတဲ့ ရန်ကုန်တက္ကသိုလ်ကြီးမှာ မြန်မာစာဘာသာရပ်အနေနဲ့ ပါဝင်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူခဲ့ရပါတယ်။ အာရှနဲ့ ဥရောပတစ်ခွင်မှာ မြန်မာစာပေနဲ့ မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို ပေါ်လွင်အောင် သင်ကြားပို့ချပေးနိုင်ခဲ့။**

● စာမျက်နှာ ၅ မှ

ထို့ကြောင့် ခရိုင်/မြို့နယ်အဆင့်တွင် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုအားကောင်းလာစေရန်နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအား အထောက်အကူပြုပေးနိုင်ရန်အတွက် ပြင်ဆင်ရန်လိုအပ်သည့် ဖွဲ့စည်းပုံများနှင့် လုပ်ငန်းတာဝန်များကို ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆွေးနွေးပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဝန်ထမ်းများအားလုံး ကိုယ်ကျိုးစီးပွားနှင့် အဂတိတရားကင်းစင်ပြီး စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်ရန်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပြီး လူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဂရုတစိုက်ဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ရေး ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့(၂)နှစ်ပြည့်မှသည် နောင်ကာလများအထိ ပြည်သူ့အကျိုးကို စိတ်ရင်းစေတနာမှန်ဖြင့် ဝန်ဆောင်မှုပေးနိုင်သည့်၊ ပြည်သူနှင့် တစ်စိတ်တစ်ဝမ်းတည်း ရပ်တည်နိုင်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်လာရန် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပြီး ပြုပြင်ပြောင်းလဲကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များအား စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခဲ့သည့် အစိုးရအဖွဲ့ရေးရာဌာနကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးသိန်းကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးနှင့် စပ်လျဉ်းသည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံပံ့ပိုးကူညီဆောင်ရွက်ခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များအား ကူညီဆောင်ရွက်ခဲ့သည့် အခွန်အယူခံခုံအဖွဲ့ရုံးကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်လွင်အား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကရင်ပြည်နယ် မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို ကြိုဆိုလက်ခံ နေရာချထားရေးလုပ်ငန်းစဉ်များ စနစ်တကျကြီးကြပ် ကွပ်ကဲဆောင်ရွက်ပြီး အများပြည်သူသို့ သိရှိနိုင်စေရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ခဲ့ခြင်း၊ ရခိုင်ပြည်နယ် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နေ့စဉ်ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Electronic Document Management System(EDMS)ဖြင့် စနစ်တကျ ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ်များနှင့် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း(မဂ်လာဒုံ)တို့တွင် ထူးချွန်ဆုရရှိသည့် ဝန်ထမ်းများနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ သား/သမီးများအား ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခေတ်အဆက်ဆက် သမိုင်းအကျဉ်းချုပ် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# လယ်ယာမြေကို ခွင့်ပြုချက်မရမီ အခြားနည်းသုံးစွဲခြင်း ဆောင်ရွက်ပါက လယ်ယာမြေဥပဒေအရ အရေးယူခြင်းခံရမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) ၌ ကျင်းပသည်။

**အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာမြေကို ခွင့်ပြုချက်မရမီ အခြားနည်းသုံးစွဲခွင့် ကြိုတင်ဆောင်ရွက်ခြင်း မရှိစေရေးနှင့် ခွင့်ပြုချက်မရရှိမီ အခြားနည်းသုံးစွဲခြင်းကိစ္စရပ်များ လုံးဝရပ်တန့်သွားအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယနေ့ ပြည်သူလူထုအကြား ရေပန်းစားနေသည့် လူမှုကွန်ရက် မီဒီယာလောကတွင် လယ်ယာမြေများကို အိမ်ရာခြံမြေအဖြစ် အကွက်ရိုက်ရောင်းချမှု ကြော်ငြာများဖြင့် ဆောင်ရွက်နေသည်များကို တွေ့မြင်နေရပါကြောင်း၊ ယခုကဲ့သို့ လယ်ယာမြေများကို ခွင့်ပြုချက်မရှိဘဲ စိုက်ပျိုးမြေလှပ်ထားခြင်း၊ အဆောက်အအုံများ ခွင့်ပြုချက်မဲ့ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပါက လယ်ယာမြေဥပဒေအရ အရေးယူခြင်းခံရမည်ကို ပြည်သူလူထုအကြား သိရှိနားလည်စေရန်နှင့် ရောင်းမှား ဝယ်မှား မဖြစ်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။**

အစည်းအဝေးသို့ အဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြပြီး အစည်းအဝေးတွင် အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းများကို ဖတ်ကြားတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ကြသည်။



ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၅)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေး ပေးချေရမည့်ကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လှည်းကူးမြို့နယ်အတွင်း စက်မှုဥယျာဉ်မြို့တော် စီမံကိန်းဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ တင်ပြလာခြင်းကိစ္စ၊ ဌာနဆိုင်ရာ၊ သာသနာရေးဆိုင်ရာနှင့် ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ရေးတို့အတွက် အခြားနည်းသုံးစွဲခွင့် လျှောက်ထားလာမှုကိစ္စရပ်များ၊ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ပြန်လည်စိစစ်တင်ပြလာသော ကိစ္စရပ်များ၊ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားလာသည့်**ကိစ္စရပ်များအား ဆွေးနွေးဆောင်ရွက်ကြသည်။

ထို့ပြင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအရ ခွင့်ပြုချက်မရရှိမီ ကြိုတင်အသုံးပြုထားသည့်အတွက် လယ်ယာမြေဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒဏ်ကြေးငွေပေးဆောင်ရန် အဆိုပြုတင်ပြလာသော လုပ်ငန်းကိစ္စရပ်များ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ခံချက်များဖြင့် ပြီးပြည့်စုံစွာတင်ပြလာသည့် လယ်ယာမြေ ဥပဒေပုဒ်မ ၃၀ (က) အရ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်၍ လည်းကောင်း၊ လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၄ နှင့် လယ်ယာမြေနည်းဥပဒေ ၃၅၊ ၃၆ တို့အရ ယခင်အစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ လယ်ယာမြေ အခြားနည်း သုံးစွဲခွင့်ပြုပါရန် စိစစ်တင်ပြလာသည့် လုပ်ငန်းစာတွဲများကို တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပါပြဋ္ဌာန်းချက်များ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုန်ကန်မှု ရှိ၊ မရှိ စိစစ်ပြီးခွင့်ပြုခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၆ မှ

ကျွန်မအတွက်တော့ ပညာရှာနေဆဲကာလမို့ ဟိုဟိုဒီဒီ စိတ်တွေဖျောက်ထား၊ စာကိုသာ အလေးထား ကြိုးစားခဲ့ပါတယ်။ အတန်းလစ်ချင်စိတ်၊ တက္ကသိုလ်ရဲ့ အေးမြတဲ့အရိပ်မှာ အချစ်စိတ်ကို ဦးစားပေးတဲ့စိတ်တွေ အသာဖျောက်လို့ စာနောက်ကိုသာ လိုက်ခဲ့သူပါ။ Note မပေးတဲ့ တက္ကသိုလ်ရဲ့ လက်ချာကို သေချာစွာ လိုက်ရင်း အတန်းတက်ခဲ့သူပါ။ လက်ချာဆိုတာ စာခေါ်တာ၊ မှတ်စုပေးတာမဟုတ်ဘဲ ဆရာ့နှုတ်ဖျားက သင်ရိုးနဲ့ ပတ်သက်တဲ့ စာပေဗဟုသုတတွေကို လိုက်မှတ်ရင်း လက်ရေးမြန်တာကလည်း အလေ့အကျင့်ကောင်းတစ်ခုလို့ ဆိုရမှာပါ။ ဝိဇ္ဇာမြန်မာစာဘာသာရပ်မို့ ကိုယ်သိတာ၊ ကိုယ်တင်ပြချင်တာတွေကို ဖြေဆိုချိန် သုံးနာရီအတွင်း ဖော်ပြရလို့ လက်ရေးမြန်ခြင်းဟာလည်း ပါရမီအရည်အချင်းတစ်ရပ်ပါပဲ။ တက္ကသိုလ်က ပို့ချလိုက်တဲ့ လက်ချာယူခြင်းရဲ့ အရည်အချင်းတစ်ခုပါ။

၁၅-၁၁-၁၉၉၃ ရက်နေ့မှာ နည်းပြဘဝနဲ့ ရန်ကုန်တက္ကသိုလ်မှာ တာဝန်စထမ်းတော့ မဟာဝိဇ္ဇာ နောက်ဆုံးနှစ် အောင်ခါစပေါ့။ အလုပ်စာမေးပွဲကို အရင်ဖြေပြီး မကြာမီ မဟာဝိဇ္ဇာ နောက်ဆုံးနှစ်ကို ဖြေရလို့ အဲဒီနှစ်ကတော်တော်ပင်ပန်းခဲ့တဲ့ နှစ်ပါပဲ။ တက္ကသိုလ်ဆရာမဘဝနဲ့ မွေးထုတ်ပေးလိုက်တဲ့ တပည့်တွေဟာ အခုဆိုရင် တွဲဖက်ပါမောက္ခအဆင့် အနည်းဆုံးတော့ ဖြစ်ကြပါပြီ။ ကိုယ့်ကိုသင်ကြားပေးလိုက်တဲ့ ရန်ကုန်တက္ကသိုလ်က ဆရာဆရာမတွေရဲ့ နည်းစနစ်အတိုင်း ကိုယ်ကသင်ယူရင်း ကိုယ်ပြန်သင်ကြားပေးလိုက်တဲ့၊ ကိုယ့်သင်ယူမှုကို ခံယူတဲ့ တပည့်တွေကို စိတ်ကောင်းစေတနာကောင်းထားပြီး လောကကို အကျိုးပြုအောင် လမ်းညွှန်ခဲ့ပါတယ်။ ပါရာယနဝတ္ထုထဲကလို အရိုင်းကို အယဉ်နှင့်တုံ့ပြန်မှ အောင်မြင်မယ်၊ နှုတ်ချိုသျှိုတစ်ပါး ဆိုသလို ချိုသာစွာ ပြောဆိုခြင်းကလည်း အောင်မြင်မှုတစ်ရပ်၊ ဒေါသနဲ့ကျင့်ကြံရင် မှားယွင်းပြီး မေတ္တာနဲ့ ဖြေရှင်းမှသာ အောင်နိုင်မယ်ဆိုတဲ့ သဘောတရားတွေကို လက်တွေ့မှာ ကျင့်ကြံနေထိုင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မိမိပတ်ဝန်းကျင်မှာ စိတ်အေးချမ်းသာယာမှုရှိအောင် ကျင့်ကြံဖော်ဆောင်ပေးရင်း တာဝန်ကျရာ တက္ကသိုလ်အသီးသီးမှာ ပညာဖြန့်ဝေပေးခဲ့ပါတယ်။ ကိုယ့်စာပေကို ချစ်လာအောင်၊ စာပေကတစ်ဆင့် လူမျိုးမပျောက်ကွယ်အောင် စောင့်ရှောက်ချင်တဲ့စိတ် ဖြစ်ပေါ်အောင် စေ့ဆော်ပေးသူကတော့ အမိရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကြီးပင်မဟုတ်ပါလား။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ တက္ကသိုလ်အသီးသီးမှာ တာဝန်ထမ်းဆောင်ကြသူတွေကလည်း မိခင်ရန်ကုန်တက္ကသိုလ်ကြီးကို ဘယ်တော့မှ မမေ့ဘဲ ဂုဏ်ကျေးဇူးကို အမြဲအောက်မေ့သတိရနေကြမှာ အမှန်ပါ။

**နိုင်ငံတကာနဲ့ MoU တွေ လက်မှတ်ရေးထိုးပြီး**

ရန်ကုန်တက္ကသိုလ်မှာ နည်းပြဘဝ၊ လက်ထောက်ကထိကဘဝ၊ တွဲဖက်ပါမောက္ခဘဝနဲ့ အမှုထမ်းခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ တွဲဖက်ပါမောက္ခ တာဝန်ထမ်းဆောင်တုန်းက ဆရာကြီး ဒေါက်တာအောင်မြင့်ဦးနဲ့ တွဲဖက်ကာ နိုင်ငံခြားသားတွေကို မြန်မာစာဘာသာရပ် သင်ကြားပို့ချပေးခဲ့ပါတယ်။ မြန်မာစာပေနဲ့ မြန်မာ့ယဉ်ကျေးမှုကို ကမ္ဘာကသိပြီး အထင်ကြီးလေးစား ချစ်ခင်လာအောင် လူ့စွမ်းအားအရင်းအမြစ်အနေနဲ့ ပို့ချပေးခဲ့ပါတယ်။ နိုင်ငံတကာနဲ့ MoU တွေ လက်မှတ်ရေးထိုးပြီး ချိတ်ဆက်လာတဲ့ ရန်ကုန်တက္ကသိုလ်ကြီးမှာ မြန်မာစာဘာသာရပ်အနေနဲ့ ပါဝင်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူခဲ့ရပါတယ်။ အာရှနဲ့ ဥရောပတစ်ခွင်မှာ မြန်မာစာပေနဲ့ မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို ပေါ်လွင်အောင် သင်ကြားပို့ချပေးနိုင်ခဲ့ပါတယ်။ ဒါကလည်း အမိရန်ကုန်တက္ကသိုလ်ကြီးကို ကျေးဇူးပြုခြင်းပင် မဟုတ်ပါလားရှင်။

ရန်ကုန်တက္ကသိုလ်မှာ အမှုထမ်းရင်း နိုင်ငံ့သားကောင်း မြန်မာစာသားသမီးကောင်း၊ စိတ်ကောင်း၊ စေတနာကောင်းရှိသူတွေကို မွေးထုတ်ခဲ့သူအဖြစ် ဂုဏ်ယူစွာ အမိရန်ကုန်တက္ကသိုလ်ကြီးကို ကျေးဇူးတင်နေမိပါတယ်။ **“စာပေမြင့်မှ လူမျိုးတင့်တယ်”** ဆိုတဲ့ ဆိုရိုးအတိုင်း မြန်မာစာပေကို မြင့်မားအောင်၊ ကမ္ဘာ့အလယ်မှာ မြန်မာလူမျိုးရယ်လို့ ဂုဏ်တင့်တယ်အောင် ပြုစုပျိုးထောင်ပေးခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးကို ဘယ်သောအခါမှ မမေ့နိုင်တော့ပါ။ ရန်ကုန်တက္ကသိုလ်ကြီးမှာ ရာထူးအဆက်ဆက် အလုပ်အကျွေးပြုစုရလို့ ဝမ်းသာကြည်နူးခဲ့ရပါတယ်။ ပတ်ဝန်းကျင်ကောင်းဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ကြီးမှာ ကိုယ်ကျင့်သိက္ခာကောင်းတွေ၊ စိတ်ဓာတ်ကောင်းတွေ တည်တံ့ခိုင်မြဲစွာတည်ရှိဖို့၊ သင်ယူလေ့ကျင့်တတ်မြောက်အောင် ဆည်းပူးရင်း အနာဂတ်သာယာလှပဖို့ ဝန်းကျင်ကောင်းတွေ၊ တပည့်ကောင်းတွေ၊ လူ့စွမ်းအားအရင်းအမြစ်ကောင်းတွေ ပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ယခုလည်း ရောက်ရှိရာတက္ကသိုလ်မှာ ဝန်းကျင်ကောင်းတွေ သစ်လွင်ဖန်တီးရင်း အမိရန်ကုန်တက္ကသိုလ်ကြီးကို ဦးညွှတ်လိုက်ပါတယ်…။ ။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၅ / ၂၀၂၀**

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၂-၂၀၂၀ ရက်နေ့တွင် မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မဟာစည်လမ်းမပေါ်ရှိ ၎င်းရပ်ကွက်နေ ဇော်ဇော်ထိုက်(၃၇)နှစ်၊(ဘ)ဦးအုန်းမြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြဝတီ) မယ(ပ)၁၇၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့်လည်းကောင်း၊ အလားတူ ၂၅-၁၂-၂၀၂၀ ရက်နေ့တွင် အဆိုပါလမ်းမပေါ်ရှိပင် ၎င်းရပ်ကွက်နေ ခိုင်ထူး(ခ)နှုတ်ခမ်းကွဲ (၃၂)နှစ်၊ (ဘ)ဦးလှသိန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြဝတီ)မယ(ပ)၁၇၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ လွင်ကြီးကျေးရွာနေ အောင်မိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၂-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ လွင်ကြီးကျေးရွာနေ အောင်မိုး(၃၄)နှစ်၊ (ဘ)ဦးထွန်းခင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၂၀၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ လွင်ကြီးကျေးရွာနေ လှရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၁၂-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ လွင်ကြီး ကျေးရွာနေ လှရွှေ(၅၀)နှစ်၊ (ဘ)ဦးအောင်ကြည်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ (ပ)၂၀၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပေကုန်းကျေးရွာနေ ကျောက်ဆောင်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ်ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁၂-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ပေကုန်းကျေးရွာနေ မြတ်လင်း(ခ)ကျောက်ဆောင် (၃၈)နှစ်၊ (ဘ)ဦးဖိုးနီ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မော်လူး)မယ(ပ)၉၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်ရှိ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၈)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄၈)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၁-၁၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ် တံခွန်တိုင်သွား ကားလမ်းမပေါ်ရှိ ရေးမြို့နယ်၊ ရင်းဒိန်ကျေးရွာနေ သိုက်လရီထော (၂၉)နှစ်၊ (ဘ)ဦးမြမောင်မောင်းနှင့်ပြီး တစ်ရွာတည်းနေ မောင်မြင့်(၄၇)နှစ်၊ (ဘ)ဦးဟောင်တို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်)မယ(ပ)၅၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်အရှေ့ရပ်ကွက်နေ ကောင်လေး(ခ)မျိုးသိမ်းထက်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၂-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်အရှေ့ရပ်ကွက်နေ ကောင်လေး(ခ)မျိုးသိမ်းထက် (၄၀)နှစ်၊ (ဘ)ဦးသက်နိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကြည့်မြင်တိုင်) မယ (ပ)၁၀၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်နေ ဖိုးတုတ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၂-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ လမ်းမပေါ်ရှိ ၎င်းရပ်ကွက်နေ မဖြိုးအိကျော်(ခ)ဖြိုးတုတ်(ခ)ဖိုးတုတ်(၁၉)နှစ်၊ (ဘ)ဦးခင်မောင်သိန်းနှင့်အတူနေ မဝင်းမာသင်း(ခ)သံဇဉ်ဆောင်း (၁၉)နှစ်၊ (ဘ) ဦးလွင်မြင့်အောင်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒဂုံမြောက်) မယ(ပ)၄၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး စိစစ်ဖော်ထုတ်ချက်အရ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်နေ မောင်မောင်ဦး(၂၄)နှစ်၊ (ဘ)ဦးသန်းဇော်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းမပေါ်ရှိ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်နေ မောင်မောင်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ၎င်း၏နေအိမ်အားဆက်လက်ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းအား မမစ(ဒဂုံမြောက်)မယ(ပ)၄၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်နေ ဒေါ်သွယ်သွယ်အေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁၂-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၇၈)ရပ်ကွက်နေ ရန်နိုင်လတ်(ခ)အရိုး(၂၉)နှစ်၊ (ဘ)ဦးသောင်းလှ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့် အတူဖမ်းဆီးရမိပြီး စိစစ်ဖော်ထုတ်ချက်အရသန်လျင် မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်နေ ဒေါ်သွယ်သွယ်အေး(ခ)အန်တီကြီး(၄၅)နှစ်၊ (ဘ) ဦးထွန်းအေးထံမှ ဝယ်ယူရရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ဒေါ်သွယ်သွယ်အေး(ခ)အန်တီကြီး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့ (၂)ဦးအား မမစ (ဒဂုံဆိပ်ကမ်း) မယ(ပ)၅၁/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၈၈)ရပ်ကွက်နေ ဒေါ်ကေသီဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၂-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်နေ ဒေါ်ကေသီဦး(၄၃)နှစ်၊ (ဘ)ဦးမြင့်စန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ မခိုင်ဇာဖြိုး(၁၉)နှစ်၊ (ဘ) ဦးမိုးကျော်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံဆိပ်ကမ်း) မယ(ပ) ၅၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃၁)ဦး၊ မ(၂)ဦး၊ ပေါင်း(၃၃)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၆-၁၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၁၂)၊ ထီသိမ်ဘူတာဝင်းအတွင်း၌ ၎င်းမြို့၊ စဝ်စံထွန်းရပ်ကွက်နေ ရဲလင်းဌေး(၁၉)နှစ်၊ (ဘ) ဦးသန်းအောင်၊ ၎င်းမြို့နယ်၊ ဖက်ပုန်းကျေးရွာနေ သဲလေး(၁၉)နှစ်၊ (ဘ)ဦးသောင်းဖေနှင့် ခွန်ခမ်းကျော် (၁၉)နှစ်၊(ဘ) ဦးခွန်ထွန်းအောင်၊ နားယောင်းကျေးရွာနေ ဝင်းမောင် (၁၉)နှစ်၊ (ဘ)ဦးအောင်ဝင်းတို့ (၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၅၇/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး စိစစ်ဖော်ထုတ်ချက်အရ ၎င်းမြို့၊ စဝ်စံထွန်းရပ်ကွက်နေ စိုင်းလုံ(၃၁)နှစ်၊ (ဘ)ဦးအောင်ဆန်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရပြီး စိုင်းလုံအား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၅၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၆-၁၂-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၄၇၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၈၈၀)ဦး၊ မ(၃၇၇)ဦး၊ ပေါင်း(၂၂၅၇)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၁၁၃၄.၂၅၁၄)ဂရမ်၊ ICE (၁၄၉၀.၉၂)ဂရမ်၊ ဘိန်း(၄၈၃၂၁.၉၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၁၈.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၄၉၃၄.၄၀) ဂရမ်၊ ဘိန်းစာရွက်(၅၅၈၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၇၀၃၀၈၀)ပြား၊ ဆေးခြောက် (၁၅၅၈၉.၁၉)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၃၀)လက်၊ ကျည်မျိုးစုံ (၆၉၈)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - ANTINARCOTICS@PRESIDENTOFFICE.GOV.MM

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တောင်ငူတက္ကသိုလ်တွင် ကျင်းပသည့် စတုတ္ထအကြိမ် မြန်မာနိုင်ငံကမ္ဘာမြေသိပ္ပံဆိုင်ရာညီလာခံ ဖွင့်ပွဲအခမ်းအနား တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၈**

တောင်ငူတက္ကသိုလ်တွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာ ညီလာခံ (Myanmar National Conference on Earth Sciences–MNCES, 2020) ကို ယနေ့နံနက် ၈ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ၊ သုတေသနစာတမ်းရှင်များနှင့် ဧည့်သည်တော်များ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

**ကိုက်ညီမှုရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာညီလာခံကို ၂၀၁၇ ခုနှစ်မှ စတင်ပြီး တစ်နှစ်လျှင် တက္ကသိုလ်တစ်ခုစီရွေးချယ်၍ တစ်ကြိမ်စီ ကျင်းပလာခဲ့ရာ ယခုနှစ်တွင် တောင်ငူတက္ကသိုလ်၌ စတုတ္ထအကြိမ်မြောက် အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ တက္ကသိုလ်အသီးသီးရှိ ဘူမိဗေဒပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ၏ ညီညွတ်မှုစွမ်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ကောင်းကျိုးများနှင့်အတူ၊ သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများကို တစ်နေ့ထက်တစ်နေ့ ရင်ဆိုင်လာရသည့်အတွက် ယနေ့ညီလာခံ၏ ဆောင်ပုဒ်ဖြစ်သော **“ဘူမိဗေဒနှင့် ကမ္ဘာမြေသိပ္ပံသတင်းအချက်အလက်များကို ဖော်ထုတ်မျှဝေရင်း ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အတူလက်တွဲဖော်ဆောင်ကြစို့”** သည် ယနေ့ခေတ်ကာလ၏ လိုအပ်ချက်နှင့် အလွန်သင့်လျော်ကိုက်ညီမှုရှိလှပါကြောင်း။

မြန်မာနိုင်ငံကမ္ဘာမြေသိပ္ပံဆိုင်ရာ ညီလာခံများတွင် တင်သွင်းလာသော သုတေသနစာတမ်းများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ သုတေသနဆောင်ရွက်မှုသည် ဆရာဆရာမအားလုံး၏ တာဝန်ဖြစ်ပါကြောင်းနှင့် တာဝန်ခံမှု တာဝန်ယူမှုဖြင့် လက်တွေ့ကျပြီး မိမိဒေသ၊ ပြည်ထောင်စုနှင့် ကမ္ဘာကြီးအတွက် အကျိုးပြုနိုင်မည့် အကောင်းဆုံး သုတေသနရလဒ်များ ရရှိနိုင်ရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် သုတေသနစာတမ်း စုစုပေါင်း ၁၀၃ စောင်၊ ၂၀၁၈ ခုနှစ်တွင် ၁၈၄ စောင်၊ ၂၀၁၉ ခုနှစ်တွင် ၁၇၇ စောင်နှင့် ၂၀၂၀ ပြည့်နှစ်တွင် သုတေသနစာတမ်းပေါင်း ၂၄၀ ကို တင်သွင်းဖတ်ကြားမည်ဟု သိရှိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဆွေးနွေးတင်ပြကြမည့် သုတေသနများတွင် ဘူမိသိပ္ပံဘာသာရပ်များသာမက ကမ္ဘာမြေသိပ္ပံနှင့် ဆက်စပ်နေသည့်ဘာသာရပ်များ ပါဝင်သည်ဟု သိရှိရပါကြောင်း၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်များ စူးစမ်းရှာဖွေမှု၊ စနစ်တကျ ထုတ်ယူသုံးစွဲမှု၊ ကမ္ဘာမြေပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းနိုင်သမျှနည်းအောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် နည်းပညာများနှင့် ကြိုးစားလေ့လာထားသော သုတေသနစာတမ်းများကို မျှဝေဖတ်ကြားဆွေးနွေးကြမည်ဟု သိရှိရသည့်အတွက် အထူးဂုဏ်ယူပါကြောင်း။

သို့ဖြစ်ပါ၍ ညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ သုတေသနရလဒ်များကို နိုင်ငံတကာတက္ကသိုလ်များနှင့် အမြင်ချင်းဖလှယ်ခြင်းဖြင့် ပိုမို၍လက်တွေ့ကျကောင်းမွန်စေရေးနှင့် အခက်အခဲပြဿနာများကို လက်တွေ့ကျကျဖြေရှင်းနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ သုတေသနရလဒ်များကို ကျောင်းသား ကျောင်းသူများအား လက်ဆင့်ကမ်းသင်ယူစေရန်နှင့် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများကို ဉာဏမူပိုင်ခွင့်များနှင့်အညီ နည်းပညာများကို စနစ်တကျလွှဲပြောင်းပေးရန် အရေးကြီးပါကြောင်း၊ နည်းပညာပြောင်းလဲလာမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခြင်းတို့ကြောင့် ကျောင်းသား ကျောင်းသူများအား စာသင်ကြားရာ၌ Digital Learning သည် အရေးပါလာသကဲ့သို့ Face to Face Learning သည်လည်း အစားထိုးမရနိုင်သေးပါကြောင်း၊ Face-to-Face Teaching Learning နှင့် Hands-on Training များမှာ High-Touch Learning ဖြစ်ပြီး High-Tech Learning နှင့် လက်တွေ့ကျကျအကျိုးရှိအောင် ပေါင်းစပ်ကာ ပေါင်းစပ်သင်ယူမှု (Blended Learning) ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ သင်ကြားခြင်းဖြင့် ကျောင်းသား ကျောင်းသူများနှင့် တစ်သက်တာ လေ့လာသင်ယူသူများအတွက် အသိပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ အပြုအမူသဘောထားများ၊ တန်ဖိုးထားမှုများမြင့်မားလာရေးအတွက် လက်ဆင့်ကမ်းမျှဝေ၍ သင်ကြားသင်ယူမှုများပြုလုပ်ရန် အလေးအနက်ထားတိုက်တွန်းလိုပါကြောင်း။

ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ကျောင်းသား ကျောင်းသူများ ၂၁ ရာစု ကျွမ်းကျင်မှုများ ပြည့်ဝစေရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ASEAN University Network၊ The Erasmus + University Network ကဲ့သို့သော နိုင်ငံတကာ သိပ္ပံအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အားပေးလျက်ရှိပါကြောင်းနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန်၊ ကမ္ဘာမြေသိပ္ပံဆိုင်ရာပညာရပ်များနှင့် အထူးပြုနယ်ပယ်များ သုတေသနဆောင်ရွက်ရာတွင် သဘာဝအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမြှင့်တင်ရန်နှင့် လက်တွေ့ကျစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုချက်များ ရယူရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်ယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အခက်အခဲများနှင့် စိန်ခေါ်မှုများ တွေ့ကြုံရပါက ပူးပေါင်းဆောင်ရွက်၍ သုတေသနရလဒ်ကောင်းများရရှိစေရန်နှင့် ဒေသ၊ ပြည်ထောင်စုနှင့် ကမ္ဘာကြီးအား အကျိုးပြုနိုင်သော သုတေသနများပေါ်ပေါက်လာရေး အားပေးလိုပါကြောင်း။

**မျှဝေပေးနိုင်ပါစေ**

နိဂုံးချုပ်အနေဖြင့် ကမ္ဘာမြေသိပ္ပံညီလာခံနှင့် ကမ္ဘာမြေကြီး၏ အသက်သွေးကြောမှာ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (Sustainable Development Goals – SDGs) ၁၇ ခု ဖြစ်ပါကြောင်း၊ SDG-6 Clean Water and Sanitation, SDG-7 Affordable and Clean Energy, SDG-11 Sustainable Cities and Communities, SDG-13 Climate Action, SDG-14 Life Below Water, SDG-15 Life on Land တို့မှာ ကမ္ဘာမြေသိပ္ပံညီလာခံနှင့် များစွာဆက်စပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan 2018–2030) တို့နှင့် လိုက်လျောညီထွေမှုရှိပြီး အထောက်အကူဖြစ်စေရန် ပညာရှင်များက လက်တွေ့ကျအကျိုးရှိထိရောက် ပွင့်လင်းမြင်သာမှုရှိသော အရည်အသွေးရှိသည့် သုတေသနလုပ်ငန်းများဆောင်ရွက်ပြီး သုတေသနစာတမ်းများ၊ သုတေသနညီလာခံများမှတစ်ဆင့် သုတေသနဂျာနယ်များတွင် ပုံနှိပ်ထုတ်ဝေ၍ ရလဒ်နည်းပညာများကို ကျောင်းသား ကျောင်းသူများ၊ စက်ရုံ အလုပ်ရုံ၊ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများ အကျိုးရှိစေရေးအတွက် မျှဝေပေးနိုင်ပါစေကြောင်းနှင့် အထောက်အကူဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း၊ ကမ္ဘာမြေသိပ္ပံညီလာခံ၏ အောင်မြင်မှုသည် ဘူမိဗေဒဘာသာရပ်တွင် အထူးပြုကြသူများ၊ ဆက်စပ်သူများနှင့် ပညာရှင်များအားလုံး၏ အောင်မြင်မှုဖြစ်ပါသဖြင့် ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြစေလိုကြောင်းနှင့် သုတေသနရလဒ်ကောင်းများရရှိရေး စွမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာ Sone Han တို့က အသီးသီးကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံကမ္ဘာမြေသိပ္ပံဆိုင်ရာညီလာခံ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစောငွေခိုင်က ကမ္ဘာမြေသိပ္ပံကော်မတီအကြောင်း အကျဉ်းချုပ်တင်ပြသည်။ အဆိုပါညီလာခံကို ဒီဇင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့နယ်၌ တိုက်ပွဲရှောင်များ ထပ်မံရောက်ရှိ၊ ကိုဗစ်-၁၉ရောဂါ ကူးစက်မှုမရှိရန် နှာခေါင်းစည်းများဝေငှ

**ကျောက်မဲ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပိန္နဲကုန်းကျေးရွာ ဝါဆိုကျောင်းတိုက်၌ ဖွင့်လှစ်ထားသော တိုက်ပွဲရှောင်လက်ခံစောင့်ရှောက်ရေးစခန်းသို့ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းမှစတင်၍ ကျောက်မဲမြို့နယ် လွယ်အံ၊ ပန်မခမ်၊ ပန်လော့၊ ကောင်းခါးကျေးရွာတို့မှ တိုက်ပွဲရှောင်ပြည်သူ ၂၀၀ ခန့် ထပ်မံရောက်ရှိကြကြောင်း သိရသည်။

**ထောက်ပံ့ကူညီထား**

တိုက်ပွဲရှောင်များအတွက် ရှမ်းပြည်နယ်၏ ဆောင်းရာသီဖြစ်၍ စောင်နှင့်အနွေးထည်များကို ထောက်ပံ့ကူညီထားပြီး စားသောက်ရေးအတွက် ပါ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသော်လည်း အလှူရှင်များလိုအပ်နေသေးကြောင်း သိရသည်။ တိုက်ပွဲရှောင်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ကာကွယ်နိုင်ရန် အိုမ်တမောဝ်လူမှုကူညီရေးအသင်းက နှာခေါင်းစည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် မလေးရှားအစိုးရက N95 နှာခေါင်းစည်း ၂၀၀၀၀ ပေးအပ်လှူဒါန်း



**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် မလေးရှားနိုင်ငံက N95 နှာခေါင်းစည်းအရေအတွက် ၂၀၀၀၀ ကို ပထမအသုတ်အဖြစ် ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့မွန်းလွဲ ၃ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မလေးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Muhammad Syukri Azmi က N95 နှာခေါင်းစည်းများကို ပေးအပ်လှူဒါန်းရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က လက်ခံရယူပြီး ကျေးဇူးတင်လွှာကို သံရုံးယာယီတာဝန်ခံထံ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် မလေးရှားသံရုံးမှ တာဝန်ရှိသူများအပြင် Mercy Malaysia၊ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း၊ မြန်မာ-မလေးရှား ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

အဆိုပါ N95 နှာခေါင်းစည်းများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်



**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု အစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင် ခေတ္တဥက္ကဋ္ဌ ဦးစန်းဝင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စနစ်တကျ ရေးသားပြုစုထား**

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ခေတ္တဥက္ကဋ္ဌ ဦးစန်းဝင်းက ယခု လွှဲပြောင်းပေးအပ် သည့် ရည်ညွှန်းစာစောင်များသည် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် အခြေခံပညာအထက်တန်း အဆင့် ရည်ညွှန်းစာစောင်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်နှင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်း စာစောင်တို့ဖြစ်ပြီး ကမ္ဘာတစ်လွှားမှ တက္ကသိုလ်အဆင့် ကျွမ်းကျင်ပညာရှင်များက ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လက်ရှိပကတိဖြစ်ပေါ်နေမှုများကို သုံးသပ်၍ စနစ်တကျ ရေးသားပြုစုထားသော စာစောင်များဖြစ်ကြောင်း၊ ရည်ညွှန်း စာစောင်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဘာသာ ပြန်ဆိုထားခြင်းဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်မှစ၍ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအဆင့်အထိ တစ်နိုင်ငံလုံးသို့ လွှမ်းခြုံ မှုရှိသော အုပ်ချုပ်ရေးယန္တရားတစ်ခုဖြစ်ပြီး ဒေသန္တရ အုပ်ချုပ်ရေးအတွက် လွန်စွာအရေးကြီးသည့် ဌာနကြီးတစ်ခု လည်းဖြစ်ပါကြောင်း၊ အဆိုပါနေရာဒေသများ၌ တာဝန် ထမ်းဆောင်လျက်ရှိသော အုပ်ချုပ်ရေးမှူးများသည် မိမိတို့ ၏ တာဝန်ကျရာဒေသအတွင်းရှိ ဌာနအဖွဲ့အစည်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရသည့် အခွင့်အလမ်း များရှိသဖြင့် ၎င်းရည်ညွှန်းစာစောင်များကို လေ့လာဖတ်ရှု ကာ ဖြောင့်မတ်တည်ကြည်မှု၊ ကိုယ်ကျင့်သိက္ခာနှင့် တာဝန် ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ခံယူချက်များပိုမိုတိုးတက် ပြန့်ပွား လာစေရေးအတွက် ဆင့်ပွားအသိပညာပေးဆောင်ရွက်မှု များကို လက်ဆင့်ကမ်းဖြန့်ဝေပေးနိုင်ရန် လွှဲပြောင်းပေး အပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ခေတ္တဥက္ကဋ္ဌ ဦးစန်းဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်ထံသို့ ဖြောင့်မတ် တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက် ရေးဆိုင်ရာ ရည်ညွှန်းစာစောင်အစုံ ၄၂၀ ကို လွှဲပြောင်း ပေးအပ်သည်။

**ကျေးဇူးတင်ရှိ**

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်မြင့်က အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဖြောင့်မတ် တည်ကြည်မှုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက် ရေးကို ရည်ရွယ်ကာ ကျောင်းသားလူငယ်များ၊ ပြည်သူ့ ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ နှင့် အရပ်ဘက်အဖွဲ့အစည်းများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများ၊ ပူးပေါင်းပါဝင်လိုသူများ လေ့လာဖတ်ရှုနိုင်ရန်ရည်ရွယ်၍ ပြုစုဖြန့်ဝေသည့် ရည်ညွှန်းစာစောင်များကို မိမိတို့ဝန်ကြီး ဌာနရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး များ လေ့လာဖတ်ရှုနိုင်ရန် လွှဲပြောင်းပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးရာတွင် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ မိမိတို့ ဝန်ကြီးဌာနအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် လွှဲပြောင်းပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# (၉)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၉)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟောက်ဒိုဆွမ်း နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ငုယင်ကွစ်ဇွန်းတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အဆိုပါဆွေးနွေးပွဲသို့ ဗီယက်နမ်နိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ မြန်မာနိုင်ငံ ဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာ စေရေး၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ လက်ရှိ ပြည်တွင်း နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့်သတ္တု တူးဖော်ရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍအပါ အဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံ အကြား ထူထောင်ထားရှိသည့် ဘက်စုံပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးမှ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်သွားနိုင်မည့်အလားအလာ၊ လာမည့်နှစ်တွင် နှစ်နိုင်ငံအဆင့်မြင့်ခရီးစဉ်များ အပြန် အလှန်စီစဉ်သွားနိုင်ရေး၊ အာဆီယံ၊ စီအယ်လ်အမ်ဗွီ၊ အက်မက်စ်နှင့် အခြားမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက် ရေးမူဘောင်များနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ မျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ADB ချေးငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေသော အိန္ဒူ-ကော့ကရိတ်လမ်းနှင့် ဂျိုင်း(ကော့ကရိတ်)တံတားစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာကျော်လင်းသည် ယနေ့တွင် နယ်မြေခံလွှတ်တော် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ နှင့်အတူ အရှေ့အနောက် စီးပွားစင်္ကြံ လမ်းမပေါ်တွင် ADB ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်နေသော အိန္ဒူ-ကော့ကရိတ်လမ်း စီမံကိန်းလုပ်ငန်း စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိ ရာ Project Management Unit မှ အင်ဂျင်နီယာချုပ် ဦးအောင်မျိုးဦးက အကျဉ်းချုပ်ရှင်းလင်းပြီး တာဝန်ရှိသူ များက စီမံကိန်းဆိုင်ရာ အချက် အလက်များ၊ လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများ၊ ကြုံတွေ့ရ သော အခက်အခဲများကို ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်း ဆောင်ရွက်ချက်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိရန် Road Furniture နှင့် အပြီးသတ်လုပ်ငန်းများ၊ Road Safety အတွက် သေချာစွာ ဆောင်ရွက်သွားရန် မှာကြားပြီး အိန္ဒူ-ကော့ကရိတ်လမ်းအား ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၃၈ ကီလိုမီတာအနီး Improved Subgrade ကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို လည်းကောင်း၊ ၅၆ ကီလိုမီတာအနီး ကတ္တရာ ကွန်ကရစ် Wear Course ခင်းနေမှု ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကတ္တရာခင်းရာတွင် လမ်းအကွေ့များ ၌ Superelevation မှန်အောင် ဆောင်ရွက်သွားရန်မှာကြားသည်။

အိန္ဒူ-ကော့ကရိတ်လမ်းစီမံကိန်း သည် အိန္ဒူမှ ကော့ကရိတ်အထိ ၆၄ ဒသမ ၇၄ ကီလိုမီတာ အရှည်ရှိပြီး ၁၀ မီတာ အကျယ်နှစ်လမ်းသွား ကတ္တရာကွန်ကရစ်(AC) လမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိရာ ယခုအခါ ကတ္တရာကွန်ကရစ်လုပ်ငန်းမှာ ၈၉ ရာခိုင်နှုန်း၊ Box Culvert ၈၆ စင်း တည်ဆောက်ခြင်းလုပ်ငန်းမှာ ၉၈ ရာခိုင်နှုန်း၊ Pipe Culvert ၁၄ စင်း တည်ဆောက်ခြင်း ၈၆ ရာခိုင်နှုန်းနှင့် တံတား ၁၈ စင်း တည်ဆောက်ခြင်း ၁၀၀ ရာခိုင်နှုန်းပြီးစီး၍ မြေသား လုပ်ငန်းမှာ လေးကီလိုမီတာ ကျန်ရှိရာ စီမံကိန်းတစ်ခုလုံး၏ ၈၄ ဒသမ ၃၇ ရာခိုင်နှုန်း ပြီးစီးပြီကြောင်း၊ စီမံကိန်း လုပ်ငန်းများကို ADB ချေးငွေ၊ အမေရိ ကန်ဒေါ်လာ ၅၉ ဒသမ ၃၇ သန်းဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် မေလကုန်တွင် ၁၀၀ ရာခိုင် နှုန်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အဆိုပါလမ်းပေါ်တွင် JICA ODA ချေးငွေဖြင့် တည်ဆောက်နေသော ဂျိုင်း(ကော့ကရိတ်) တံတားသစ် စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲ မြင့်က တံတားနှင့်ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းခဲ့ပြီး တာဝန်ရှိ သူများက တံတားဆိုင်ရာ အချက် အလက်များ၊ လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက တံတားသည် နည်းပညာအဆင့်မြင့် တည်ဆောက် သော တံတားဖြစ်၍ နည်းပညာ လွှဲပြောင်းရရှိရေး ဆောင်ရွက်သွားရန် ပြောကြားပြီး စီမံကိန်းလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဂျိုင်း(ကော့ကရိတ်)တံတား သစ်သည် အရှည်မီတာ ၅၈၀၊ အကျယ် ၂၂ ဒသမ ၆၉ မီတာ၊ လေးလမ်းသွား တံတားဖြစ်ပြီး ပင်မတံတားမှာ သုံးခန်း တွဲ ကြိုးတင်အားဖြည့် သံကူ ကွန်ကရစ် ကြိုးဆိုင်းတံတား (Extra-dosed Bridge) အမျိုးအစားဖြစ် ကြောင်း၊ တံတားတည်ဆောက်မှု ၃၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

■ **နောင်ချိုမှ**

နောင်ချိုမြို့ရှိတိမ်ပင်လယ်သို့ ပြင်ဦးလွင်မြို့မှ သွားမည်ဆိုလျှင် ပြင်ဦးလွင်မှ နောင်ချိုမြို့တွင်း မီးပွိုင့်ထိ သွားရမည်ဖြစ်ပြီး မီးပွိုင့်မှ ညာဘက်ကတ္တရာလမ်း နောင်ချို-ရပ်စောက်လမ်းအတိုင်း နာရီဝက်ခန့်အကြာတွင် သရက်ကုန်းရွာ ရောက်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း ဆက်၍လာလျှင် နောင်ချိုကြီးကျေးရွာမှ တိမ်ပင်လယ်ညအိပ်စခန်းများအထိ လမ်းညွှန်ပြသထားကြောင်း၊ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ထားသော ကြောင့် တောင်ပေါ်အထိအရောက် သွားလာရလွယ်ကူကြောင်း တိမ်ပင်လယ် ညအိပ်စခန်းဖွင့်လှစ်ထားသူ cloudy villa မှ မယုန္တာမှိုင်းက ပြောသည်။

**ပြင်ဆင်ထား**

"နောင်ချိုမြို့အနီးကဧည့်သည်တွေကိုပဲ ကျန်းမာရေးထောက်ခံချက်ပါရင် ကျန်းမာရေးလမ်းညွှန်ချက်တွေနဲ့အညီ လာရောက်ကြည့်ရှုခွင့်ပြုပါတယ်။ မန္တလေးတိုင်းဒေသကြီးက ဧည့်သည်တွေအတွက်ကတော့ ခရီးသွားလာခွင့်ရတဲ့ အချိန်၊ ကျန်းမာရေးစစ်ဆေးရေးဂိတ်တွေ ဖြတ်သန်းသွားလာခွင့်ရရှိချိန်မှသာ တည်းခိုခွင့်ပြုလို့ရမှာပါ။ ဖွင့်ခွင့်ရမယ့်ကာလအတွက်လည်း တဲအိမ်တွေကို တစ်ခု နဲ့တစ်ခု ပေ၂၀ အကွာထားပေးပါတယ်၊ တဲအိမ်တစ်ခုမှာ လေးယောက်ကနေ ရှစ်ယောက်၊ ၁၂ ယောက်အထိ တည်းနိုင်ပြီး ရေချိုးခန်းအိမ်သာတွဲလျက် ပါပါတယ်။ မနက်ခင်းစာ ကောက်ညှင်းပေါင်း၊ အကြော်လည်း တစ်ခါထဲပါပြီးသားပါ။ ၁၂ ယောက်ဆံ့ တဲအိမ် ငါးလုံး၊ လေးယောက်ဆံ့ ငါးလုံးနဲ့ tent များကို ပြင်ဆင် ထားပြီး စုစုပေါင်း လူဦးရေ ၂၀၀ ဝန်းကျင်အတွက် ကြိုတင်ပြင်ဆင်ထားပါတယ်။ အရင်ကားဟောင်းတွေကို တစ်ဖန်ဆန်းသစ်ပြီးတော့ အိမ်အဖြစ်တည်းလို့ရအောင် ပြင်ဆင်ထားပါတယ်"ဟု ၎င်းက ပြောသည်။

**မြတ်ဆုမွန်**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း( ၂၀၂၁ - ၂၀၃၀ )ရေးဆွဲခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ Public-Private Partnership နှင့် သက်ဆိုင်သောပုဂ္ဂိုလ်များနှင့် ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၈**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan – NESP) (2021–2030) ရေးဆွဲရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ Public–Private Partnership နှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**ပါဝင်ဆွေးနွေး**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ အွန်လိုင်းဖြင့် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုသည် ပညာရေးအရည်အသွေးအတွက် အရေးကြီးပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) သည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ၏ အဆက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD – Organisation for Economic Cooperation and Development) ၏ Future of Education and Skills 2030, OECD Learning Compass 2030 အစီရင်ခံစာ၊ ကမ္ဘာ့ဘဏ်၊ ယူနက်စကိုအစီရင်ခံစာတို့နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရပါကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးနှင့် စက်မှုလက်မှုလုပ်ငန်းများမှာ ယှဉ်တွဲလျက်ရှိပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် နှစ်ပေါင်းများစွာ အားနည်းခဲ့သဖြင့် အရည်အသွေးရှိသော ပညာရေးကိုဦးတည်၍ မည်သည့်ခွဲခြားမှုမျှမရှိဘဲ သင်ယူမှုအခွင့်အလမ်းရရှိပြီး ကျောင်းသား ကျောင်းသူများနှင့် သင်ယူသူများကို တစ်သက်တာသင်ယူမှု အခွင့်အလမ်းများရရှိစေရန်၊ လူသားကောင်းစိတ်ဓာတ်ရှိမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တာဝန်ယူမှု တာဝန်ခံတတ်မှုနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုများ ရှိအောင် ဦးတည်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းစနစ်တို့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး သုတေသနလုပ်ငန်းများကိုလည်း အားပေးခဲ့ပါကြောင်း၊ ကျောင်း–စက်မှုလုပ်ငန်းနှင့် အများပြည်သူ –ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ဆက်ဆံပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အလေးပေးဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားဒေသများအား နည်းပညာ၊ ကွန်ပျူတာပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ လက်တွေ့ခန်းသုံးပစ္စည်းများကို နှစ်စဉ်ဦးစားပေးပံ့ပိုးပေးခဲ့သော်လည်း သန့်စင်ခန်းများ၊ သောက်ရေသုံးရေများ၊ အခြေခံအဆောက်အအုံများ၊ ဆရာများ ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိနေပါကြောင်း၊ နှစ်စဉ်ပညာရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲနေသည့်အတွက် ပညာရေးဝန်ကြီးဌာနသည် မည်သည့်ပေးခြင်း/ယူခြင်းကိုမျှ လုံးဝခွင့်မပြုပါကြောင်း၊ အုပ်စုဖွဲ့၍ ကြီးနိုင်ငယ်ညှဉ်းဆောင်ရွက်ခြင်းနှင့် ဘက်လိုက်ခြင်းများကို လုံးဝခွင့်မပြုပါကြောင်း၊ အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသော ဆန္ဒ၊ ဝီရိယ၊ တည်ငြိမ်မှုနှင့် ပညာဆိုသည်မှာ အင်မတန်အရေးကြီးပါကြောင်း၊ ရိုးသားမှု၊ ကြိုးစားမှု၊ တည်ငြိမ်မှုဖြင့် တစ်သက်တာသင်ယူလိုစိတ်ရှိစေရန် အခြေခံပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်္ဂလိပ်စာနှင့် အိုင်စီတီတတ်မြောက်မှုသည် သင်ယူရေးတွင် အရေးကြီးပါကြောင်း၊

**တစ်သက်တာသင်ယူနိုင်**

အရည်အသွေးရှိသည့် ပညာရေးကို အကောင်အထည်ဖော်ရာတွင် မူဝါဒ၊ စံသတ်မှတ်ချက်များ သေသေချာချာချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမျိုးသားပညာအရည်အချင်းမူဘောင်အရ မူလတန်းပြီးပါက Level–1 အဆင့်ဖြစ်၍ ရေးတတ်၊ ဖတ်တတ်၊ တွက်တတ်မည်ဖြစ်ကြောင်းနှင့် ကျန်းမာ၍ အာဟာရပြည့်ဝပါက အရည်အသွေးရှိသော ပညာရေးကို တစ်သက်တာသင်ယူနိုင်ပါကြောင်း၊ အခြေခံပညာသင်ယူသူတိုင်းကို အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်စေလိုပါကြောင်း၊ ယင်းမှာ SDG တွင် အရေးပါသော အညွှန်းကိန်းတစ်ခုဖြစ်ပြီး သတ်မှတ်အညွှန်းကိန်းပြည့်မီရန် အရေးကြီးပါကြောင်း၊ Level 1 မှ Level 8 အထိ မှန်မှန်ကန်ကန် သတ်မှတ်ရန်လိုပါကြောင်း၊ အလယ်တန်းပြီးပါက Level–2 ဖြစ်ပါကြောင်း၊ အထက်တန်းပြီးပါကလည်း Level–3 ပြီးခြင်းဖြစ်ပါကြောင်း၊ Level–3 ပြီးသည့်အခါတွင် Level–4 မှာ တစ်နှစ်နှင့် တစ်နှစ်တာအတွင်း သင်ယူရသည့် Short Cycle ကာလတို Certificate သင်တန်းများဖြစ်ပြီး ယင်းအဆင့်၌ တက္ကသိုလ်သို့ တိုက်ရိုက်တက်ရောက်ခွင့်မရှိသေးပါကြောင်း၊ Level–5 သည် တစ်နှစ် သို့မဟုတ် နှစ်နှစ်အထိတက်ရသည့် ဒီပလိုမာသင်တန်းများ သို့မဟုတ် အဆင့်မြင့်ဒီပလိုမာသင်တန်းများဖြစ်ပါကြောင်း၊ Level–6 သည် ရိုးရိုးဘွဲ့ဖြစ်ပါကြောင်း၊ Level–7 သည် မဟာဘွဲ့ ဖြစ်ပါကြောင်း၊ Level–8 သည် ပါရဂူဘွဲ့ဖြစ်ပါကြောင်း၊ Level–3 ပြီးပါက Level–4 နှင့် Level–5 ကို ခုန်ပြီး Level–6 ကို တိုက်ရိုက်ဝင်ရောက်နိုင်ရန်အတွက် နိုင်ငံအသီးသီးရှိ စနစ်များကို လေ့လာပါက အင်္ဂလန်တွင် GCE A ဖြစ်ပါကြောင်း၊ USA တွင် SAT ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံများတွင် National Exam ဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံတွင် Cambridge ၏ GCE A ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြစ်ပါကြောင်းနှင့် Level 6 အဆင့်သို့ တိုက်ရိုက်တက်ရောက်နိုင်ရန် အားလုံးအတွက် မျှတသည့် အရည်အချင်းစစ်ဆေးအကဲဖြတ်မှုဖြစ်ပါကြောင်း၊ စာမေးပွဲရလဒ်တစ်ခုတည်း မဟုတ်ဘဲ Social Skill ၊ Personal Skill များကိုပါ စစ်ဆေးအကဲဖြတ်နိုင်ပါက ပိုမိုကောင်းမွန်ပါကြောင်း၊ Level–4 နှင့် Level–5 များကို နည်းပညာနှင့် သက်မွေးပညာကဏ္ဍနှင့် Open University များတွင် တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်သက်တာသင်ယူမှု အခွင့်အလမ်းများကို အများပြည်သူပိုင် ကျောင်းများနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကပိုင်ကျောင်းများနှင့် အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲနေသော နည်းပညာများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရည်အသွေးရှိ ထုတ်ကုန်များ၊ အရည်အသွေးရှိဝန်ဆောင်မှုများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် High Level Skill ရှိရန် လိုအပ်ကြောင်း၊ သို့မှသာ အလုပ်အကိုင်ကောင်းများ ရရှိမည်ဖြစ်ပြီး ဝင်ငွေမညီမျှမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ High Level Skill ရရှိရန် အရည်အသွေးရှိသော ပညာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူတိုင်းသည် လုပ်ငန်းခွင်မဝင်ခင်၌ Job Training ရှိရန် လိုအပ်ပါကြောင်းနှင့် သီအိုရီ၊ လက်တွေ့နှင့် လုပ်ငန်းခွင်အတွေ့အကြုံများ ပေါင်းစပ်ပြီး လုပ်ငန်းခွင်တွင် ကျွမ်းကျင်မှုရှိစေရေးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ ထူထောင်၍ ကျောင်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာနှင့် သုတေသနလုပ်ငန်းများကိုပါ လုပ်ဆောင်ပြီး မိမိလုပ်ငန်းအတွက် လိုအပ်သည့် ကျွမ်းကျင်မှုများရရှိအောင် တစ်သက်တာပေါင်းစပ်သင်ယူမှု အခွင့်အလမ်းများ ဖော်ဆောင်လုပ်ဆောင်ပေးရမည့် အချိန်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်မဝင်မီ အသိပညာနှင့် အတွေ့အကြုံများကို မျှဝေပေးရန် လိုအပ်ပါကြောင်း၊ ပြောင်းလဲတိုးတက်နေသော နည်းပညာများနှင့်အညီ လုပ်ငန်းခွင်ဝင်ရောက်သူများကို Reskilling, Upskilling များနှင့် Continuous Professional Development ရရန် အတွက် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍတို့က ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

အခြေခံသုတေသန၊ အသုံးချသုတေသန၊ အများပြည်သူ–ပုဂ္ဂလိကကဏ္ဍ၊ တက္ကသိုလ်–စက်မှုလုပ်ငန်း မိတ်ဖက်ဆက်ဆံခြင်း၊ နည်းပညာလွှဲပြောင်းမှုများနှင့် ဉာဏမူပိုင်ခွင့်များမှာ အရေးကြီးလာပါကြောင်း၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုတွင် High–Tech Learning နှင့် High–Touch Learning တို့ကို ပေါင်းစပ်၍ ပေါင်းစပ်သင်ယူမှု (Blended Learning) သည် အရေးကြီးပါကြောင်း၊ NQF မှ သတ်မှတ်ထားသော Level များကို လူတိုင်းမှန်ကန်စွာရွေးချယ်နိုင်ရေး ပညာရေးဝန်ကြီးဌာနက ရှင်းပြရန် တာဝန်ရှိပါကြောင်း၊ NQF အရ Level များကို တစ်ခုနှင့်တစ်ခု ကူးပြောင်းသင်ယူနိုင်သဖြင့် Credit Transfer System က အရေးကြီးပါကြောင်းနှင့် ထိုသို့သင်ယူနိုင်ရန် အရည်အသွေးအာမခံမှုနှင့် အသိအမှတ်ပြုမှုမှာ အရေးကြီးပါကြောင်း၊ မိမိတို့ကျောင်း/အဖွဲ့အစည်းများမှ မွေးထုတ်သည့် လူငယ်များ အလုပ်အကိုင်ကောင်းများရရှိရန် ပြည်တွင်း ပြည်ပ အရည်အသွေးအာမခံသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရည်အသွေးရှိပညာရေးကို အာမခံရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် အရည်အချင်းများဖြစ်သော အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှု၊ သဘောထားအမြင်များ၊ တန်ဖိုးထားမှုများ၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု၊ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုနှင့် တစ်ပါးသူကို စာနာပေးနိုင်မှုတို့ကို ရရှိနိုင်မည်ဖြစ်ကြောင်း။

NESP 2 သည် အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် တိုင်းရင်းသားလူငယ်များအားလုံး၏ ကျွမ်းကျင်မှုအရည်အသွေးများကို မြှင့်တင်ဆောင်ရွက်ပေးမည့် မဟာဗျူဟာစီမံကိန်းဖြစ်ပါကြောင်း၊ ဘေးကင်းလုံခြုံ၍ ကျန်းမာပျော်ရွှင်သည့် အရည်အသွေးရှိသော ပညာရေးစနစ် ဖော်ဆောင်ရန် အရေးကြီးပါကြောင်း၊ ယနေ့ညှိနှိုင်းအစည်းအဝေးသည် တန်ဖိုးရှိသော ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး အကြံဉာဏ်များ၊ ဆွေးနွေးချက်များကို ပညာရေးဝန်ကြီးဌာနသို့ ပေးပို့ပြီး သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများကလည်း ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်း၊ ဆွေးနွေး၊ အကြံပြုခဲ့ကြသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀)တွင် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၁၆–၂၀၂၁) ၏ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကဏ္ဍ၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀) ရည်မှန်းချက်ပန်းတိုင်များကဏ္ဍ၊ စီးပွားရေးတိုးတက်မှုအတွက်ပညာရေး (၂၀၃၀) ကဏ္ဍ၊ အခြေခံပညာရေးကဏ္ဍ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အရည်အသွေးမြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုကဏ္ဍတို့ကို ထည့်သွင်းရေးဆွဲထားပြီး အခြေခံပညာ၊ နည်းပညာ၊ သက်မွေးပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအသီးသီးတွင် ကျောင်းဝင်ခွင့်အခွင့်အလမ်း၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု၊ စစ်ဆေးအကဲဖြတ်မှု၊ စီမံခန့်ခွဲမှုနှင့်အရည်အသွေးအာမခံမှု၊ ဘဏ္ဍာငွေ၊ နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး စသည့် ခေါင်းစဉ်များဖြင့် ထည့်သွင်းရေးဆွဲလျက် အရည်အသွေးရှိသောပညာရေးကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ပွဲ ကျင်းပ



**ညောင်တုန်း ဒီဇင်ဘာ ၂၈**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် ရတနာစုကုမ္ပဏီတို့၏ ရေနံဓာတ်ငွေ့ရည်လုပ်ငန်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်အရ ညောင်တုန်းမြို့နယ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်တွင် အမှတ် (၂) ရေနံဓာတ်ငွေ့စက်ရုံ (ညောင်တုန်း) ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အမှတ် (၂) ရေနံဓာတ်ငွေ့ရည်စက်ရုံမှ စက်ရုံမှူး ဦးအောင်စိုးနိုင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် ရတနာစုကုမ္ပဏီတို့သည် ရေနံဓာတ်ငွေ့ရည်လုပ်ငန်းကို နှစ်ရှည်ငှားရမ်း၍ အကျိုးအမြတ်ခွဲဝေသောစနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပြီး နှစ်စဉ်ရရှိသည့် အကျိုးအမြတ်၏ တစ်ရာခိုင်နှုန်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုရန်အတွက် ရန်ပုံငွေပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးလှိုင်ဦးနှင့် အမှတ် (၂) ရေနံဓာတ်ငွေ့ရည်စက်ရုံမှ စက်ရုံမှူး ဦးအောင်စိုးနိုင်တို့က ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၂၃၅၁၀၀၀ ကို ပေးအပ်ရာ ကညင်ကောက်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်နှင့် ကျေးရွာအဖွဲ့ဝင်များက လက်ခံရယူသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ချောင်းဖျားကြီး–ဝါးကုန်းကျေးရွာချင်းဆက်လမ်းအရှည် ပေ ၅၆၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မဒု ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၉၈၉၀၀၀၀၊ ရိုးကြီး–ဆင်ကူး–ဝါးကုန်းအသင်း ကျေးရွာချင်းဆက်လမ်း အရှည်ပေ ၅၆၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မဒု ကွန်ကရစ်လမ်းခင်းခြင်းအတွက် ငွေကျပ် ၉၈၉၀၀၀၀ နှင့် ရိုးကြီးကျေးရွာ ကျေးလက်ဆေးပေးခန်း ခြံစည်းရိုးကာရံခြင်း အရှည်ပေ ၄၀၀ အတွက် ငွေကျပ် ၂၅၇၁၀၀၀ တို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ထောက်ပံ့ရေးနှင့် အသုံးစရိတ်ဥပဒေကြမ်းကို သမ္မတထရမ့် လက်မှတ်ရေးထိုး



**ဖလော်ရီဒါ ဒီဇင်ဘာ ၂၈**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကိုဗစ်-၁၉ ထောက်ပံ့ရေးနှင့် အသုံးစရိတ်ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခဲ့သည့်အတွက် အဆိုပါ ဥပဒေကြမ်းမှာ ဥပဒေအဖြစ် အသက်ဝင်လာပြီဖြစ်သည်။

ဥပဒေအသက်ဝင်လာပြီဖြစ်သောကြောင့် ဝင်ငွေနည်းမိသားစုများနှင့် ကပ်ရောဂါကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသူများမှာ အာမခံ ခံစားခွင့်များ ပြန်လည်ရရှိလာတော့မည်ဖြစ်သည်။ အဆိုပါ ဥပဒေအရ တစ်နှစ်ဝင်ငွေ ကန်ဒေါ်လာ ၇၅၀၀၀ အောက် ရရှိသူများကို ဒေါ်လာ ၆၀၀ ထောက်ပံ့ပေးမည်ဖြစ်ပြီး အလုပ်လက်မဲ့ဖြစ်ခဲ့ရသူများကို ရက်သတ္တပတ်လျှင် ဒေါ်လာ ၃၀၀ ပေးအပ်သွားမည်ဖြစ်သည့်အပြင် လုပ်ငန်းရှင်များအတွက် သီးခြားထောက်ပံ့ပေးရေးအစီအစဉ်လည်း ပါဝင်သည်။

ဥပဒေပြုလွှတ်တော်က ယင်းဥပဒေကို အတည်ပြုရန် ကြန့်ကြာနေခဲ့ပြီးနောက် သမ္မတ ထရမ့်ကလည်း လက်မှတ်ရေးထိုးရန် ထပ်မံ ငြင်းဆိုခဲ့သည်။ သို့ရာတွင် သမ္မတ ထရမ့်က ဖလော်ရီဒါ၌ ရောက်ရှိနေစဉ် ယမန်နေ့က ကိုဗစ်-၁၉ ထောက်ပံ့ရေးနှင့်အစိုးရဥပဒေကြမ်းနှစ်ရပ်လုံးကို ရုတ်တရက် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ သမ္မတထရမ့်အနေဖြင့် အဘယ်ကြောင့် လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ချက်ပြောင်းခဲ့သလဲ ဆိုသည်ကို ရှင်းရှင်းလင်းလင်းမပြောကြားခဲ့ဘဲ ဥပဒေပြုအမတ်များက မလိုလားအပ်သည့် ဥပဒေကြမ်း၏ အစိတ်အပိုင်းတချို့ကို ဖယ်ရှားပစ်ခဲ့ပြီးဖြစ်ကြောင်းသာ ပြောကြားသည်။

**လက်မှတ်ရေးထိုးရန် ပန်ကြား**

ဘတ်ဂျက်အသုံးစရိတ် သတ်မှတ်ရက်မှာ ယနေ့သန်းခေါင်ယံအချိန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ဒီမိုကရက်နှင့် ရီပတ်ဘလီကန်ဥပဒေပြုအမတ်များအားလုံးက အစိုးရအေဂျင်စီများ ပိတ်သိမ်းမှုအရေး ရှောင်လွှဲနိုင်ရန် သမ္မတ ထရမ့်အား လက်မှတ်ရေးထိုးရန် ပန်ကြားခဲ့ကြောင်း သတင်းရင်းမြစ်များ၏ အဆိုအရ သိရသည်။ အမေရိကန်ဒေါ်လာ ၉၀၀ ဘီလီယံ ကိုဗစ်ထောက်ပံ့ရေးအစီအစဉ်မှာ ကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံ အသုံးစရိတ်အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကာ ယင်းအနက် ၁ ဒသမ ၄ ထရီလီယံမှာ အစိုးရ၏ ပုံမှန်အသုံးစရိတ်ဖြစ်သည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - မေလှဲ့သင်း**

# အပြည်ပြည်ဆိုင်ရာ ကပ်ရောဂါပြင်ဆင်ဆောင်ရွက်ရေးနေ့ ကုလသမဂ္ဂ ကျင်းပ

**ကုလသမဂ္ဂ ဒီဇင်ဘာ ၂၈**
ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါမှတစ်ဆင့် နိုင်ငံများအားလုံးအနေဖြင့် ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေများတွင် လိုက်နာကျင့်သုံးရမည့် အချက်များကို အသိပညာများရယူနိုင်စေရန်နှင့် အနာဂတ်ကာလကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ကပ်ရောဂါပြင်ဆင်ဆောင်ရွက်ရေးနေ့ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ယမန်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂ၌ ကျင်းပခဲ့သည်။

လက်ရှိကြုံတွေ့နေရသည့် ကပ်ရောဂါထိန်းချုပ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မိမိတို့အနေဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က ပြောကြားသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်များနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုစနစ်များ လိုအပ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ရှေ့တန်းမှဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအား ပံ့ပိုးကူညီရန်နှင့် နိုင်ငံများအချင်းချင်း ကျန်းမာရေးဆိုင်ရာနည်းပညာများ ဖလှယ်ရန် ဂူတာရက်စ်က ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် သိပ္ပံပညာသည် မိမိတို့အတွက် ရှေ့ဆောင်လမ်းပြသည့် အရာဖြစ်လာပြီး နိုင်ငံများအချင်းချင်းအကြားတွင် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ အရေးကြီးလိုအပ်သော အချက်များဖြစ်လာကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၊ ကျန်းမာရေးလုပ်သားများအား ဂုဏ်ပြုပါကြောင်းနှင့် ယခုကပ်ရောဂါ ပြန်လည် တည်ငြိမ်လာသည့်အချိန်တွင် ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားခြင်းဖြင့် နောက်တစ်ကြိမ် ကပ်ရောဂါဖြစ်ပေါ်လာမည်ဆိုပါက အသင့်ပြင်ဆင်ထားရာရောက်မည်ဖြစ်ကြောင်း ဂူတာရက်စ်က ဆက်လက်ပြောကြားသည်။

(၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ သဘာပတိဖြစ်သူ ဗော်ကန်ဘော်စကီးကလည်း မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားပါက လူ့အသက်ပေါင်းများစွာကို ကယ်တင်ရာရောက်သကဲ့သို့ ကူးစက်ရောဂါများကိုလည်း ကပ်ရောဂါအဆင့်သို့ မရောက်ရှိစေရေးကာကွယ်ရာရောက်ကြောင်း ပြောကြားသည်။ ဗော်ကန်ဘော်စကီးက ဆေးသိပ္ပံပညာကို ယုံကြည်ရန်နှင့် စည်းလုံးညီညွတ်ကြရန် တိုက်တွန်းခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂီဘရီယီးဆပ်က ကမ္ဘာ့နိုင်ငံများအနေဖြင့် ကျန်းမာရေးဆိုင်ရာအရေးပေါ် အခြေအနေများ ဖြစ်ပွားခြင်းမှ ကာကွယ်တားဆီးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရန်နှင့် နိုင်ငံအသီးသီးရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ခိုင်မာတောင့်တင်းစေရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း အလေးထားပြောကြားခဲ့သည်။ အပြည်ပြည်ဆိုင်ရာကပ်ရောဂါ ပြင်ဆင်ဆောင်ရွက်ရေးနေ့ကို ပြင်သစ်ဓာတုဗေဒနှင့် အဏုဇီဝပညာရှင်ဖြစ်သူ လူးဝစ်ပါစတာ၏ မွေးနေ့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ကမ္ဘာပေါ်တွင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သူဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**





# အင်ဒိုနီးရှားနိုင်ငံက ပြည်ပနိုင်ငံသားများ ဝင်ရောက်မှု ယာယီပိတ်ထားရန် ကြေညာ

**ဂျကာတာ ဒီဇင်ဘာ ၂၈**
အင်ဒိုနီးရှားအစိုးရသည် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်တစ်မျိုး ပေါ်ပေါက်လာမှုကြောင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ၁၄ ရက်ကြာ နိုင်ငံအားလုံးမှ ပြည်ပနိုင်ငံသားများ ဝင်ရောက်မှုကို ယာယီပိတ်ထားရန် ယနေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ဆက်လက်ဖြစ်ပွားမှုကို တားဆီးကာကွယ်ရန်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကင်းလွတ်ခွင့်ရရှိထားသည့် ဝန်ကြီးများအဆင့်နှင့် အထက်ရှိသည့် ပြည်ပနိုင်ငံများမှ အစိုးရတာဝန်ရှိသူများသည်လည်း တင်းကျပ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်မည်ဖြစ်ကြောင်း ယနေ့ ပြုလုပ်သည့် အွန်လိုင်းသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရက်နိုမာဆူဒီက ပြောကြားခဲ့သည်။

သို့ရာတွင် ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာသည့် ပြည်ပနိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာနိုင်ငံတွင် စစ်ဆေးခဲ့သည့် ကိုဗစ်-၁၉ ရောဂါမရှိကြောင်း ထောက်ခံချက်ကို ပြသနိုင်ပါက နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းလည်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါမရှိကြောင်းထောက်ခံချက်ကို ပြသနိုင်သည့် ပြည်ပနိုင်ငံသားများအနေဖြင့် ငါးရက်ကြာ သီးသန့်ခွဲခြားနေထိုင်ရန် လိုအပ်မည်ဖြစ်ပြီး ယင်းသို့သီးသန့်ခွဲခြားနေထိုင်ပြီးပါက ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ထပ်မံစစ်ဆေးခံရမည်ဖြစ်သည်။ ထိုသို့ နှစ်ကြိမ်စလုံးတွင် ကိုဗစ်-၁၉ ရောဂါမရှိမှသာ ၎င်းတို့အား အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ဆက်လက်သွားလာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဩစတြေးလျနိုင်ငံက ၂၀၂၁ ခုနှစ် အောက်တိုဘာလကုန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပြည့်အဝထိုးနှံပေးနိုင်မည်ဟု မျှော်မှန်း

**ကင်ဘာရာ ဒီဇင်ဘာ ၂၈**
ဩစတြေးလျနိုင်ငံ၌ ၂၀၂၁ ခုနှစ် အောက်တိုဘာလကုန်ပိုင်းတွင် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးနိုင်မည်ဟု မျှော်မှန်းထားကြောင်း ဩစတြေးလျကျန်းမာရေးဝန်ကြီး ဂရက်ဟွန့်က ယနေ့ ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းလည်း ဂရက်ဟွန့်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စီစဉ်ထားသည့်အချိန်ထက်စော၍ ဖြန့်ဖြူးနိုင်ခြင်း ရှိ၊ မရှိဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ဂရက်ဟွန့်က ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် ယနေ့ မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၃၃၇ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ပြည်တွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ငါးဦးနှင့် ပြည်ပမှ ပြန်လာသူများအနက်မှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉ ဦးရှိကြောင်းလည်း ဩစတြေးလျကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ရုရှားသတ္တုတွင်းတစ်ခုတွင်း ဘားရင့်ပင်လယ်ပြင်အတွင်း နစ်မြုပ်ရာ အမှုထမ်း ၁၇ ဦး ပျောက်ဆုံး

**မော်စကို ဒီဇင်ဘာ ၂၈**
ရုရှားနိုင်ငံမှ အိုနီဂါသင်္ဘောမှာ နိုဗာယာဇမ်ယာကျွန်းစုအနီး ဘားရင့်ပင်လယ်ပြင်အတွင်း နစ်မြုပ်ခဲ့ကြောင်း အရေးပေါ်အခြေအနေဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

သင်္ဘောအမှုထမ်း ၁၉ ဦးအနက် နှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ယနေ့ ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောသည်။ ရုရှားနိုင်ငံမြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် အဆိုပါသင်္ဘောနစ်မြုပ်မှုမှာ ရေခဲပြင်တိုက်မိမှုကြောင့်ဟု ကနဦး ခန့်မှန်းချက်များအရ သိရသည်။ ကယ်ဆယ်ရေးရေယာဉ် ငါးစင်းဖြင့် အသက်ရှင်သူများအား ရှာဖွေခဲ့သော်လည်း သင်္ဘောအမှုထမ်း ၁၉ ဦးအနက် နှစ်ဦးကိုသာ ကယ်ဆယ်နိုင်ခဲ့သည်ဟု အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

"သင်္ဘောပေါ်မှာ အမှုထမ်း ၁၉ ဦးပါရှိပြီး နှစ်ဦးကို ကယ်တင်နိုင်ခဲ့ပါတယ်" ဟု ယင်းဝန်ကြီးဌာနက ထုတ်ပြန်ချက်အတွင်း ပြောသည်။ ပျောက်ဆုံးနေသော သင်္ဘောအမှုထမ်း ၁၇ ဦး၏ အခြေအနေကို မသိရသေးဘဲ ၎င်းတို့အတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - စပွတ်နစ်၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ဗီဇပြောင်းဗိုင်းရပ်စ် တိုက်ဖျက်ရေး ဦးစားပေး ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါ ကတိပြု



**တိုကျို ဒီဇင်ဘာ ၂၈**
ဂျပန်အစိုးရအနေဖြင့် ဗီဇပြောင်းဗိုင်းရပ်စ် ပြန့်ပွားမှု တိုက်ဖျက်ရေးအတွက် တုံ့ပြန်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါက ယနေ့တွင် ကတိပြုပြောကြားသည်။

နိုင်ငံသားမဟုတ်သည့် ခရီးသွားများ ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့်ကို လုံးဝပိတ်ပစ်ခဲ့ပြီး ဂျပန်နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်လျက်ရှိကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ဗီဇပြောင်းဗိုင်းရပ်စ်သည် ကူးစက်မှုနှုန်း ပိုမိုလျင်မြန်သော်လည်း လိုက်နာရမည့် အခြေခံစည်းမျဉ်းများမှာ အလားတူပင်ဖြစ်သောကြောင့် လက်ကို စင်ကြယ်စွာဆေးကြောခြင်း၊ နှာခေါင်းစည်း ဝတ်ဆင်ခြင်းနှင့် ခပ်ခွာခွာနေခြင်း စသည့် စည်းမျဉ်းများကို ဆက်လက်အလေးထား လိုက်နာရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ပြည်သူများအနေဖြင့် နှစ်သစ်ကူးကာလကို ကိုဗစ်-၁၉ စည်းမျဉ်းများလိုက်နာပြီး ဖြတ်ကျော်ကြရေးမှာလည်း ကူးစက်မှုနှုန်း ထိန်းချုပ်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်အဖြစ် ဝန်ကြီးချုပ်က ရှုမြင်သည်။ ဆိုင်များနှင့် ဘားများ၏ ဖွင့်လှစ်ချိန် လျှော့ချရေးအတွက် ဥပဒေပိုင်းဆိုင်ရာ သုံးသပ်မှုများကို ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကာ ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် ဆုပေး၊ ဒဏ်ပေးနှစ်ရပ်လုံး ပါဝင်မည့် စည်းမျဉ်းသစ်များကို ယခင်စည်းမျဉ်းများနေရာတွင် အစားထိုးသွားမည်ဖြစ်သည်။ စည်းမျဉ်းပိုင်းဆိုင်ရာ ပြောင်းလဲရေးအတွက် ဥပဒေကြမ်းကို လွှတ်တော်သို့ အမြန်ဆုံးတင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-မေလွဲ့သင်း**




## အောက်စဖို့ဒ်နှင့် AstraZeneca တို့၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုမှုကို မကြာမီရက်ပိုင်းအတွင်း ဗြိတိန်နိုင်ငံ အတည်ပြုမည်

**လန်ဒန် ဒီဇင်ဘာ ၂၈**
ဗြိတိန်နိုင်ငံသည် အောက်စဖို့ဒ်တက္ကသိုလ်နှင့် AstraZeneca ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုကို မကြာမီရက်ပိုင်းအတွင်း အတည်ပြုပေးမည်ဖြစ်ကြောင်းနှင့် ဇန်နဝါရီလပထမပတ်အတွင်း ကာကွယ်ဆေးထိုးနှံပြီးသူအရေအတွက်သည်လည်း သိသိသာသာတိုးလာလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

အောက်စဖို့ဒ်တက္ကသိုလ်နှင့် AstraZeneca ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဈေးနှုန်းချိုသာသည့်အပြင် သိမ်းဆည်းရလွယ်ကူမှုကြောင့် ဗြိတိန်အစိုးရအနေဖြင့် ပြည်သူများအား ပိုမိုလွယ်ကူလျင်မြန်စွာ ကာကွယ်ဆေးထိုးပေးနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဗြိတိန်နိုင်ငံ၌ အသုံးပြုရန်အတွက် ယခုလအစောပိုင်းက အတည်ပြုထားပြီး အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ အနုတ် ၇၀ ဒီဂရီဆဲလ်စီးယပ်တွင် သိုလှောင်ထားရှိရမည်ဖြစ်သည့်အပြင် အသုံးမပြုမီကာလအတွင်း လေးကြိမ်သာ ရွှေ့ပြောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ လက်ရှိတွင် ပြည်သူ ခြောက်သိန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးထားပြီး ဖြစ်ကြောင်းနှင့် ယခုဒုတိယမြောက်အတည်ပြုမည့် အောက်စဖို့ဒ်တက္ကသိုလ်နှင့် AstraZeneca ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ကာကွယ်ဆေးထိုးနှံမှု အများအပြားပြုလုပ်နိုင်မည့် အစိုးရ၏ ရည်မှန်းချက်လည်း ပြည့်မီနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဖိုင်နန်ရှယ်တိုင်းမ်၊ ဘာသာပြန်-အလင်းသစ်**

## နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မဟာဗျူဟာနှင့်စပ်လျဉ်း၍ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ ကျွမ်းကျင်ကော်မတီ၏ ထောက်ခံချက်ကို စင်ကာပူအစိုးရလက်ခံ

**စင်ကာပူ ဒီဇင်ဘာ ၂၈**
စင်ကာပူနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုမဟာဗျူဟာနှင့် စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ ကျွမ်းကျင်ကော်မတီ၏ ထောက်ခံချက်ကို စင်ကာပူအစိုးရက အပြည့်အဝလက်ခံပါကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ၏ ကျန်းမာရေးလုပ်သားများအား ဒီဇင်ဘာ ၃၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် ယင်းကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အရ ကူးစက်ရောဂါဆိုင်ရာ အမျိုးသားစင်တာရှိ ကျန်းမာရေးဝန်ထမ်းများကို စတင် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် လာမည့်နှစ် ဖေဖော်ဝါရီလမှစ၍ အသက် ၇၀ နှင့်အထက် အသက်အရွယ်ရှိသူများအပါအဝင် အသက်အရွယ်ကြီးရင့်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတင်ထိုးနှံပေးရန် ရည်ရွယ်ထားကြောင်းလည်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ရေရှည်အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ကိုင်ဆောင်ထားသူများ အပါအဝင် စင်ကာပူနိုင်ငံ၌ ကာလရှည်နေထိုင်သူများနှင့် စင်ကာပူနိုင်ငံသားများအားလုံးအနေဖြင့် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အခမဲ့ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။
**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အလင်းသစ်**


## တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ်တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရေးအစီအစဉ်ကို အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ ပြောကြား

**ဆိုးလ် ဒီဇင်ဘာ ၂၈**
တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ် တွေ့ရှိမှုကို အတည်ပြုခဲ့ပြီးနောက် ချက်ချင်းဆိုသလို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရေး အစီအစဉ်ကို မူလသတ်မှတ်ထားသည်ထက် ဆောလျင်စွာ ဆောင်ရွက်သွားနိုင်ရေး အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ယနေ့တွင် ကတိပြု ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို ၂၀၂၁ ခုနှစ် ပထမသုံးလပတ်ရောက်မှသာ အစောဆုံး စတင်နိုင်မည်ဖြစ်ကြောင်း ကြေညာထားရာ ယင်းကိစ္စရပ်နှင့် စပ်လျဉ်း၍ အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ဝေဖန်မှုများ ကြုံတွေ့ရလျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူမှုနှင့် ထိုးနှံပေးရေးလုပ်ငန်းစဉ် နှစ်ရပ်စလုံးမှာ အမေရိကန်နှင့် အခြားဥရောပနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျနေသဖြင့် ဝေဖန်မှုများ ကြုံတွေ့နေရခြင်းဖြစ်သည်။

ယင်းသို့ နှောင့်နှေးနေရခြင်း၏ အဓိက အကြောင်းရင်းတစ်ရပ်မှာ သမ္မတ မွန်ဂျေအင်း၏ ခေါင်းဆောင်မှုပုံစံကြောင့်ဖြစ်ကြောင်းနှင့် သမ္မတသည် တင်ပြမှု၏ ၆၀ ရာခိုင်နှုန်းကို ပယ်ချခဲ့ကြောင်း ကိုရီးယားမီဒီယာများက အသားပေးဖော်ပြနေကြသည်။

ဆေးဝါးအတည်ပြုချက်ပေးရေးအတွက် ပုံမှန်အားဖြင့် ရက်ပေါင်း ၁၈၀ အချိန်ယူလေ့ရှိသော်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေး အတည်ပြုရေးကို ရက်ပေါင်း ၄၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစားအစာနှင့် ဆေးဝါးလုံခြုံရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ အလားတူပင် ကာကွယ်ဆေးဖြန့်ချိရေးနှင့် ရောင်းချရေးဆိုင်ရာ ထပ်တိုးအတည်ပြုချက်ပေးရန်အတွက် ယခင်ကလို လပေါင်းများစွာ အချိန်ယူ ဆောင်ရွက်တော့မည်မဟုတ်ဘဲ ရက်ပေါင်း ၂၀ ဝန်းကျင်သာ အချိန်ယူသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ဆက်လက်ပြောသည်။



ကာကွယ်ဆေး ထိုးနှံပေးရေးလုပ်ငန်းစဉ်ကို လျင်လျင်မြန်မြန်ပင် အကောင်အထည်ဖော်ရန် ပြင်ဆင်လာခြင်းသည် ကူးစက်မြန် ဗိုင်းရပ်စ်ပိုး စတင်တွေ့ရှိခဲ့ပြီးနောက် ပြောင်းလဲလာသည့် အစီအမံတစ်ရပ်ဖြစ်သည်။ ဒီဇင်ဘာ ၂၂ ရက်တွင် လန်ဒန်မှ ဆိုးလ်သို့ လာရောက်သူ သုံးဦးတွင် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံထားရသည်ကို တွေ့ရှိခဲ့ကြောင်း ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ ( KDCA) က ကြေညာခဲ့သည်။ သို့ရာတွင် ၎င်းတို့ကို ရောက်ရှိသည့်နေ့ စစ်ဆေးစဉ်ကတည်းက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည်ကို တွေ့ရှိခဲ့သဖြင့် သီးခြားခွဲနေထိုင်စေခဲ့ကာ ၎င်းတို့နှင့် ထိတွေ့သူမရှိခဲ့ကြောင်း KDCA၏ အဆိုအရ သိရသည်။

အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်မှာ ဗြိတိန်နိုင်ငံတွင် ယခုလအစောပိုင်းက စတင်ပျံ့နှံ့ခဲ့သဖြင့် တောင်ကိုရီးယားတာဝန်ရှိသူများက ဒီဇင်ဘာလအစောပိုင်းကာလအတွင်း ဗြိတိန်မှ တောင်ကိုရီးယားသို့ ဝင်ရောက်လာသူအားလုံးကိုလည်း ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်း ရှိ၊ မရှိ ဆိုသည်ကို စစ်ဆေးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ **ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-မေလွဲ့သင်း**

## AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးက ဗီဇပြောင်းဗိုင်းရပ်စ်ကို ထိရောက်စွာကာကွယ်နိုင်စွမ်းရှိမည်ဟု အမှုဆောင်ချုပ်ဆိုရီရော့ဒ် ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၈**
ယခုသီတင်းပတ်အတွင်း ဗြိတိန်တွင် အတည်ပြုမည့် AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ ကူးစက်မြန် ဗီဇပြောင်းဗိုင်းရပ်စ်ကို ထိရောက်စွာ ကာကွယ်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ဗြိတိန်နာမည်ကြီးဆေးဝါးကုမ္ပဏီ AstraZeneca ၏ အမှုဆောင်ချုပ် မစ္စတာ ပက်စကယ်ဆိုရီရော့ဒ်က ဆိုသည်။

"ဒီဆေးက ဗီဇပြောင်းဗိုင်းရပ်စ်အတွက်လည်း ထိရောက်မှုရှိမယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ဒါကို သေချာပါတယ်လို့ တပ်အပ်မပြောနိုင်သေးပါဘူး။ စမ်းသပ်မှုတွေ ထပ်ပြီး လုပ်ဆောင်ရဦးမှာပါ" ဟု ဆိုရီရော့ဒ်က ပြောသည်။

သို့ရာတွင် AstraZeneca အနေဖြင့် ဗိုင်းရပ်စ်ကို အနိုင်ရမည့် ဖော်မြူလာ ကောင်းကောင်းဖြင့် စီမံထုတ်လုပ်ထားသောကြောင့် မည်ကဲ့သို့သောပုဂ္ဂိုလ်ပင်ဖြစ်စေ ဆေးနှစ်လုံးထိုးပြီးချိန်၌ သေချာပေါက်ထိရောက်မှု ရရှိမည်ဖြစ်ကြောင်း ဆိုရီရော့ဒ်က အာမခံချက်ပေးခဲ့သည်။ ဗြိတိန်တွင် AstraZeneca ဆေးကို လာမည့် ဒီဇင်ဘာ ၃၁ ရက်တွင် အတည်ပြုမည်ဖြစ်သောကြောင့် Pfizer ဆေးပြီးနောက် ဒုတိယမြောက် အတည်ပြုမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်လာမည် ဖြစ်သည်။

အောက်စဖို့ဒ်တက္ကသိုလ်နှင့် AstraZeneca ဆေးကုမ္ပဏီတို့ ပူးပေါင်းစမ်းသပ်ထုတ်လုပ်ခဲ့သည့် အဆိုပါ AstraZeneca ကာကွယ်ဆေးမှာ ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ထိရောက်ကြောင်း နောက်ဆုံးအဆင့် စမ်းသပ်ချက်များအရ အတည်ပြုနိုင်ခဲ့သည်။
**ကိုးကား-အေအေက်ဖ်ပီ**
**ဘာသာပြန်-မေလွဲ့သင်း**

| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၈၁၂၁၇၃၂၅ | ဦး |
| သေဆုံးသူ | ၁၇၇၃၇၂၇ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၅၇၃၇၁၉၈၀ | ဦး |

# မြိတ်၊ တောင်ကြီး၊ ရွှေကူ၊ သီပေါမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**
မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၆ ရက် ည ၈ နာရီခွဲတွင် မြိတ်မြို့နယ် ရွာသစ်ကျေးရွာနေ မျိုးမြင့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၉ နာရီခွဲတွင် အေးသာယာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၉)ရပ်ကွက်ရှိ အောင်မျိုး(ခ)ဖိုးကူး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရဲမင်းသွေး(ခ)အီဗရာဟိန်းအားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၂၅၀ ကိုလည်းကောင်း။

အလားတူ ဒီဇင်ဘာ ၂၇ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရွှေကူမြို့နယ် ပူခိုင်ကျေးရွာသွားလမ်း ပူခိုင်တံတားအနီးတွင် ကျော်ဝင်းမောင်းနှင်ပြီး ကျုံးမောင်လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် ခိုလုံကျေးရွာ သီပေါ-နမ့်လန်သွားကားလမ်း၊ ခိုလုံတံတားအနီးတွင် မနန်းခမ်းမောဝ်း မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ဘုတ်ပြင်းမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထားဝယ် ဒီဇင်ဘာ ၂၈**
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဘုတ်ပြင်းမြို့မရဲစခန်းမှ ဒုရဲအုပ်မင်းလွင် ဦးစီးပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ ဘုတ်ပြင်းမြို့နယ် ကမာချောင်းကျေးရွာ ပြည်ထောင်စုလမ်းမကြီး၌ စောင့်ဆိုင်းနေစဉ် သီရိမြိုင်ကျေးရွာဘက်မှ ကမာချောင်းကျေးရွာဘက်သို့ ထွန်းနိုင်မောင်းနှင်ပြီး ဒေါ်ဌေးငယ် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၉၉၈ ပြား၊ မြန်မာငွေကျပ် ရှစ်သိန်း၊ လက်ကိုင်ဖုန်း တစ်လုံး တို့အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် စစ်ဆေးမေးမြန်းရာ သီရိမြိုင်ကျေးရွာနေ မပိုးဥထံမှ ဝယ်ယူခဲ့ကြောင်းသိရှိရ၍ ၎င်းအား နေအိမ်တွင် ထပ်မံဖမ်းဆီးရမိပြီး ထွန်းနိုင်ပါ သုံးဦးတို့အား ဘုတ်ပြင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကိုရဲ




# ပေါင်မြို့နယ်၌ ရေနွေးအိုးတည်ရာမှ နေအိမ်လေးလုံး မီးလောင်

**ပေါင် ဒီဇင်ဘာ ၂၈**
ပေါင်မြို့နယ် မုတ္တမကျေးရွာ ပုသိမ်ကွင်းရပ်ကွက် အမှတ် ၂၀ နယ်မြေ၌ နေအိမ်တစ်လုံး ဒီဇင်ဘာ ၂၇ ရက် ည ၈ နာရီခန့်က ထင်းမီးဖိုဖြင့် ရေနွေးအိုးတည်ရာမှ အနီးရှိထရံအား မီးကူးစက်ကာ နေအိမ်လေးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်ကွင်းရပ် အမှတ်(၂၀)နယ်မြေနေ ဒေါ်ချိုချိုခိုင်၏နေအိမ်တွင် မီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းအရ သထုံခရိုင် မီးသတ်စခန်း၊ မော်လမြိုင်မြို့နယ်မီးသတ်စခန်း၊ ပေါင်မြို့နယ်မီးသတ်စခန်းနှင့် လူမှုကူညီရေးအသင်းများမှ မီးငြှိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ မီးငြှိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိဘဲ နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်ချိုချိုခိုင်အား မုတ္တမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သရက်ချောင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေဆုံး

**သရက်ချောင်း ဒီဇင်ဘာ ၂၈**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပန်းတောရပ်ကွက် ထားဝယ်-မြိတ် ကားလမ်းမိုင်တိုင်အမှတ်(၁၇/၅)နှင့်( ၁၇/၆)အကြား၌ ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းက ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထားဝယ်မှ မြိတ်သို့ ယာဉ်မောင်း ဦးမင်းမင်း ထားဝယ်ကမ်းရပ်ကွက် မြိတ်မြို့နေသူ မောင်းနှင်လာသောဆိုင်ကယ်သည် မယုယုလွင် ပန်းတောရပ်ကွက် သရက်ချောင်းမြို့နယ်နေသူမောင်းနှင်ပြီး မောင်အောင်မျိုးထက် လိုက်ပါလာသည့် ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ရာ ဦးမင်းမင်းမှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးသွားခဲ့ပြီး မယုယုလွင်နှင့် မောင်အောင်မျိုးထက်တို့မှာ(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းမင်းအား သရက်ချောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သရက်ချောင်း(ပြန်/ဆက်)

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၁၆ ရက်မှ ၂၃ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကုတ်မြို့နယ် ဂျိတ်ခနဲချောင်းအတွင်းမှ တရားမဝင် ပိတောက်ခွဲသား ၄၇ တန်၊ ရမည်းသင်းမြို့နယ် ထုံကြီးတောင်ကြိုးပြင် အပတောအတွင်း မဟာချောင်းဘေးအနီး နေရာများ၌ တရားမဝင် ကညင်/စကားဝါ/ယမနေ/သစ်ရာ/ တောင်တမာသစ်/ ခွဲခြမ်း/ ခွဲသား ၃၅ တန်နှင့် ဂျင်ဒေါင်းအင်ဂျင်(၃၀) သုံးလုံးပါ သစ်စက်ဆက်စပ်ပစ္စည်းများ၊ တပ်ကုန်းမြို့နယ် ထုံးကြီးတောင်ကြိုးဝိုင်း အကွက်အမှတ်(၃၊ ၆)တို့အတွင်း တရားမဝင် သစ်ရာ/ အုံတုံ/ ကြွက်စာနီ/ ကညင်/ တောင်တမာ/ ထွဘုတ်/ သစ်ကဇော် သစ်/ ခွဲသား/ ခွဲခြမ်း ၃၂ တန်၊ ကလေးမြို့နယ် ဘုန်းကြိုးဝိုင်းအကွက်အမှတ် (၆၂)နှင့် မထုကြိုးဝိုင်းအကွက်အမှတ်(၂၉၊ ၅၆)တို့အတွင်း တရားမဝင် ကျွန်း/ ပျဉ်းကတိုး/ ယမနေ ခွဲသား ခုနစ်တန်၊ ဆိုင်ကယ် တစ်စီး၊ သစ်စက် ဆက်စပ်ပစ္စည်းများ၊ ကျွန်းလှမြို့နယ် ပြောင်သွယ်ကြိုးဝိုင်းအကွက်အမှတ်(၅၀)အတွင်း တရားမဝင် အင်သစ်/ခြမ်း ၁၈ တန်၊ ကနီမြို့နယ် မင်းအိုရွာ သောင်စပ် ချင်းတွင်းမြစ်ကမ်းဘေးမှ တရားမဝင် ကညင်သစ် ၂၆ တန်၊ စက်လှေတစ်စင်းနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။



ထို့ပြင် ရေဦး-ကလေးဝ ကားလမ်း မိုင်တိုင် အမှတ်(၃၉/၂)နှင့် (၄၇/၅)အနီးတစ်ဝိုက်တွင် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင် အင်ခွဲသား ၁၃ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူလေးဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)

# ဖြူးမြို့နယ်၌ တူမီးသေနတ်ဖြင့်ပစ်သတ်ပြီး အလောင်းဖျောက်မှုဖြစ်ပွား

**ဖြူး ဒီဇင်ဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးချောင်းဆည်အထက်ပိုင်း မင်းဂံရိုးကျေးရွာအုပ်စု တိုးကြီးဝလျှိုအနီးတွင် အစ်ကိုဖြစ်သူက ညီဖြစ်သူအား တူမီးသေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး အလောင်းကို ရေထဲနှစ်မြှုပ်ဖျောက်ဖျက်မှုတစ်ခု ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက ဖြစ်ပွားခဲ့ကြောင်း ဖြူးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဖြူးချောင်းဆည်အထက်ပိုင်း မင်းဂံရိုးကျေးရွာအုပ်စု တိုးကြီးဝလျှိုအနီးတွင် တဲများထိုး၍ မီးသွေးဖုတ်လုပ်ငန်းလုပ်ကိုင်လျက်ရှိသော ဇင်ဝိုင်းက ၎င်းတဲတွင် သိမ်းထားသော ရွှေနားတောင်းဘောက်ချာနှင့် အိမ်ထောင်စုစာရင်းစာရွက်များပျောက်ဆုံးနေသည်နှင့်ပတ်သက်၍ ညီဖြစ်သူ ရာဇာထွန်း(ခ)ဖိုးသားအား တဲပေါ်ရှိ တူမီးသေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

သတင်းအရ ဖြူးမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်လင်း ဦးစီးအဖွဲ့က အခင်းဖြစ်နေရာကို သွားရောက်စစ်ဆေး၍ ရာဇာထွန်း(ခ)ဖိုးသားအား ရှာဖွေခဲ့ရာ ဇင်ဝိုင်း၏ တဲအိမ်အရှေ့မြောက်ဘက် ကိုက် ၅၀၀ ခန့်အကွာ ရေထဲ၌ ရာဇာထွန်း(ခ)ဖိုးသား၏ အလောင်းအား သစ်တုံးဖြင့်ဖိ၍ ၎င်း၏အင်္ကျီဖြင့် ချည်နှောင်ထားသည်ကို တွေ့ရှိခဲ့ရသဖြင့် ပြစ်မှုကျူးလွန်သူ ဇင်ဝိုင်းအား ဖြူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ကျန်းမာရေးအသိပညာပေးတွေ အရှိန်မြှင့်ဆောင်ရွက်ရင်း ပြည်သူလူထုက လိုက်နာလာကြတဲ့အတွက် ရောဂါကူးစက်မှု ကျဆင်းလာတယ်လို့ သုံးသပ်လို့ ရပါတယ် ကိုဗစ်-၁၉ ရောဂါ ကွင်းဆက် ပြတ်တောက်ဖို့ကတော့ ပြည်သူလူထုအစွမ်းကုန် လိုက်နာမှုရမယ်

ဒေါက်တာထွန်းမြင့်

တွေ့ဆုံမေးမြန်း - သီသီမင်း၊ မင်းသစ်(MNA)
ဓာတ်ပုံ - ဥက္ကါဖြိုး

ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု တစ်နေ့တခြား ကျဆင်းလာမှုနှင့်အတူ ကုသရေးစင်တာများနှင့် Quarantine စင်တာများတွင်လည်း ပိုးတွေ့လူနာများ၊ ရောဂါရှိသူနှင့် ထိတွေ့သူများ လျော့ပါးလာခဲ့ပြီဖြစ်ရာ ကုသရေးစင်တာတချို့ပင် ပိတ်သိမ်းမှုများ ရှိနေခဲ့ပြီဖြစ်သည်။

ထိုသို့ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကျဆင်းလာခြင်း၊ ကုသရေးစင်တာတချို့ ပိတ်သိမ်းခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကိုဗစ်-၁၉ ကုသရေးစင်တာတချို့ ပိတ်သိမ်းတယ်လို့သိရပါတယ်။ ဒီလိုပိတ်သိမ်းရတဲ့ အကြောင်းအရင်းနဲ့ပတ်သက်ပြီး သိချင်ပါတယ်။**

ဖြေ ။ ။ အခုလ ဒီဇင်ဘာ ၂၆ ရက်နေ့အထိဆိုရင် အရပ်ဘက်မှာရှိတဲ့ ကုသရေးစင်တာ ၁၅ ခုထဲက ယဉ်ကျေးမှုတက္ကသိုလ်ဆိုရင် လူနာတစ်ယောက်မှ မရှိတော့ဘူး။ ဒေသန္တရဗိမာန်၊ ရန်ကင်းစင်တာတွေမှာလည်း လူနာမရှိသလောက်ဖြစ်သွားပြီ။ ဒါတွေက ပိတ်ရတဲ့အခြေအနေကို ရောက်လာတာပါ။ ဒီနေ့ဆိုရင် လူနာ ၃၈၆၁ ဦးပဲ ရှိတယ်။ ရန်ကုန်တိုင်းထဲက ဆေးရုံ ၄၆ ရုံအပါအဝင်ဆိုရင် ၈၈၄ ဦးရှိတယ်။ အရင်က လူဦးရေသောင်းကျော်ရှိရာကနေ အခုဆို ဒီလောက်အထိ ထိုးဆင်းသွားတယ်။

တပ်မတော်ဘက်မှာဆိုရင်လည်း ကိုဗစ်-၁၉ ရောဂါ ကုသရေးနေရာ ခုနစ်နေရာရှိပါတယ်။ အဲဒီဘက်မှာ ခုတင် ၆၄၀ ရှိတယ်။ အားလုံးပေါင်းလိုက်ရင် ရန်ကုန်တစ်တိုင်းလုံးမှာ အတည်ပြုလူနာ ၅၃၈၅ ဦးရှိပါတယ်။ အတည်ပြုလူနာထားနိုင်တဲ့ ပမာဏရဲ့ သုံးပုံတစ်ပုံလောက်ပဲ လူနာက ရှိပါတော့တယ်။ လူနာနည်းတယ်ဆိုရင် ပိုပြီးဝန်ဆောင်မှုပေးနိုင်အောင်၊ ကုသမှုပေးနိုင်အောင် တချို့ကုသရေးစင်တာတွေကပေါင်းဖြစ်သွားတာပေါ့။ ဒါကကုသရေးစင်တာတွေရဲ့ ပိတ်သိမ်းရတဲ့အကြောင်းအရင်း အခြေအနေဖြစ်ပါတယ်။

**မေး ။ ။ Quarantine စင်တာတွေမှာ လူနာတွေကို စောင့်ရှောက်ဖို့မဖြစ်နိုင်တော့လို့ ပိတ်သိမ်းရတော့မယ်ဆိုတဲ့ အသံတွေလည်းကြားနေရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ ။ ။ Quarantine စင်တာတွေအနေနဲ့ ပြောရမယ်ဆိုရင် Quarantine ထားတာက အဓိကအားဖြင့် ဆောင်ရွက်တာ နှစ်နေရာရှိပါတယ်။ တစ်ခုက ဟိုတယ် Quarantine၊ နောက်တစ်ခုက Facility Quarantine ဆိုပြီး ရှိပါတယ်။ ဟိုတယ် Quarantine မှာဆိုရင် ဟိုတယ် ၅၇ ခုမှာ လူဦးရေ ၁၃၀၀ကျော်ပဲ ရှိတော့တယ်။ Facility Quarantine ၂၃ ခုမှာဆိုရင် လူဦးရေ ၈၀၀ ကျော်ပဲ ရှိတော့တယ်။ အခုဆို Quarantine စင်တာတွေမှာ လူဦးရေ ၂၀၀၀ ကျော်ပဲ ရှိတော့တယ်။ Quarantine စင်တာတွေကို ပိတ်လိုက်တာတော့ မဟုတ်ဘူး။ Quarantine မှာ ဝင်တဲ့လူဦးရေက လျော့နည်းလာတယ်။ ဒီအခြေအနေကြောင့်ပါပဲ။

ဒီနေရာမှာ Community Based Facility Quarantine တွေ မြို့နယ်တွေမှာ ရှိသေးတယ်။ မြို့နယ်ကိုဗစ်ကော်မတီတွေရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်နေတဲ့ ဒီဟာတွေကလည်း ဒီနေ့အထိဆိုရင် ရန်ကုန်တစ်တိုင်းလုံးမှာ ၁၆၃ ခု ရှိနေပါသေးတယ်။ အဲဒီမှာ Quarantine ဝင်နေတဲ့သူတွေက ပိုးတွေ့လူနာနဲ့ ထိတွေ့ခဲ့တဲ့သူတွေ ၂၅၇၉ ဦး ရှိနေပါတယ်။ အနံ့ပျောက်စင်တာတွေဆိုလည်း ရာကျော်ရှိရာကနေ အခုဆိုရင် ၅၃ နေရာပဲ ရှိတော့တယ်။ လျော့လာပြီ။ အဲဒီ အနံ့ပျောက်စင်တာ ၅၃ ခုမှာ လူနာက အခုဆို ၂၅၇ ဦးပဲရှိတော့တယ်။ လူနာတွေကိုစောင့်ရှောက်ဖို့ မဖြစ်နိုင်တော့လို့ Quarantine စင်တာတွေပိတ်တော့မယ်ဆိုတာ မဟုတ်ပါဘူး။



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်

**မေး ။ ။ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေကို သိချင်ပါတယ်။**

ဖြေ ။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုက လျော့ကျသွားတယ်။ သေဆုံးမှုနှုန်းကလည်း ကျဆင်းသွားပါတယ်။ ကူးစက်မှုလည်း ကျဆင်းသွားတဲ့ အခြေအနေကြောင့် Quarantine စင်တာတွေမှာလည်း အနီးကပ်ထိတွေ့သူတွေ ဝင်ရောက်တာတွေ လျော့နည်းသွားပါတယ်။ ကုသရေးစင်တာတွေဆိုရင်လည်း ပိုးတွေ့လူနာတွေ တဖြည်းဖြည်း လျော့ကျလာပါတယ်။ လျော့ကျလာတဲ့ အခြေအနေကိုကြည့်ရင် အရင်က ရန်ကုန်တိုင်းက တစ်နိုင်ငံလုံးရဲ့ ၉၀ ရာခိုင်နှုန်းလောက်က ရောဂါကူးစက်မှုပိုးတွေ့ရှိရတဲ့ အခြေအနေကနေ အခုဆိုရင် တစ်နိုင်ငံလုံးရဲ့ ၆၉ ရာခိုင်နှုန်း ကူးစက်မှုပဲရှိပါတော့တယ်။ အကြောင်းရင်းကတော့ ရန်ကုန်တိုင်းက ကူးစက်မှုလျော့ကျသွားတာလည်းပါသလို လက်ရှိမှာ တခြားပြည်နယ်နှင့်တိုင်းက ရောဂါကူးစက်မှုနှုန်း များလာတာကြောင့်လည်း ပါပါတယ်။ အခုဆိုရင် တခြားတိုင်းနဲ့ ပြည်နယ်တွေက ၃၁ ရာခိုင်နှုန်း၊ ရန်ကုန်တိုင်းက ၆၉ ရာခိုင်နှုန်း ရှိပြီဖြစ်ပါတယ်။ ကိန်းဂဏန်းအရပြောရရင်တော့ ဒီဇင်ဘာ ၂၃ ရက်အထိ စာရင်းဇယားတွေအရ ပိုးတွေ့လူနာက တစ်နိုင်ငံလုံးမှာ ၁၁၈၈၆၉ ဦးဖြစ်ပြီး အဲဒီထဲမှာ ရန်ကုန်တိုင်းက ၈၁၆၆၀၊ တခြားပြည်နယ်နဲ့ တိုင်းတွေက ၃၇၂၀၉ ဦး ရှိပါတယ်။ ရန်ကုန်တိုင်းအနေနဲ့ ပိုးတွေ့ရှိမှုနှုန်းသာမက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုမှာလည်း နှစ်ပတ်အတွင်း လျော့ကျသွားတာတွေ တွေ့ရှိရပါတယ်။

**မေး ။ ။ အခုလို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ကျဆင်းသွားရတဲ့ အကြောင်းရင်းကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ နဂိုကလည်း ပြောနေပါတယ်။ ဆောင်းရာသီကို ဝင်လာတော့မယ်ဆိုရင် ဗိုင်းရပ်စ်တွေက ကူးစက်ပြန့်ပွားမှုတွေ များလာမယ်။ ဒါနဲ့ ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ညွှန်ကြားထားတာရှိတယ်။ ဒါနဲ့တစ်ဆက်တည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း မျက်ခြည်မပြတ် ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေ အရှိန်မြှင့်ဆောင်ရွက်ဖို့ ညွှန်ကြားတာတွေ ရှိပါတယ်။ တောက်လျှောက် ညွှန်ကြားတဲ့အခါကျတော့ ရန်ကုန်တိုင်းဆိုတာ လူဦးရေထူထပ်တဲ့အပြင် စီးပွားရေးမြို့တော်လည်းဖြစ်တယ်။ ဆေးကုသတဲ့ အဆင့်မီဆေးရုံကြီးတွေကလည်း ရန်ကုန်မှာ အများဆုံးရှိကြပါတယ်။ ကူးစက်မှုကလည်း လူဦးရေထူထပ်တဲ့အတွက် သဘာဝအလျောက် ကျွန်တော်တို့ကအများဆုံး။ တစ်နိုင်ငံလုံးရဲ့ ကိုဗစ်ကို ထိန်းချုပ်နိုင်ဖို့ဆိုရင် ရန်ကုန်ကိုထိန်းချုပ်နိုင်မှရမယ်။ အဲဒါကြောင့် ရန်ကုန်မှာ အရှိန်မြှင့်ပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ အဲဒီလို အရှိန်မြှင့်ဆောင်ရွက်တဲ့အခါမှာ နိုဝင်ဘာ ၁၅ ရက်ကစပြီး လူထုလှုပ်ရှားမှုကြီးတစ်ခု အစပျိုးခဲ့တယ်။ လူစည်ကားရာနေရာတွေမှာ နှာခေါင်းစည်းတပ်ဖို့၊ မျက်နှာအကာတပ်ဖို့ ကမ်ပိန်းလုပ်တယ်။ အခမဲ့ပေးဝေတယ်။ လက်ကိုင်စပီကာတွေနဲ့ ကျန်းမာရေးအသိပညာပေးတွေ လုပ်ပါတယ်။ လက်ကမ်းစာစောင်တွေဝေတယ်။ အဲဒီလိုဆောင်ရွက်ရင်း နှစ်ပတ်ကျော်တဲ့အခါမှာ ရောဂါကူးစက်မှု သိသိသာသာကျဆင်းလာတာ တွေ့ရပါတယ်။

ကျန်းမာရေးအသိပညာပေးတွေ အရှိန်မြှင့်ဆောင်ရွက်ရင်း ပြည်သူလူထုက အထိုက်အလျောက် လိုက်နာလာတာ တွေ့ရတယ်။ အရင်ကထက်စာရင် နှာခေါင်းစည်းတပ်လာကြတယ်။ လူအုပ်စုလုပ်ရမှာလည်း ကြောက်လာကြတယ်။ ပြည်သူလူထုက လိုက်နာလာကြတဲ့အတွက် ရောဂါကူးစက်မှု ကျဆင်းလာတယ်လို့ သုံးသပ်လို့ရပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကွင်းဆက်ပြတ်တောက်ဖို့ကတော့ ပြည်သူလူထု အစွမ်းကုန်လိုက်နာမှုရမယ်။ နှာခေါင်းစည်းတပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေပါ။ ဒါတွေကိုလိုက်နာဖို့ တစ်ဦးကိုတစ်ဦးလည်း သတိပေးပါ။ အသိပေးပါ။ ဒါကို ထပ်ကာတလဲလဲ အမူအကျင့်ပြောင်းလဲတဲ့အထိ ဆောင်ရွက်လိုက်ကြမယ်ဆိုရင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့ကျတဲ့အခြေအနေကနေ ဖြတ်တောက်နိုင်တဲ့ အခြေအနေအထိ ရောက်လာမယ်လို့ မျှော်မှန်းပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေးမှာ ပြည်သူလူထု ပူးပေါင်းပါဝင်မှုက အားကောင်းဖို့လိုပါတယ်။ ရောဂါပိုးကူးစက်မှုကျဆင်းတဲ့ အကြောင်းအရင်းကို ပြောရင်တော့ ပြည်သူလူထု ပူးပေါင်းပါဝင်လို့ ကျဆင်းတယ်လို့ သုံးသပ်ရမှာပါ။

**မေး ။ ။ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ ကိုဗစ်-၁၉ ကာကွယ်ဆေး ရခဲ့ရင်တောင် ကိုဗစ်-၁၉ရောဂါက ကမ္ဘာပေါ်ကနေ ပျောက်သွားမယ့်အခြေအနေမရှိသေးပါဘူး။ ရာသီတုပ်ကွေးလိုပဲ ကိုဗစ်နဲ့အတူ နေထိုင်သွားကြမယ့်အခြေအနေတွေလည်းပဲ ရှိနေပါတယ်။ ကိုဗစ်ကလည်း ကျွန်တော်တို့ဘေးနားမှာ ရှိနေတယ်။ နေထိုင်မှုပုံစံကလည်း အရင်အတိုင်းပဲဆိုရင် မရဘူး။ မရဘူးဆိုတော့ New Normal Life Style နဲ့ နေသွားကြရတော့မယ်။ အရင်လူနေမှု ပုံစံအတိုင်းသွားနေကြမယ်ဆိုရင် ရောဂါကူးစက်မှုက မြင့်မားနေဦးမှာ ဖြစ်ပါတယ်။ ဘေးနားမှာတော့ ကိုဗစ်ပိုးကရှိတယ်။ ဒီရောဂါပိုး ကူးစက်မခံရအောင် လူနေမှုပုံစံအသစ်နဲ့ သွားကြရတော့မယ်။ ဒါ ကျွန်တော်တို့ရဲ့ New Normal Life Style ပါပဲ။

New Normal Life Style ထဲမှာ အဓိကအချက်က သုံးချက်ပဲပါပါတယ်။ နှာခေါင်းစည်းတပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေပါ။ အဲဒီအထိရောက်တဲ့အချိန်ကျမှ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေလည်း ပုံမှန်လည်ပတ်နိုင်တော့မှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ပုံမှန်လည်ပတ်တော့မယ်ဆိုရင် ကိုဗစ်ကလည်း အနားမှာရှိနေတယ်။ အလုပ်တွေ ရပ်ထားရမယ်ဆိုတာ မဟုတ်ဘူး။ ကိုဗစ်ကိုရင်ဆိုင်ဖို့ New Normal နဲ့ သွားကြရတော့မယ်။ နှာခေါင်းစည်းတပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေမယ်။ ဒါကိုအားလုံးက အလေ့အထကောင်းတွေရှိနေပြီဆိုရင်တော့ New Normal Life Style နေသွားကြမယ်။ ပြည်သူလူထု အမူအကျင့်ပြောင်းလဲရေးထိ ဆောင်ရွက်နေပါတယ်။

အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။



# ရက် ၉၀ လွန်သွားရင် ပြန်ပြီးဖြစ်နိုင်တဲ့ အခြေအနေရှိ



ဒီရောဂါဖြစ်ပြီးရင် အေးအေးဆေးဆေးပဲ၊ နောင်ဖြစ်စရာ မလိုတော့ဘူးဆိုပြီးတော့ ထင်နေတဲ့လူတွေလည်း ရှိပါတယ်။ အဲဒီဟာလည်း မဟုတ်ပါဘူးဆိုတာ ကျွန်မ သတိပေးပါရစေ။ ကျွန်မနားလည်သလောက်ကတော့ ပညာရှင်များ သတ်မှတ်ထားတာက ရောဂါဖြစ်ပြီးတော့ ၃ လလောက်အထိ ရက် ၉၀ ပေါ့။ ရက် ၉၀ ဆိုတော့ ၃ လလောက်အထိကို ပြန်ပြီးတော့ ရောဂါကူးဖို့ အခြေအနေ မရှိဘူးပေါ့။ မရှိသလောက်ပဲဆိုပါတော့။ ဒါပေမယ့် ရက် ၉၀ လွန်သွားလို့ရှိရင် ပြန်ပြီးတော့ ဖြစ်နိုင်တဲ့အခြေအနေ ပြန်ရောက်သွားပါတယ်။ ဒါကြောင့် တစ်ခါ ကိုဗစ်ကူးပြီးပြီဆိုရင်၊ ဖြစ်ပြီးပြီဆိုရင် နောင်ဖြစ်တော့မှာမဟုတ်ဘူး၊ ဖြစ်ရင်လည်းဖြစ်ပါစေဆိုပြီးတော့ ဒီလိုစိတ်ထဲမှာ မထားပါနဲ့။ ထပ်တလဲလဲ ဖြစ်နေတယ်ဆိုလို့ရှိရင်တော့ ကိုယ့်ရဲ့အခြေခံကျန်းမာရေးကိုတော့ ထိခိုက်မှာဖြစ်ပါတယ်။ အဲဒီလို အခြေခံ ကျန်းမာရေး ထိခိုက်ရုံတင်မကဘူးပေါ့။ တစ်ခါဖြစ်တိုင်းဖြစ်တိုင်း ကိုယ့်အတွက်ရော၊ ကိုယ့်မိသားစုတွေအတွက်ရော ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၁-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၈-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ**

၁။ (၂၇-၁၂-၂၀၂၀)ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ(၆၀၆) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၃၁ |
| | | တာမွေ | ၁၈ |
| | | လှိုင်သာယာ | ၁၈ |
| | | မှော်ဘီ | ၁၄ |
| | | တိုက်ကြီး | ၁၂ |
| | | ရွှေပြည်သာ | ၁၁ |
| | | ကမာရွတ် | ၁၁ |
| | | တောင်ဥက္ကလာပ | ၁၀ |
| | | သင်္ဃန်းကျွန်း | ၉ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၉ |
| | | ဒဂုံဆိပ်ကမ်း | ၉ |
| | | အင်းစိန် | ၈ |
| | | ထန်းတပင် | ၈ |
| | | မြောက်ဥက္ကလာပ | ၇ |
| | | လှိုင် | ၆ |
| | | သန်လျင် | ၅ |
| | | သုံးခွ | ၅ |
| | | လှည်းကူး | ၄ |
| | | လမ်းမတော် | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | မရမ်းကုန်း | ၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂ |
| | | သာကေတ | ၂ |
| | | အမ်းချောင်း | ၂ |
| | | ရန်ကင်း | ၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂ |
| | | ခရမ်း | ၂ |
| | | တွံတေး | ၂ |
| | | ကော့မှူး | ၂ |
| | | ဒလ | ၁ |
| | | ကျောက်တန်း | ၁ |
| | | ကြည့်မြင်တိုင် | ၁ |
| | | မင်္ဂလာတောင်ညွန့် | ၁ |
| | | အလုံ | ၁ |
| | | လသာ | ၁ |
| | | ဒေါပုံ | ၁ |
| | | စုစုပေါင်း | ၂၂၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၃၈ |
| | | ချမ်းမြသာစည် | ၂၀ |
| | | ချမ်းအေးသာစံ | ၂၀ |
| | | အောင်မြေသာစံ | ၁၉ |
| | | ပြည်ကြီးတံခွန် | ၁၁ |
| | | မြင်းခြံ | ၅ |
| | | အမရပူရ | ၄ |
| | | ကျောက်ဆည် | ၃ |
| | | ပျော်ဘွယ် | ၃ |
| | | မြစ်သား | ၂ |
| | | ညောင်ဦး | ၂ |
| | | ပုသိမ်ကြီး | ၁ |
| | | မိတ္ထီလာ | ၁ |
| | | စုစုပေါင်း | ၁၂၀ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ဘိုကလေး | ၃၂ |
| | | မအူပင် | ၂၄ |
| | | မော်လမြိုင်ကျွန်း | ၁၃ |
| | | ဒေးဒရဲ | ၇ |
| | | ပုသိမ် | ၆ |
| | | ကျုံပျော် | ၂ |
| | | ဝါးခယ်မ | ၂ |
| | | ညောင်တုန်း | ၁ |
| | | ဟင်္သာတ | ၁ |
| | | စုစုပေါင်း | ၈၅ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၄ |
| | | လက်ပံတန်း | ၅ |
| | | ဇီးကုန်း | ၅ |
| | | အုတ်ဖို | ၃ |
| | | နတ်တလင်း | ၃ |
| | | ပေါက်ခေါင်း | ၂ |
| | | သာယာဝတီ | ၂ |
| | | ပြည် | ၁ |
| | | သနပ်ပင် | ၁ |
| | | ရေတာရှည် | ၁ |
| | | စုစုပေါင်း | ၅၇ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၈ |
| | | ဆားလင်းကြီး | ၆ |
| | | တမူး | ၅ |
| | | ကလေး | ၂ |
| | | မုံရွာ | ၂ |
| | | ဖောင်ပြင် | ၂ |
| | | ခင်ဦး | ၁ |
| | | ကန့်ဘလူ | ၁ |
| | | ကသာ | ၁ |
| | | ကောလင်း | ၁ |
| | | စုစုပေါင်း | ၃၉ |
| ၆။ | နေပြည်တော် | ဇေယျာသီရိ | ၁၄ |
| | | ဇမ္ဗူသီရိ | ၃ |
| | | ပျဉ်းမနား | ၁ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၁၉ |
| ၇။ | မကွေးတိုင်းဒေသကြီး | မကွေး | ၆ |
| | | ချောက် | ၃ |
| | | အောင်လံ | ၂ |
| | | ရေနံချောင်း | ၂ |
| | | ရေစကြို | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၈။ | ကရင်ပြည်နယ် | မြဝတီ | ၁၃ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၉။ | ရှမ်းပြည်နယ် | ကွတ်ခိုင် | ၄ |
| | | ဆီဆိုင် | ၂ |
| | | ပင်လောင်း | ၁ |
| | | မိုးမိတ် | ၁ |
| | | ကျောက်မဲ | ၁ |
| | | စုစုပေါင်း | ၉ |
| ၁၀။ | မွန်ပြည်နယ် | မော်လမြိုင် | ၄ |
| | | ကျိုက်ထို | ၂ |
| | | သထုံ | ၁ |
| | | ပေါင် | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၁။ | ကချင်ပြည်နယ် | ဖားကန့် | ၃ |
| | | မိုးညှင်း | ၂ |
| | | မြစ်ကြီးနား | ၁ |
| | | ဗန်းမော် | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁ |
| | | ထားဝယ် | ၁ |
| | | ရေဖြူ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၇-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၆၀၆) ဦး |

မှတ်ချက်။ (၂၇-၁၂-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၆၀၆) ဦးတွင် အနံ့မရရှိသူ (၈၄) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး/အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို အပတ်စဉ် အင်္ဂါနေ့ ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဒီဇင်ဘာ ၂၉ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပညာရှင်များဖြစ်ကြသည့် မန္တလေးဆေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာအေးအေးချစ်၊ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်နှင့် ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာအောင်ငွေစံတို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နှလုံးသားအကွခရာတင်ရာ ရန်ကုန်တက္ကသိုလ်

ခိုင်(မိတ္ထီလာ)

**“ကုံကော်တောကို စွန့်ခဲ့ပြီ”** ဟူသောဝတ္ထုသည် ကျွန်မတို့ အလယ်တန်းကျောင်းသူဘဝကပင် တရှိုက်မက်မက် မက်ခဲ့ရသော အိပ်မက်ရှည်ဖြစ်ပါသည်။ ဝတ္ထုအမည်ကိုက လွမ်းရိပ်သန်းနေပါသည်။ ရန်ကုန်တက္ကသိုလ်အား ကုံကော်တောဟူသောအမည်ကို စတင်ပေးခဲ့သူ တက္ကသိုလ်ခင်မောင်အေးသည် **“ကုံကော်တောနှင့် ဝေးခဲ့ပြီးမှ”** ဟူသော ရန်ကုန်တက္ကသိုလ်လွမ်းချင်းဖြင့်လည်း ရန်ကုန်တက္ကသိုလ်အား ကုံကော်တောအဖြစ် သမိုင်းတင်နိုင်ခဲ့ပါသည်။ ကုံကော်တောနှင့် ဝေးခဲ့ပြီးမှ မြကျွန်းညိုသို့ သတိရတိုင်း ကျွန်မတို့ မျက်ရည်ဝိုင်းရပါသည်။

ရန်ကုန်တက္ကသိုလ်ထွက် ကျောင်းသား ကျောင်းသူဟောင်းများသည် နှစ်တစ်ရာပြည့် ယခုလိုကာလမျိုးတွင် သူတို့၏အတိတ်ပုံပြင်များတွင် နစ်မြောနေကြပါလေပြီ။ သူတို့၏ခြေရာဟောင်း၊ ဒိုင်ယာရီဟောင်း၊ စာမျက်နှာဟောင်းများထက် အရိပ်ထင်လာသော သက်ဆိုင်ရာအဖြစ်ဟောင်းလေးများအား သတိတရလွမ်းတသသ ရှိနေပါလိမ့်မည်။ **“လွမ်းတေးမဆုံးစေနှင့် စောသခင်”** ဟူသော စာသားပမာ နှစ်တစ်ရာပြည့်တက္ကသိုလ်ကာလတွင် တက္ကသိုလ်အလွမ်းတို့ကား တစ်ရာမကခဲ့ပြီ ဖြစ်သတည်း။

**မန္တလေးဆောင်ဝယ်**

လေတိုက်၍ သစ်ရွက်လှုပ်သည်ကိုပင် ဘာမှမဟုတ် ပါဘဲလျက် ရယ်တတ်သည့်အရွယ်တွင် ကျွန်မတို့ တက္ကသိုလ်ရောက်ခဲ့သည်။ ပုရစ်ကယ်ရွှေဥ၊ ပင်တိုင်းစုကြသည့် နုညိုစင်ငယ်သောအရွယ်၊ ငယ်သူမို့ မသိသေးသော အရွယ်ပီပီ အရာရာဆန်းသစ်သော အကြောင်းခြင်းရာတို့က နှလုံးသားဝယ်ငြိတော့သည်။ ကျွန်မတို့၏ မောင်မယ်သစ်လွင်ဘဝသည် စိုးတထိတ်ထိတ်နှင့် ပျော်ရွှင်ရသောကာလများဖြစ်သည်။ တက္ကသိုလ်ရောက်စ ဖရက်ရှာဘဝမို့ ကျွန်မတို့သည် ယောင်တိယောင်ချာဖြင့် ဘယ်ဆီဘယ်ဝယ်သို့ လှမ်းရမည်မသိအောင် ဝေဝေဝါးဝါး ဖြစ်ခဲ့ရ၏။ မျက်မမြင်ပုဏ္ဏား ခြောက်ယောက်ကို ပြေးသတိရမိသေး၏။ တက်ရမည့်အဆောင်တွေကလည်း မသေချာ။ အချိန်စာရင်းကို ဘယ်အရပ်တွင် ဘယ်သို့ ကူးရမည်ကိုလည်း မသိ။ ဘယ်ဆရာဘာသင်မည်ကား ဝေလာဝေးသေးသည်။ ထိုတည်းသော အူကြောင်ကြောင်ဘဝတွင် ကျောင်းသား ကျောင်းသူတွေကလည်း များလှပါဘိ။ တစ်ယောက်တစ်ခွန်း ပြောဆိုသံ၊ နောက်ပြောင်ပြောဆိုသံများမှာ တက္ကသိုလ်တစ်ခွင်လုံး လွှင့်ပျံ့နေပါတော့သည်။

ကျွန်မ၏ ဆယ်တန်းအမှတ်မှာ ၃၅၄ မှတ်ဖြစ်သဖြင့် ထိုနှစ်က စီးပွားရေးတက္ကသိုလ်သို့ လျှောက်သော်လည်း လေးမှတ်အလိုဖြင့် ရူပဗေဒသာ တက်ခွင့်ရ၏။ ထိုစဉ်က ပထမနှစ် သိပ္ပံဘာသာတွဲယူသူများမှာ မန္တလေးဆောင်တွင် တက်ရ၍ ဝိဇ္ဇာမှာမူ ရာမညဆောင် ဖြစ်သည်။

ကျွန်မ၏ တက္ကသိုလ်ကျောင်းသူဘဝ နိဒါန်းအစမှာ ခန်းလုံးပြည့်မျှ များပြားလှသည့် ရူပဗေဒအခန်းတွင် တက်ရောက်ရခြင်းဖြစ်၏။ စာသူငယ်ပမာ အားငယ်စိုးထိတ်၍ ကျီးကြည့်၊ ကြောင်ကြည့် ကြည့်နေရသော ဖရက်ရှာဘဝတွင် အသစ်စက်စက် ဝတ်လာသော အဝတ်အစားနှင့် ဖိနပ်ကလည်း အသားမကျသေးသည်က တစ်မှောင့်ဖြစ်သည်။ တစ်ယောက်တစ်ခွန်း ဆူညံနေသော အတန်းထဲသို့ ကော်ကိုင်းမျက်မှန်ထူထူ၊ တိုက်ပုံအင်္ကျီအဖြူ၊ စာအုပ်အနည်းငယ်ပိုက်၍ ဆရာတစ်ဦးဝင်လာတော့မှ မီးကို ရေနှင့်ငြိမ်းသတ်လိုက်သလို အတန်းသည် ငြိမ်သက်သွားကာ မင်္ဂလာပါဆရာဟု နှုတ်ခွန်းဆက် အရိုအသေ ပေးလိုက်၏။ ဆရာက မင်္ဂလာပါဟု နှုတ်ဆက်ရန် မလိုကြောင်းနှင့် တက္ကသိုလ်၏ အဆောင်များ၊ အထင်ကရနေရာများသို့ နှံ့စပ်အောင် လှည့်လည်ကြည့်ရှုရန်နှင့် တက္ကသိုလ်ဓလေ့စရိုက်များအကြောင်း အာပေါင်အာရင်းသန်သန်ဖြင့် ပြောကြားသည်ကို ကျောင်းသားများ စိတ်ဝင်တစားငေးစိုက်နားထောင်နေစဉ် **“တော်လောက်ပြီ ဟေ့ကောင်၊ ဆင်းခဲ့တော့”** ဟူသော အသံလာရာဆီသို့ လှမ်းအကြည့်မှာပင် **“ဟဲဟဲ... ဆရာ့လက်ချာကို ဒီမှာခဏရပ်မယ်”**ဟု ပြုံးဖြဲဖြဲမျက်နှာထားဖြင့် ပြောပြီးဆင်းသွားတော့မှ စီနီယာနှစ်ကြီးသမားတို့၏ နုစဉ်က သူတို့ခံခဲ့ရသော လှည့်ကွက်ကို ကျွန်မတို့လို မနူးမနပ်ဖရက်ရှာများအပေါ် အသုံးချသွားမှန်း သိရတော့သည်။

**ဖရက်ရှာဝဲလ်ကမ်း**

ကျွန်မတို့ မောင်မယ်သစ်လွင်များ မျှော်တလင့်လင့်ဖြင့်စောင့်စားခဲ့ရသော ဖရက်ရှာဝဲလ်ကမ်းကို ဘွဲ့နှင်းသဘင်တွင် နဖူးတွေ့၊ ဒူးတွေ့ တွေ့ရသောအခါ မအူမလည် ကျွန်မတို့မှာ ကြီးကျယ်ခမ်းနားသော ဘွဲ့နှင်းသဘင်ကြီးအား ရင်သပ်ရှုမောအံ့သြမဆုံး ဖြစ်ရသည်။ ပါမောက္ခချုပ်၏ ဩဝါဒသည် အစိမ်းသက်သက် ကျွန်မတို့အဖို့ မှတ်ဖွယ်များချည်း ဖြစ်သည်။ ထိုစဉ်က ပါမောက္ခချုပ်မှာ ဒေါက်တာမောင်မောင်ခဖြစ်သည်။

**ကျောင်းပျော်ကြီးများ၏ ကော်ရစ်ဒါတက္ကသိုလ်**

ကျွန်မတို့ခေတ်က ရန်ကုန်တက္ကသိုလ်ကို ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ဟု ခေါ်၏။ ပြည့်ပြည့်စုံစုံဆိုရလျှင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (Rangoon Arts and Science University) ဖြစ်သည်။ အတိုကောက်အခေါ် RASU- ရာဇူးကို အသုံးများ၏။ **“ရာဇူးက မမရယ်”** သီချင်းသည် တက္ကသိုလ်တစ်ခေတ်ကို လွှမ်းမိုးနိုင်ခဲ့သည်။ ကျွန်မတို့ခေတ် ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားအများစုသည် စာမေးပွဲနတ်ဖမ်းစားသဖြင့် အတန်းမှန်ကြသော်လည်း ကျောင်းဆွေး၊ လူဆွေး၊ ကျောင်းပျော်ကြီးများလည်း ရှိကြသည်။ သူတို့သည် စာအုပ်တစ်အုပ်စ၊ နှစ်အုပ်စကို ရင်ဝယ်ပိုက်ထားသော်လည်း စာအုပ်ထဲတွင် ဘာစာမျှ မရှိသူများပါပေ။ သူတို့သည် ကျောင်းသာမတက် ရှိရော့မည်။ မိန်းမလှလေးများ အတန်းပြောင်းတက်ရာ ကော်ရစ်ဒါများသို့ကား မပျက်မကွက် အတန်းပြောင်းတက်၏။ သူတို့၏ စာသင်ဆောင်သည် ကော်ရစ်ဒါများဖြစ်၏။ သူတို့ တက်ရောက်သောတက္ကသိုလ်သည် ကော်ရစ်ဒါတက္ကသိုလ်ဖြစ်၏။

**ပျားပိတုန်းတို့ ရစ်ဝဲနေသည်**

ရန်ကုန်တက္ကသိုလ်သို့ ကျွန်မတို့ရောက်သောနှစ်သည် ထူးခြားသောနှစ်ဖြစ်သည်။ ဝိဇ္ဇာသိပ္ပံ၏ သင်္ချာဘာသာအဓိကတွင် ရုပ်ရှင်မင်းသမီး မေဝင်းမောင် ရှိသည်။ မိန်းမလှကျွန်း ခေါ် စီးပွားရေးတက္ကသိုလ်တွင် ဆွေဇင်ထိုက် ကျောင်းတက်နေသည်။ ကျွန်မတို့ အတန်းတွင်လည်း တက်သစ်စမင်းသားချော တစ်ဦးရှိသည်။ အခြားတက္ကသိုလ်များက ပျားပိတုန်းတို့ ရစ်ဝဲနေသည်မှာ ရန်ကုန်တက္ကသိုလ်၏ လှပသော အခင်းအကျင်းကြောင့်ဖြစ်သလို ဖော်ပြပါထူးခြားမှုတို့ကြောင့်လည်း ပါမည်ထင်ပါသည်။

ဝိဇ္ဇာသိပ္ပံ၏အပျော်သည် ဒီဇင်ဘာစာမေးပွဲနီးလာလျှင် တစ်ခန်းရပ်ပါလေပြီ။ ထိုစဉ်က ဒီဇင်ဘာလတွင် 1st Term စာမေးပွဲအမှတ် လေးဆယ်ဖိုး စစ်သည်။ Mid Term သည် ဆယ်မှတ်ဖိုး မတ်လတွင်ဖြေရပြီး ဧပြီတစ်လ၌ ကျောင်းပိတ်သည်။ Final Exam သည် အမှတ် ငါးဆယ်ဖိုး ဇွန်လနှောင်းပိုင်းတွင်ဖြေရပြီး ဇူလိုင်၊ ဩဂုတ် နှစ်လကျောင်းပိတ်၏။ 1st Term ရလဒ်အနက် Grade 4၊ Grade 5 ရသူများနှင့် ကြိုးစားရမည့်သူများ၏ ခုံနံပါတ်ကို သက်ဆိုင်ရာဆရာက အတန်းထဲတွင် ကျောင်းပြန်အဖွင့်၌ ကြေညာပေးသည်။ တစ်နှစ်လုံး၏ရမှတ်များကား နောက်တစ်နှစ်၏ နှစ်ဦးလောက်တွင် လူအများမြင်သာအောင် ကြော်ငြာသင်ပုန်း၌ ကပ်ထားပေးသည်မှာ မမြင်ချင်မှအဆုံး ဖြစ်တော့သည်။

**ကဗျာစာအုပ်ထုတ်**

ကဗျာရူးစာရူး ကျွန်မသည် ဝါသနာတူ စီနီယာများကို အလွန်လေးစားအားကျမိသည်။ အားကျသူများတွင် တက္ကသိုလ်ကျော်ဝင်းမောင်၊ ကိုရွှေသိမ်းမင်း ဟူသော အစ်ကိုတော်များပါဝင်သည်။ စီနီယာ ကိုလင်းရောင်တင်( ယခုစာရေးဆရာ လင်းရောင်တင်) ပါဝင်သည်။ ကိုလင်းရောင်တင်သည် ကျွန်မ၏ဆရာဖြစ်ပါသည်။ နှစ်စဉ်ထွက်လေ့ရှိသော ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းအတွက် တက္ကသိုလ်လမ်းဆုံလမ်းခွများ၌ ချထားသောစာမူများသည် ကျွန်မနှင့် စာပေအမြင်တူသူ ခင်သီတာလတ်(မွန်မျိုးလတ်-မောရဝတီတောင်တန်း) တို့အတွက် အိပ်မက်များဖြစ်ပါသည်။

စာသမား ကိုလင်းရောင်တင်မှာ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းစီစဉ်သူများနှင့် ထဲထဲဝင်ဝင်ရှိသဖြင့် သူ့ထံမှ ကလောင်သွေးသူများ၏ စာမြည်းများကို သိရှိရသည်မှာ အနှစ်သာရရှိလှသည်။

စာမျက်နှာ ၁၉ သို့ ❂



ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။ ဓာတ်ပုံ - မြင့်မောင်မောင်

**ရန်ကုန်တက္ကသိုလ်အား ကုံကော်တောအမည်စတင်ပေးခဲ့သူ တက္ကသိုလ်ခင်မောင်အေးသည် ကုံကော်တောနှင့် ဝေးခဲ့ပြီးမှ ဝတ္ထုဖြင့်လည်း ရန်ကုန်တက္ကသိုလ်အား ကုံကော်တောဟု သမိုင်းတင်နိုင်ခဲ့ပါသည်။ ကျွန်မတို့ရန်ကုန်တက္ကသိုလ်ထွက် သူငယ်ချင်းများ၏ နှလုံးသားတွင် အကြင်တက္ကသိုလ်ပရဝဏ်အလှများသည် နှစ်သက်စွာစိတ်ကိုစိုးမိုးထားသည်မှာ ရွှေရတုတစ်ခေတ် (နှစ် ၅၀ ဝန်းကျင်)ပင် ကြာခဲ့ပါလေပြီ။ ဤကာလတိုင် နှလုံးသားအကွခရာတင်ထားသော ကုံကော်တောနှင့်ဝေးခဲ့ပြီးမှ မြကျွန်းညိုကို သတိရတိုင်း ကျွန်မတို့ မျက်ရည်ဝိုင်းရသည်ကို ရာပြည့်ရန်ကုန်တက္ကသိုလ်ကြီး အသိဖြစ်ပါပေလိမ့်။**

❂ စာမျက်နှာ ၁၈ မှ

ကိုလင်းရောင်တင် မိတ်ဆက်ပေးသဖြင့် သိရသော ဆရာဦးချစ်ဖေထံကလည်း ပရု(ဖ်)ဖတ်နည်းနှင့် စာရေးနည်းဋ္ဌိကာတို့ကို ဆည်းပူးခဲ့ရသည်မှာ အကျိုးကျေးဇူးများလှသည်။ ကျွန်မတို့၏ဝါသနာပိုးမှာ ဤမျှနှင့်နိဋ္ဌိမတန်သေးပါ။ အတန်းဖော်များဖြစ်ကြသော ကိုမောင်မောင်သန်း၊ ကိုငြိမ်းတင်၊ ကိုတင်နိုင်၊ ကိုစံရွှေ၊ ကိုစန္ဒာထူးမင်းဝင်း၊ ကိုသောင်းငွေ စသည့်အစ်ကိုတော်များနှင့် စုစည်း၍ ကဗျာစာအုပ် ထုတ်ကြပါသေးသည်။

အစ်ကိုကြီး ကိုရွှေသိမ်းမင်းက သူတို့ခေတ်ကဗျာစာအုပ်များအကြောင်းကို **“ပန်းဖလက်လို့ခေါ်တဲ့ ကဗျာစာခေါက်လေးတွေ၊ ကဗျာစာအုပ်လေးတွေ တစ်မတ်၊ ငါးမူးနဲ့ လာရောင်းတာရှိ ဝယ်ပါတယ်။ စာသင်ခန်းထဲလည်း ဆရာ မဝင်ခင် လာရောင်းတတ်ကြပါတယ်။ အတန်းကြီးသမားတွေပေါ့။ နောက်နှစ်တွေကျ ကျွန်တော်တို့လည်း ကဗျာဝယ်သူအဖြစ်ကနေ ရောင်းလည်းရောင်း၊ ဝယ်လည်းဝယ်ဘဝ ရောက်ပါတော့တယ်”** ဟု ဆိုပါသည်။ ကျွန်မတို့ခေတ် ကဗျာစာအုပ်ရောင်းဈေးမှာ ၇၅ ပြားဖြစ်သည်။ အရင်း တစ်ယောက် ၁၅ ကျပ်စီ ထည့်ဝင်၍ ထုတ်သော ကဗျာစာအုပ်မှာ စာပေစိစစ်ရေးလည်း မရှိသေးသောခေတ်တွင် မကြာမတင်ကာလမှာပင် ထွက်လာပါသည်။ ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ (R.C) တွင် တွေ့သမျှဖြတ်သွားဖြတ်လာကျောင်းသားများကို ရောင်းခဲ့သော ထိုဘဝကား မှတ်မှတ်ရရ ရှိလွန်းလှ၏။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှမလုပ်ဖူးသော အလုပ်ပေမို့ ကနဦးအစတွင် ရှက်သလိုလို ကြောက်သလိုလိုဖြစ်သဖြင့် ရှေ့မျက်နှာနောက်ထားရောင်းရသော်လည်း တက္ကသိုလ်၏အရှိန်အဝါသည် ကြီးမားလှပေရကား ကျွန်မတို့အုပ်စုသည် ပျော်မဆုံးမော်မဆုံး ဖြစ်ခဲ့ရပါသည်။

တက္ကသိုလ်ရောက်စက အဆောင်ကျောင်းသူဘဝကို မက်မောရသော အာသီသသည် ယနေ့တိုင်ရှင်သန်နေဆဲပါပင်။ ခံစားမှုအသစ်၊ အခင်းအကျင်းအသစ်နှင့် ထိတွေ့ရသော အဆောင်ကျောင်းသူဘဝသည် ကမ္ဘာသစ်ကိုရောက်သွားခြင်းတစ်မျိုးဟု စိတ်ကူးယဉ်ခဲ့မိသည်။ အခန်းနီးဝန်းကျင်ကို ကိုယ့်အခန်းမှပင် ကျယ်ကျယ်လောင်လောင် နောက်ပြောင်အော်ပြောလိုက်၊ စကားနိုင်လုလိုက် တစ်ခန်းဝင်တစ်ခန်းထွက် အစားများ ထွက်တစ်လုပ်၊ ဝင်တစ်လုပ်စားလိုက်ဖြင့် စိတ်လွတ်ကိုယ်လွတ်ဖြင့် ပျော်ရပုံများကို ကျွန်မတို့အပေါ် လွှမ်းမိုးခဲ့လေသော တက္ကသိုလ်နောက်ခံဝတ္ထုများမှ နှစ်သက်ခြင်းရသ ခံစားရသလို သိပ္ပံအဆောက်အအုံနှင့် ကျောချင်းကပ်တည်ရှိသော ရတနာဆောင်သို့ ချစ်သူငယ်ချင်း စန်းစန်းယဉ်နှင့် လိုက်သွားတိုင်းလည်း တွေ့မြင်နေရသည်။

**“ရတနာမှာက မနက်စောစောကော်ဖီ၊ နံနက်စာထမင်း၊ နေ့ခင်း ကော်ဖီနဲ့ပေါင်မုန့်၊ ညစာထမင်း ဒါဆိုလုံလောက်နေပြီပဲ။ မနက် ကော်ဖီကို မသောက်ဘဲ ဓာတ်ဘူးနဲ့ ထည့်ယူသွားလို့ရတယ်။ ကျောင်းမှာ နေ့ခင်းဆာရင် မုန့်ဟင်းခါးအလွတ်တစ်ပွဲ ပြား ၂၀၊ ပဲကြော်နဲ့မှ ၂၅ ပြား၊ အအေးက ရေခဲသုပ် ၂၅ ပြား၊ ကျောက်ကျောသံပရာရည် ၂၅ ပြား တစ်နေကုန်လုံးမှာ ပြား ၅၀ ပဲကုန်မယ်၊ လောက်နိုင်ပါတယ်”** ဟူသည်မှာ တက္ကသိုလ်ရောက်စ ကျွန်မတို့၏ ငွေကြေးသုံးစွဲမှုမဟုတ်ပါ။ ၁၉၅၉-၆၀ ပညာသင်နှစ် ထီးတန်းကောလိပ်အဖြစ် နောက်ဆုံးတက်စဉ် ကာလ၏ခေတ်ကြေးမုံကို စာရေးဆရာမ ရွှေကူမေနှင်းက ငါတို့ခေတ်က တက္ကသိုလ်ဝတ္ထုတွင် ထင်ဟပ်ထားခြင်းဖြစ်သည်။

ကျွန်မတို့ခေတ်တွင် ကျောင်းအသွားကားခ ပြား ၃၀၊ လမ်း ၅၀ မှ လင်းစဒေါင်း ၈ ဂိတ်အစသို့ ၁၀ ပြား၊ ၈ ဂိတ်မှ ကျောင်းအရောက် ပြား ၂၀ ဖြစ်သည်။ ကျောင်းသားတွေ အောတိုက်နေသော ၈ ဂိတ်တွင် ၈ အနီလာပါစေ ဆုတောင်း၊ ၈ အနီက ရာမညရှေ့ ပြည်လမ်းကသွားသည်မို့ ကမာရွတ် ရဲစခန်းကိုဖြတ်၍ လမ်းမလျှောက်ရတော့ ထိုအခါ ကျောင်းသားအများစုက နှစ်သက်သည်။ အပြန်တွင် ရာမညဆောင်မှလမ်းကူး၍ ၆ ကားစီးရသည်။ ထိုအခါက ကျောင်းသားကြီးများသည် ဇဝနညာဏ်ထက်သန်စွာ ၆ ကားစီး၏ စကားလိမ်အနက်ကို ဘာသာပြန်၍ နောက်ပြောင်လေ့ရှိသည်။ ၆ ကားဖြင့် ဟံသာဝတီအဝိုင်းအထိ ၁၀ ပြား၊ ဟံသာဝတီအဝိုင်း ၁၂ ဂိတ်စမှ လမ်း ၅၀ အထိ ပြား ၃၀၊ လမ်းစရိတ် ပြား ၇၀ ကုန်သည်။ မန္တလေးကင်န်တင်းတွင် အသုပ်တစ်ပွဲပြား ၅၀ ပေးရသော ကျွန်မတို့ခေတ်တက္ကသိုလ်၊ ကျောင်းလခ ၁၅ ကျပ်ပေးရသော ကျွန်မတို့ခေတ်တက္ကသိုလ်သည် လွန်ခဲ့သော ၁၃ နှစ် ဆရာမ ရွှေကူမေနှင်းတို့နှင့် အတန်ငယ်ခြားနားနေခဲ့လေပြီ။ ကျွန်မတို့ ဖရက်ရှာကျောင်းသူဘဝမှ နှစ် ၅၀ မျှ ကွာလှမ်းလာသည့် ယနေ့ခေတ်နှင့်ကား ဝေးစွခြောက်ပါး၊ တွေးမှမြောက်မြားဟုပင် ပြောရမတတ်ဖြစ်လေပြီ။

**အသီးတစ်ရာအညှာတစ်ခု**

ရန်ကုန်တက္ကသိုလ်၏ လှပသော အခင်းအကျင်းများအနက် တစ်ဦးအရေးရှိက တစ်ဦးက ရိုင်းပင်းတတ်သော ချစ်သူငယ်ချင်းများ၏ သွင်ပြင်သည် မနေ့တစ်နေ့ကလိုပင် ရှင်သန်ဆဲပါပေ။ ကျွန်မတို့ခေတ်တွင် စာပေးစာယူသင်တန်းလည်း မရှိသေး၊ အဝေးသင်တက္ကသိုလ်လည်း ဝေလာဝေးမို့ ဆယ်တန်းကို (က)အဆင့်ဖြင့် အောင်သူတို့၏ တစ်ခုတည်းသော အားကိုးရာသည် တက္ကသိုလ်သာ ဖြစ်ပါသည်။ ထိုစဉ်က ဆယ်တန်းအောင်သူလည်း နည်းသေးသည်။ (ခ)အဆင့်ဖြင့်အောင်လျှင်မူ တက္ကသိုလ်တက်ခွင့်မရပါ။ အလုပ်ကား လျှောက်ထားနိုင်၏။

နှလုံးသားအကွရာတင်ဖို့အတွက်တော့ အကြင်အရပ်တွင် **“သစ်ရွက်ရော်ရီနီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ မြတစ်ဝက်နှင့်၊ ဖက်၍ဆေးစုံ ခြယ်သောပုံသို့”** ဆိုညွှန်းဖွယ် ပန်းချီကားရှိပါသည်။ ဥဩငှက်က လွမ်းအောင်ဖန်သည့် သံစဉ်တေးသွားတို့ ပျံ့လွင့်ရာ မြကျွန်းညိုညို တည်ပါသည်။ အင်းလျားကန် အိုင်မင်းနှင့် ခက်လက်စိမ်းမို့ ညို့တို့တို့ ရေတမာတန်း၊ စိန်ပန်းလမ်း၊ ငုဝါပိတောက်၊ ပင်တိုင်းလျှောက်နှင့် သော်ကထင်းရှူး၊ ကံ့ကော်ဦးတို့တည်ရာ တောအုပ်ထူးတို့ ရှိပါ၏။ အကြင်အရပ်ဝယ် ဂျပ်ဆင်ဘုရားကျောင်း၊ ဝိဇ္ဇာခန်းမ၊ သိပ္ပံခန်းမ၊ သမိုင်းဝင် သစ်ပုပ်ပင်၊ တက္ကသိုလ်စာကြည့်တိုက်၊ မန္တလေး၊ အမရ၊ ရာမည၊ တောင်ငူ၊ ဝေသာလီ၊ ဒဂုံ၊ ရွှေဘို၊ သထုံ၊ ပဲခူး၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ရတနာ၊ အင်းလျား၊ သီရိ၊ မာလာအဆောင်များသည် မြင့်မြင့်စွင့်စွင့်နှင့် ခံ့ခံ့ထည်ထည် အသရေကို ဆောင်လျက် တိုင်းကျိုးထမ်းရွက်ခဲ့သူများအကြောင်း ပြန်ပြောင်းပြောနေပါသည်။

ရန်ကုန်တက္ကသိုလ်မုခ်ဦးမှ ဘွဲ့နှင်းသဘင်ခန်းမအရောက် ဖြူးဖြူးဖြောင့်ဖြောင့်တည်လေရစ်သော အဓိပတိလမ်းနှင့် စစ်ကိုင်းလမ်း၊ ဒဂုံလမ်း၊ ပိတောက်လမ်း အမည်ရ သထုံလမ်း၊ ပုဂံလမ်းက စောင့်နေမယ်သီချင်းကြောင့် ပိုထင်ရှားလာသော ပုဂံလမ်းကိုကား ချစ်သူတို့ လျှောက်

## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း



- ❖ အမည်ရင်း - ခိုင်ခိုင်ရီ
- ❖ မိဘအမည် - ဦးစန်းရီ (ကွယ်လွန်)၊ ဒေါ်မူမူသန်း (ကွယ်လွန်)
- ❖ မွေးသက္ကရာဇ် - ၃-၈-၁၉၅၄
- ❖ ဇာတိ - ပဲခူးမြို့
- ❖ ၁၉၅၉ မှ ၁၉၇၂ ခုနှစ်အထိ အခြေခံပညာများကို အထက (၄) ပုဇွန်တောင်တွင် သင်ယူခဲ့သည်။
- ❖ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) (BA) ရရှိသည်။
- ❖ ၁၉၈၀ ပြည့်နှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲ (HGP) အောင်မြင်သည်။
- ❖ ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ) (MA) ရရှိသည်။
- ❖ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ် စာမူပြိုင်ပွဲ၌ အထူးဆုရရှိသည်။
  ၂၀၁၃ ခုနှစ်တွင် ဒေါက်တာခင်မောင်ညွှန့်၏ အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၌ ပထမဆုရရှိသည်။
  ၂၀၁၄ ခုနှစ်တွင် တတိယအကြိမ် ထေရဝါဒဓမ္မစာမူပြိုင်ပွဲ၌ အထူးဆုရရှိသည်။
  ၂၀၁၇ ခုနှစ်တွင် Y.M.B.A (၁၁၁) နှစ်ပြည့် အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ၌ ဒုတိယဆုရရှိသည်။
  ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်အဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ၌ တတိယဆုရရှိသည်။
  ၂၀၁၇ ခုနှစ်တွင် နိုင်ငံတော်အဆင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည်။
  ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်အဆင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည်။ ဖော်ပြပါဆုခုနစ်ဆု အပါအဝင် ဆုအရေအတွက် ၂၀ ရရှိထားသည်။
- ❖ တိုင်းရင်းမေဂျာနယ်၊ ယုဝတီဂျာနယ်၊ တက္ကသိုလ်အသီးသီး၏ နှစ်လည်မဂ္ဂဇင်းများ၊ ကြေးမုံသတင်းစာ၊ မြဝတီသတင်းစာ၊ စံတော်ချိန်သတင်းစာ၊ ရတနာပုံသတင်းစာ၊ မန္တလေးသတင်းစာ၊ The Voice ဂျာနယ်၊ မြတ်ပညာမဂ္ဂဇင်း၊ Y.M.B.A (၁၁၁) နှစ်ပြည့်အထိမ်းအမှတ်မဂ္ဂဇင်း၊ ရွှေတိဂုံရောင်တော်ဖွင့်အသင်း အထိမ်းအမှတ်မဂ္ဂဇင်း (၁၉၀၀-၂၀၂၀)၊ ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့၏ အမှားကြီးကြီး အမိုက်ကြီးကြီး ဆောင်းပါးပေါင်းချုပ်တို့တွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ စာညွှန့်ပုဒ်ရေ ၂၇၀ ခန့်ရေးသားခဲ့သည်။
  ၁၉၈၁ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) တွင် အချိန်ပိုင်းနည်းပြအဖြစ် စတင်အမှုထမ်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လ၌ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) မြန်မာစာဌာန၏ ပါမောက္ခ/ ဌာနမှူးအဖြစ်မှ အငြိမ်းစားယူသည်။ ၂၀၂၀ ပြည့်နှစ် ရွှေတိဂုံရောင်တော်ဖွင့်အသင်း နှစ် ၁၂၀ ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းအတွက် စာတည်းမှူးချုပ်တာဝန်ကို ယူခဲ့သည်။

သောလမ်းများဟု အကြင်အရပ်က ကမ္ဘည်းတင်နေပါသည်။ ပညာဆည်းပူး ပန်းသို့ခူးနိုင်သော အကြင်ရပ်ဝန်းဝယ် အနုပညာအသင်း၊ လှေလှော်ရွက်တိုက်အသင်း၊ ခြေလျင်တောင်တက်အသင်း၊ တက္ကသိုလ်အရန်တပ်ရင်း (UTC)၊ ပုဂံလမ်းဘောလုံးကွင်းတွင် ဘောလုံးပွဲ၊ တက္ကသိုလ်အပန်းဖြေရိပ်သာ(R.C) တွင် ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲ စသည့်လှုပ်ရှားမှုတို့ကလည်း ရန်ကုန်တက္ကသိုလ်အား စွယ်စုံရတက္ကသိုလ်ကြီးဟု ဖော်ကျူးနေပြန်သည်။

ယခုအခါရန်ကုန်တက္ကသိုလ်မန္တလေးဆောင်အနီးတွင် ကံ့ကော်ဥယျာဉ်ဟူသည်ကို တွေ့မြင်နိုင်ပြီ ဖြစ်သည်။ **“ကံ့ကော်တောကို စွန့်ခဲ့ပြီ”** ဟူသောဝတ္ထုသည် ကျွန်မတို့အလယ်တန်းကျောင်းသူဘဝကပင် တရှိုက်မက်မက်မက်ခဲ့ရသော အိပ်မက်ရှည် ဖြစ်ပါသည်။ ဝတ္ထုအမည်ကိုက လွမ်းရိပ်သန်းနေပါသည်။ ရန်ကုန်တက္ကသိုလ်အား ကံ့ကော်တောအမည်စတင်ပေးခဲ့သူတက္ကသိုလ်ခင်မောင်အေးသည် ကံ့ကော်တောနှင့်ဝေးခဲ့ပြီးမှ ဝတ္ထုဖြင့်လည်း ရန်ကုန်တက္ကသိုလ်အား ကံ့ကော်တောဟု သမိုင်းတင်နိုင်ခဲ့ပါသည်။ ကျွန်မတို့ရန်ကုန်တက္ကသိုလ်ထွက် သူငယ်ချင်းများ၏ နှလုံးသားတွင် အကြင်တက္ကသိုလ်ပရဝဏ်အလှများသည် နှစ်သက်စွာ စိတ်ကိုစိုးမိုးထားသည်မှာ ရွှေရတုတစ်ခေတ် (နှစ် ၅၀ ဝန်းကျင်)ပင် ကြာခဲ့ပါလေပြီ။ ဤကာလတိုင် နှလုံးသားအကွရာတင်ထားသော ကံ့ကော်တောနှင့်ဝေးခဲ့ပြီးမှ မြကျွန်းညိုကို သတိရတိုင်း ကျွန်မတို့မျက်ရည်ဝိုင်းရသည်ကို ရာပြည့်ရန်ကုန်တက္ကသိုလ်ကြီး အသိဖြစ်ပါပေလိမ့်မည်။ ။

---

❍ ကျောဖုံးမှ

ကုန်စည်စီးဆင်းမှု အဝင်/အထွက်ကို အထောက်အကူပြုစေဖို့ ဆောင်ရွက်တာပါ။ ဒီလမ်းကြောင်းက ရန်ကုန်မြို့ပြဧရိယာကို အတိုဆုံးချိတ်ဆက်နိုင်တဲ့ လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။ လာမယ့်နှစ်ပေါင်း ၂၀ /၃၀ မှာ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ ကုန်စည်စီးဆင်းမှုက ဒီထက်ပိုပြီးများလာမှာဖြစ်တဲ့အတွက် ယာဉ်ကြီးတွေ ကုန်စည်ကို ကောင်းစွာသယ်ယူပို့ဆောင်သွားလာနိုင်စေဖို့အတွက်ကို မျှော်မှန်းပြီး ဆောင်ရွက်တာပါ။ ဒါကို JICA ရဲ့အကူအညီနဲ့ ဂျပန်ချေးငွေနဲ့ ဆောင်ရွက်နေတာပါ။ တံတားကြီးကိုအပိုင်းသုံးပိုင်းနဲ့ခွဲပြီး တည်ဆောက်နေတာပါ။ အခုဆို သာကေတဘက်အခြမ်းမှာရှိတဲ့ Package – 3 အပိုင်းက ကုန်းပေါ်မှာလည်းဖြစ်တော့ တည်ဆောက်ရတာလည်းလွယ်တယ်။ ဒီအတွက်မှန်းထားတာထက်ကို တော်တော်လေးလုပ်ငန်းတွေက အောင်မြင်ပြီးစီးနေပါပြီ။ ကိုဗစ်ကလည်းဖြစ်ပြီး ရန်ကုန်တိုင်းမှာ Stay at Home တွေ လုပ်လိုက်တော့ ကျွန်တော်တို့ တည်ဆောက်ရေးအပိုင်းက အနည်းငယ်ဆိုင်းသွားတယ်။ဒါပေမဲ့ အပိုင်း(၃)ရဲ့ ပြီးစီးမှုရာခိုင်နှုန်းက ရည်မှန်းချက်ထက်ကို ကျော်နေတုန်းပါပဲ။ အပိုင်း(၁)နဲ့ (၂) က ရေထဲမှာလုပ်ရတော့ နည်းပညာပိုင်းအရအတော်လေးခက်တယ်။ကိုဗစ်ကြောင့် ဂျပန်ပညာရှင်တွေ မရောက်နိုင်သေးတော့ လုပ်ငန်းပြီးစီးမှုက နည်းနေတာပါ။ ကိုဗစ်အခြေအနေကောင်းရင်တော့ သတ်မှတ်ထားတဲ့လျာထားချက်အတိုင်း လုပ်ငန်းတွေ ပြန်ဆောင်ရွက်သွားနိုင်မှာပါ"ဟု တံတားဦးစီးဌာန ပဲခူးမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းရုံးမှ အင်ဂျင်နီယာချုပ် ဦးထွန်းလင်းက ပြောသည်။

ယင်း ပဲခူးမြစ်ကူးတံတားသစ်ကြီးတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၉ ခုနှစ် မေလတွင် စတင်ခဲ့သည်။ စီမံကိန်းအပိုင်း(၁) Package 1 သည် သန်လျင်ဘက်အခြမ်းမှစတင်ကာ PC Box Girder Bridge နှင့် Steel Box Girder Bridge အပိုင်းများပါဝင်ပြီး ရေလယ်တွင်ရှိသော စတီးလ်ကြိုးဆိုင်းတာဝါတိုင် ( Steel Cable Stayed Bridge)အစအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းအပိုင်းတွင် သန်လျင်ကုန်းပေါ်ဘက်အခြမ်းရှိ ဖောင်ဒေးရှင်းအပိုင်းများပြီးစီးနေပြီး မြေပေါ်သို့စတက်ကာ ကော်လံတိုင်များ ပြီးစီးနေပြီဖြစ်သည်။ ထပ်မံ၍ ချဉ်းကပ်လမ်းပိုင်း ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ ထိုအပိုင်း(၁) သည် အရှည် ၁၃၁၂ မီတာရှိပြီး လက်ရှိတွင်လုပ်ငန်းပြီးစီးမှု ၄၉ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။

စီမံကိန်းအပိုင်း(၂) Package 2 သည် ပင်မတံတားအပိုင်းဖြစ်ပြီး စတီးလ်ကြိုးဆိုင်းတာဝါတိုင် ( Steel Cable Stayed Bridge)အပိုင်းများနှင့် Steel Box Girder Bridge နှင့် PC Box Girder Bridge များပါဝင်ကာ သာကေတဘက်အခြမ်း စီမံကိန်းရုံးရှေ့ရှိ ကွန်ကရစ်ခင်းထားသောတံတား Embankment Toll Gate အပိုင်းထိ ပါဝင်ကြောင်း သိရသည်။ လက်ရှိတွင် ရေထဲအပိုင်းတွင် PR တိုင် နံပါတ်(၆) မှ PR တိုင် (၂၂ )သာကေတဘက်ခြမ်းအထိ ပဲခူးမြစ်အတွင်း ဂျပန်နည်းပညာအတိုင်း ဖောင်ဒေးရှင်းအပိုင်းများ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။ ထိုအပိုင်း(၂)သည် အရှည် ၁၃၆၃ မီတာရှည်ပြီး လုပ်ငန်းပြီးစီးမှုသည် ၅၀ ရာခိုင်နှုန်းကျော်လာပြီဖြစ်သည်။ ယင်းစီမံကိန်းအပိုင်း Package 1&2 ကို Sumitomo Mitsui Construction နှင့် Yokogawa Bridge Construction JV တို့က တာဝန်ယူဆောင်ရွက်နေပြီး တည်ဆောက်ရေးကာလ ၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ အပြီးဆောင်ရွက်သွားရန် လျာထားကြောင်း သိရသည်။

တံတားကြီး၏ စီမံကိန်းအပိုင်း(၃) Package – 3 သည် လက်ရှိတွင် သာကေတဘက်အခြမ်း သန်လျင်တံတားဟောင်း တိုးဂိတ် (ကောက်ခံရေးဂိတ်) အနီးမှ ၁၀၈ တောင်ဘုရားအနီး သာကေတအပိုင်းနားအထိ ခုံးကျော်ဒီဇိုင်းဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။ ထိုအပိုင်းသည် ကုန်းပေါ်တွင်ဆောင်ရွက်ရသည့် အပိုင်းဖြစ်သောကြောင့် လုပ်ငန်းများ အောင်အောင်မြင်မြင်ပြီးစီးကာ မိုးပျံတံတားအဖြစ် ရုပ်လုံးပေါ်လာပြီဖြစ်သည်။ လက်ရှိတွင် ကြမ်းခင်းလောင်းခြင်းနှင့် လက်ရန်းပိုင်းများ ဆောင်ရွက်နေကြောင်း သိရသည်။ တံတားကင်းလွတ်အမြင့် ၁၈ ပေ ၊ အရှည် ၈၂၅ မီတာရှိကာ လက်ရှိတွင်လုပ်ငန်းပြီးစီးမှု ၈၃ ရာခိုင်နှုန်းကျော်ရှိလာပြီဖြစ်သည်။ ယင်းအပိုင်းကို Tokyu Construction က တာဝန်ယူ တည်ဆောက်နေပြီး ၂၀၁၉ ခုနှစ် မေလမှ ၂၀၂၁ ခုနှစ် မေလတွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တံတားကြီးသည် ပင်မနှင့် ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်းအရှည်သည် မီတာ ၃၅၀၀ ရှိသည်။ လက်ရှိအသုံးပြုဆဲ သန်လျင်တံတားဟောင်းနှင့် ၁၂၅ မီတာ အကွာတွင် တည်ဆောက်နေခြင်းဖြစ်သည်။ ယာဉ်သွားလမ်း အသွားနှစ်လမ်း၊ အပြန်နှစ်လမ်းဖြင့် လေးလမ်းသွားဖြစ်သည်။ ခံနိုင်ဝန်သည် ကားတစ်စီးချင်း ၇၅ တန်ရှိသောကားကြီးများ သွားလာနိုင်မည်ဖြစ်သည်။ ထိုတံတားစီမံကိန်းကို Japan International Cooperation Agency (JICA) ၏ ဂျပန်နိုင်ငံချေးငွေဖြင့် ဂျပန်ယန်း ၃၁ ဘီလီယံ အကုန်ကျခံကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းရုံးမှ သိရသည်။

**မြင့်မောင်ကျော်**

# ကိုဗစ်-၁၉ ရောဂါ ခံစားနေရသော ပြည်သူများအတွက် ကိုရီးယားနိုင်ငံမှ ဆန်တန်ချိန် ၆၀၀ လှူဒါန်း

**တောင်ကြီး ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကိုရီးယားနိုင်ငံမှ ဆန်တန်ချိန် ၅၄ တန်ကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကိုရီးယား နိုင်ငံကိုယ်စား ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က လက်ခံရယူသည်။ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦးက လက်ခံရယူသည်။

ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ခံစားနေရသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မွန်၊ ရှမ်းနှင့် ဧရာဝတီစသည့် တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုအား ဆန်လှူဒါန်းမှုတွင် ကချင်ပြည်နယ်သို့ ဆန်တန်ချိန် ၄၈ တန်၊ ကယားပြည်နယ်သို့ ဆန်တန်ချိန် ၁၀ တန်၊ ကရင်ပြည်နယ်သို့ ဆန်တန်ချိန် ၅၃ တန်၊ ချင်းပြည်နယ်သို့ ဆန်တန်ချိန် ရှစ်တန်၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ ဆန်တန်ချိန် ၈၄ တန်၊ တနင်္သာရီတိုင်းဒေသကြီးသို့ ဆန်တန်ချိန် ၂၄ တန်၊ မကွေးတိုင်းဒေသကြီးသို့ ဆန်တန်ချိန် ၁၀၀၊ မွန်ပြည်နယ်သို့ ဆန်တန်ချိန် ၇၃ တန်၊ ရှမ်းပြည်နယ်သို့ ဆန်တန်ချိန် ၅၄ တန်၊ ဧရာဝတီတိုင်းဒေသကြီးသို့ ဆန်တန်ချိန် ၁၄၆ တန် စုစုပေါင်း ဆန်တန်ချိန် ၆၀၀ ကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)





## ပွင့်ဖြူမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ပွင့်ဖြူ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမဆောင်သစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် တိုင်းဒေသကြီးအတွင်း ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းက မိမိတို့မြို့၊ ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးပြောကြားပြီး ဗိုလ်ဥတ္တမခန်းမဆောင် အဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ယူဆောက်လုပ်သည့် ကျော်သာဆောက်လုပ်ရေးကုမ္ပဏီမှ Project Manager ဦးကျော်ဆွေက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုဆောက်လုပ်ပြီးစီးသည့် ဗိုလ်ဥတ္တမခန်းမဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၄၀၊ အာရ်စီတစ်ထပ် အမျိုးအစားဖြစ်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၄ ဒသမ ၅၂၈ သန်းဖြင့် ကျော်သာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုလဆန်းပိုင်းတွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ရဲဝင်းနိုင် ( ပြန်/ဆက် )

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးမိသားစုများက နှာခေါင်းစည်း ၂၁၂၁၀၀ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ၌ အသုံးပြုနိုင်ရန် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အင်းစိန်ဂျီတီအိုင် ကန့်သတ်စောင့်ကြည့်ရေးစင်တာ (၁)၌ ကျင်းပသည်။



ထိုသို့ လှူဒါန်းရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးမှ မြန်မာသံရုံး မိသားစုများကိုယ်စား အင်းစိန်ဂျီတီအိုင် ကန့်သတ်စောင့်ကြည့်ရေးစင်တာ တာဝန်ခံ ရွာမအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းက နှာခေါင်းစည်း ၂၁၂၁၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယခုလှူဒါန်းလာသည့် နှာခေါင်းစည်း အခု ၂၁၂၁၀၀ ကိုဒီဇင်ဘာ ၃၀ ရက်တွင် အင်းစိန်မြို့နယ်(၂၁)ရပ်ကွက်ရှိ လူစည်ကားရာလမ်းများ၊ ကားဂိတ်၊ ကားမှတ်တိုင်များ၊ ဈေးများ၌ ကိုဗစ် - ၁၉ ကော်မတီမှ တာဝန်ရှိသူများ ဦးဆောင်၍ ဝန်ထမ်းများ၊ လူမှုရေး ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့များက အခမဲ့ ဝေငှပေးပြီး နှာခေါင်းစည်းများ တပ်ဆင်ရေးလှုပ်ရှားမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်ကိုဗစ်ကော်မတီထံမှ သိရသည်။

ဉာဏ်ဟိန်း

## ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး အခြေပြုကင်းစခန်းသို့ ကွင်းဆင်းစစ်ဆေး

**မတ္တရာ ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုးနှင့် ဒုတိယတိုင်းဦးစီးဌာနမှူး ဦးခင်မောင်ထွန်းတို့သည် စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးနေလင်း၊ မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်ခိုင်တို့လိုက်ပါလျက် ယမန်နေ့က ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးအခြေပြုကင်းစခန်းသို့လာရောက်ပြီး ဧရာဝတီလင်းပိုင်ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် တရားမဝင်ငါးဖမ်းဆီးမှု မရှိစေရေး ကင်းလှည့်ပူးပေါင်းအဖွဲ့အား အန္တရာယ်ကို သတိပြု၍ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရေချမ်းပြင် ရေငန်ပုစွန်မွေးမြူရေး သရုပ်ပြစခန်းနှင့် ပုစွန်ကန်များစစ်ဆေး

**စစ်တွေ ဒီဇင်ဘာ ၂၈**

ရခိုင်ပြည်နယ် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ်အစိုးရ ခွင့်ပြုငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာရှိ ရေငန်ပုစွန်မွေးမြူရေးသရုပ်ပြစခန်းသို့ စစ်တွေခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်တင်စောသည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေချမ်းပြင်ပုစွန်သားဖောက်စခန်းတာဝန်ခံ ဦးကျော်ထွန်းဇံက စခန်း၏ သားဖောက်လုပ်ငန်းများနှင့် ရုံးလုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက်ခရိုင်ဦးစီးမှူးသည် ကျတ်တောပြင်၊ ရေချမ်းပြင်ကျေးရွာများရှိ ပုစွန်ကန်များသို့ သွားရောက်၍ ပုစွန်ကန်များ အမှန်တကယ် မွေးမြူနေခြင်းရှိ၊ မရှိ လက်ရှိ ပုစွန်မွေးကန်များ၏ အခြေအနေအား မြေပြင်ကွင်းဆင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ ဂျီအီးစီ(ပညာရေး)ငွေစုငွေချေးသမဝါယမအသင်း လီမိတက်က အသင်းသား အသင်းသူ ၁၂၄၀ သို့ ငွေကျပ် ၁၈၆ သိန်းကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် နယ်မြေမှူးများမှတစ်ဆင့် ထောက်ပံ့ပေးအပ်စဉ်။


သတင်းစဉ်

## ချောင်းဆုံမြို့နယ်အတွင်း ငါးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ တာဝန်ပေးအပ်ချက်အရ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ခရိုင်ဦးစီးမှူး ဦးလှမင်းဇော် ဦးဆောင်သောအဖွဲ့က နတ်မော်အရှေ့သောင် တင်ဒါသောင်ဆွဲပိုက်၏ လုပ်ကွက်အတွင်း မျှောပိုက်များ ဝင်ရောက်ဖမ်းဆီးနေမှုကို ရေလုပ်သားများ နှင့် သွားရောက်ဆွေးနွေးခဲ့ပြီး ကညော်သောင်ဆွဲပိုက်ချက်၊ MOC သောင်ဆွဲပိုက်ချက်နေရာများ၌ ဆွဲပိုက်များဖြင့် ငါးဖမ်းဆီးမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကိုဗစ် – ၁၉ ကာလအတွင်း ဝေဒနာရှင်များ သွေးလိုအပ်မှုပြည့်စုံစေရေးအတွက် ဒီဇင်ဘာ ၂၈ ရက်က အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ ကွပ်ကဲရေးမှူး ယာယီရဲမှူးချုပ် ဝင်းမင်းသိန်း၏ ကြီးကြပ်မှုဖြင့် အမှတ်(၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မင်းဝင်းစိုး ဦးစီးသည့် တပ်ဖွဲ့ဝင် ၈၂ ဦးတို့ စုပေါင်း၍ ရန်ကုန်အမျိုးသားသွေးဌာန၌ ၆၆ ကြိမ်မြောက် သွေးလှူဒါန်းကြစဉ်။

တင်ဝင်းတင်

# ဘေးအန္တရာယ်များနှင့်ရင်ဆိုင်ရချိန်တွင် အရေးကြီးသည့် ကြံ့ကြံ့ခံနိုင်စွမ်းအား

## ကောင်းမွန်

**ယခုအချိန် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ရင်ဆိုင်နေရသည်မှာ ခက်ခဲလှသည့်အချိန်ပင် ဖြစ်သည်။ သို့ရာတွင် မိမိတို့သည် ယခုထက်ဆိုးရွားသည့်အချိန်၊ ယခုထက်ဆိုးရွားသည့်ဖြစ်ရပ်များကို ကြုံတွေ့ခဲ့ရသည်။ အထိတ်တလန့် မဖြစ်ကြဘဲ ရဲစွမ်းသတ္တိရှိရှိ တည်တည်ငြိမ်ငြိမ်နေကြပြီး တစ်ဦးအပေါ်တစ်ဦး အားထားမှီခိုကြခြင်းဖြင့်သာ ယင်းအခက်အခဲများကို ကျော်လွှားနိုင်မည် ဖြစ်သည်။**

အမေရိကန်သမ္မတ ဘီကလင်တန်၏ ဒုတိယ သက်တမ်း ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း ပထမ ဦးဆုံး အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးသူ မယ်ဒလင်းအောဘရိုက်က ယခုနှစ် ဧပြီလအတွင်း နယူးယောက်တိုင်းမ်သတင်းစာ၌ ရေးသားခဲ့သည့် **"ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရချိန်တွင် (အရေးကြီးသည့်) ကြံ့ကြံ့ခံနိုင်စွမ်းအား" ဆောင်းပါးမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကာလတွင် အထိတ်တလန့်မဖြစ်ကြဘဲ ရဲစွမ်းသတ္တိရှိရှိ တည်တည်ငြိမ်ငြိမ်နေကြပြီး တစ်ဦးအပေါ်တစ်ဦး အားထားမှီခိုကြခြင်းဖြင့်သာ အခက်အခဲများကို ကျော်လွှားနိုင်မည် ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။**

### ယာယီမှီခိုရာ အဆောက်အအုံတစ်ခု

မယ်ဒလင်းအောဘရိုက်အနေဖြင့် ဦးဆုံးပြန်လည် အမှတ်ရမိသည်မှာ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၀ ပြည့်နှစ်များအတွင်း လန်ဒန်မြို့ ကင်စတန်ပန်းခြံလမ်းရှိ မီးဖိုချောင်လေး တစ်ခုနှင့် အိပ်ခန်းငယ်လေးနှစ်ခု ပါရှိသည့် တိုက်ခန်းတစ်ခုဖြစ်ပြီး ယင်းတိုက်ခန်းမှာ နာဇီတို့ သိမ်းပိုက်ထားသည့် ဥရောပတိုက် ဒေသအနှံ့မှ ဒုက္ခသည်များ ယာယီမှီခိုရာအဖြစ် အသုံးပြုခဲ့ကြသည့် အဆောက်အအုံတစ်ခုပင် ဖြစ်သည်။

၎င်းတို့၏ နေ့စဉ်အတွေ့အကြုံမှာ ရာရှင်စနစ်ဖြင့် ဝေငှသည့် အစားအစာများ၊ နေအိမ်ပြင်ပသို့ မထွက်ရ အမိန့်များ၊ နေအိမ်ပြင်ပသို့ အလင်းရောင်မထွက်စေရန် အသုံးပြုထားသည့် ခန်းဆီးထူထူများနှင့် အရာရာအားလုံး နီးပါး ပြတ်တောက်မှုဖြင့် ပုံဖော်ထားခြင်းဖြစ်သည်။

လန်ဒန်မြို့ကို လေကြောင်းမှ တိုက်ခိုက်ချိန်များ အတွင်း မြို့ခံများအနေဖြင့် ရပ်ကွက်များအတွင်း စုဝေးကြ၍ မျက်နှာကြက်နိမ့်သည့် မြေအောက်ခန်းများအတွင်း သီချင်းများ သီဆိုကြပြီး ဘီစကွတ်မုန့်များ၊ လက်ဖက် ရည်များ မျှဝေသုံးဆောင်ကြသည်။

တစ်ခုသော နေ့လယ်ခင်းတွင် အောဘရိုက်၏ ဖခင်ဖြစ်သူသည် လေကြောင်းရန်အချက်ပေးသံကို လျစ်လျူရှုကာ ရေဒီယိုအသံထုတ်လွှင့်မှုအတွက် ဇာတ်ညွှန်းကို အပြီးသတ်ရန် အပေါ်ထပ်၌ ဆက်လက် နေခဲ့သည်။ ပျံ့လွင့်လာသည့် ဖုံးများ၊ ဖုံးဆန်များက ယင်းအဆောက်အအုံကို များစွာတုန်ခါစေသဖြင့် ၎င်း၏ ဖခင်ဖြစ်သူမှာ စားပွဲခုံအောက်သို့ ဦးစွာဝင်ပုန်းခဲ့ပြီးနောက် ကျန်ရှိသူများ ပုန်းအောင်းနေရာ မြေအောက်ခန်းသို့ ပြေးဝင်လာခဲ့ရသည်။

အခြားဖြစ်ရပ်တစ်ခု၌ အိမ်နီးချင်း အိမ်ခန်းအမျိုး သမီးငယ်တစ်ဦးသည် ကံကြမ္မာကို အရဲကိုး၍ အနီးအနား ရှိ အရက်ဘားတစ်ခုသို့ ဂိမ်းဆော့ရင်း အဖျော်ယမကာ သုံးဆောင်ရန် တိမ်းရှောင်ခဲ့ရာ ယင်းညပိုင်းတွင် ၎င်းအရက်ဘားမှာ တိုက်ရိုက်ဗုံးမှန်ခဲ့သဖြင့် အဆိုပါ အမျိုးသမီးမှာ သေလုနီးပါးဖြစ်ခဲ့သည်။ သို့ရာတွင် သူမသည် အသက်မသေခဲ့ဘဲ အသက် (၁၀၃) နှစ်အထိ ရှင်သန်နေထိုင်သွားခဲ့ကြောင်း နောက်ပိုင်းတွင် ကြားသိ ခဲ့ရပါသည်။

လူသားများမှာ အမှန်တကယ်ပင် ကြံ့ကြံ့ခံနိုင်စွမ်း ရှိသည့် မျိုးနွယ်တစ်ခုပင် ဖြစ်သည်။

### အမှန်တကယ် ထူးဆန်းခဲ့သည်မှာ

မယ်ဒလင်းအောဘရိုက်အနေဖြင့် အေးဆေးပြီး သတ္တိရှိသည့် မိဘနှစ်ပါးကြောင့် (မစ်ကီမောက်စ် နားရွက် ဖြင့်) ဓာတ်ငွေ့ကာမျက်နှာဖုံးအား စွပ်ထားရခြင်းကို လည်းကောင်း၊ အန္တရာယ်ရှိသည့် မိုးကောင်းကင်အောက်၌ ကြိုးခုန်တမ်းကစားရသည်ကိုလည်းကောင်း အထူး အဆန်းဟု မထင်မှတ်ခဲ့ပေ။ ထိုအချိန်က အမှန်တကယ် ထူးဆန်းခဲ့သည်မှာ (ရှားပါးလှသည့်) ထောပတ်စစ်စစ်နှင့်

> **လက်ရှိအချိန်မှာ အကောင်းဆုံးမဟုတ်သည့်တိုင် ပိုမိုဆိုးရွားသည့် အရာများစွာကို မြင်တွေ့ခဲ့ကြသည်။ ယင်းကဲ့သို့ ပုံမှန်မဟုတ်သည့် ကာလမျိုးနှင့် ကြုံတွေ့လာရသည့်အခါ မိမိတို့ကိုယ်ကို ပိုမိုကြိုးပမ်းအားထုတ်မှုရှိစေရေး၊ မိမိတို့ တစ်ဦးနှင့်တစ်ဦးအကြား ဆက်ဆံရေးအပေါ် ပြန်လည်ဆန်းစစ်ရေး၊ မိမိတို့၏နေ့စဉ်ဘဝကို ပုံဖော်ပေးနေသည့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအဆောက်အအုံတို့ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အလေးအနက် စဉ်းစားကြစေရန် အခွင့်အခါကောင်းတစ်ရပ်အဖြစ် ရှုမြင်သင့်။**

လတ်ဆတ်သည့်အသီးအနှံတို့ပင် ဖြစ်ကြသည်။

ယင်းနောက်ပိုင်း ဆယ်စုနှစ်များစွာအတွင်း အောဘရိုက်အနေဖြင့် အမေရိကန်အစိုးရအဖွဲ့၌ ပါဝင်၍ တာဝန်ထမ်းရွက်ခဲ့ဖူးသလို ပြင်ပ၌လည်း အခြားသော တာဝန်များ ထမ်းဆောင်ခဲ့ဖူးရာ လွန်စွာထူးခြားလှသည့် အခြေအနေမျိုးစုံကို ဖြတ်ကျော်ရှင်သန်သူများက ၎င်း၏ ဘဝအတွေ့အကြုံကို ပိုမိုပြည့်ဝစေခဲ့သည်။

၎င်းအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း ယူဂန္ဒာနိုင်ငံ၌ ဆုံတွေ့ခဲ့သည့် ခြောက်နှစ်သားကလေးငယ်တစ်ဦးမှာ သေဆုံးနေပြီဖြစ်သည့် မိခင်၏ခန္ဓာကိုယ်အောက်မှ ရုန်းထွက်ပြီးနောက် ညီမငယ်ဖြစ်သူကို ကျောပိုးကာ ကယ်ဆယ်ရေးစခန်းတစ်ခုသို့ရောက်အောင် မိုင်ပေါင်းများစွာ လမ်းလျှောက်ခဲ့သူဖြစ်သည်။ အောဘရိုက်သည် ဆီရီယာ လီယွန်နိုင်ငံ၌ သေနတ်ကျည်ဆန်ကြောင့် လက်မောင်း တစ်ဖက်ကို ဆုံးရှုံးခဲ့ရသည့် သုံးနှစ်သမီးတစ်ဦးနှင့် ဆုံတွေ့ခဲ့ရာ ယင်းမိန်းကလေးမှာ နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုရှိ မိသားစုတစ်ခုမှ မွေးစားခံရပြီး ဝါရှင်တန်ဒီစီ၌ အောဘရိုက်နှင့် တစ်လမ်းတည်းနေထိုင်သူ အဖြစ် ရောက်ရှိလာခဲ့သည်။ ဘော့စနီးယားနိုင်ငံ၌လည်း ဆွယ်ဘရန်နီဆာကျေးရွာအနီး အသတ်ခံရသည့် အမျိုးသား များ၏ ကျန်ရစ်သူဇနီးများ၊ မိခင်များနှင့်ဆုံတွေ့၍ ၎င်းတို့၏ လက်များကို ဆုပ်ကိုင်အားပေးခဲ့ဖူးပါသည်။ ထိုင်းနိုင်ငံ၌ လည်း လိင်ပိုင်းဆိုင်ရာ လူမှောင်ခိုသမားများ၏ လက်တွင်းမှ လွတ်မြောက်လာခဲ့သည့် ဆယ်ကျော်သက်မိန်းကလေးများ နှင့်ဆုံတွေ့ခဲ့ရာ ၎င်းတို့အနေဖြင့် စိတ်ပိုင်းဒဏ်ရာများ ရရှိထားလင့်ကစား ဘဝကိုအကြောက်အရွံ့မရှိဘဲ နေထိုင် သွားရန် ရည်မှန်းထားကြကြောင်း တစ်ဦး၏ဆံပင်ကို တစ်ဦးက ကျစ်ပေးရင်း ပြောကြားခဲ့သည်နှင့် ကြုံခဲ့ဖူး ပါသည်။

### ဂျော့တောင်းတက္ကသိုလ်

အောဘရိုက်သည် ဝါရှင်တန်ဒီစီရှိ ဂျော့တောင်း တက္ကသိုလ်၌ သင်ကြားပြသစဉ်ကလည်း အတူစာသင်ကြား သည့်ပါမောက္ခတစ်ဦးဖြစ်သူ ဂျန်ကာစကီမှာ ဒုတိယကမ္ဘာ စစ်အတွင်း ဟစ်တလာ၏အမိန့်ဖြင့် ဂျူးလူမျိုးများအား ဓာတ်ငွေ့ခန်းများသို့ ပို့ဆောင်မှုကို မျက်မြင်ကြုံတွေ့ခဲ့ရ ပြီးနောက် စစ်မက်ကာလအတွင်း ပိုလန်နိုင်ငံမှ ဦးစွာဗြိတိန် သို့ ယင်းနောက် အမေရိကန်ပြည်ထောင်စုသို့ တိမ်းရှောင် လာခဲ့သူ ဖြစ်သည်။

အောဘရိုက်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ၎င်း၏ဇာတိ ဖြစ်သည့် ချက်သမ္မတနိုင်ငံ၏ ခေါင်းဆောင်ဖြစ်သူ ဗက်ခ်လက်ဟာဗယ်နှင့်လည်းကောင်း၊ တောင်အာဖရိက နိုင်ငံ၌ နိုင်ငံရေးအကျဉ်းသားအဖြစ် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရသူ နယ်ဆင်မန်ဒဲလားနှင့် လည်းကောင်း နီးကပ်စွာ လက်တွဲလုပ်ကိုင်ခဲ့ပါသည်။ ထို့ပြင် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် ဒေသအနှံ့အပြား၌ တာဝန်ထမ်းဆောင် နေကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၊ လေကြောင်း ပိုင်းလေ့များ၊ သံတမန်များ၊ ကူညီထောက်ပံ့မှုဝန်ထမ်းများ၊ သင်ကြားရေး၊ တည်ဆောက်ရေးကဏ္ဍတို့၌ အပျော်တမ်း ကျွမ်းကျင်သူများအဖြစ် တာဝန်ထမ်းရွက်နေသူများနှင့် လည်း တွေ့ဆုံခဲ့ဖူးရာ ၎င်းတို့တာဝန်ထမ်းဆောင်ရာ ဒေသ များမှာ ခက်ခဲကြမ်းတမ်းမှုများ၊ အသစ်တစ်ဖန် ဖြစ်ပေါ် လာတတ်သည့် ပဋိပက္ခများနှင့် နေ့စဉ်နီးပါးလိုလို ကြုံတွေ့ နေရသည့်နေရာများပင် ဖြစ်ကြပါသည်။

ဘီကလင်တန်သည် သမ္မတအဖြစ် တာဝန် ထမ်းဆောင်စဉ်ကာလအတွင်း "သာမန်" ဘဝတစ်ခု၏ သိမ်မွေ့သည့် ထူးခြားဆန်းကြယ်မှုတို့နှင့် ပတ်သက်၍ မကြာခဏပြောကြားလေ့ရှိသည်။ သို့ရာတွင် လူတို့သည် ယင်း "သာမန်" ဆိုသည်ကို 'ဖြစ်ရိုးဖြစ်စဉ်' မျိုး မဟုတ်သကဲ့ သို့ 'မလွဲမရှောင်နိုင်သည့်' အရာမျိုး မဟုတ်ကြောင်း စဉ်းစား မိလေ့ ရှိတတ်သည်။ လူသားတို့အနေဖြင့် အကောင်းဆုံး ကြိုးပမ်း၍ တည်ဆောက်တတ်ကြပြီး ရေရှည်တည်တံ့စေရန် အားထုတ်တတ်ကြသည့်အလျောက် ယေဘုယျအားဖြင့် တင်းတိမ်ကျေနပ်ပြီး နေတတ်သည့် လူမှုအဖွဲ့အစည်းတစ်ခု ဆိုသည်မှာ ရှားပါးလှသည့်ကိစ္စရပ်ပင် ဖြစ်သည်။

### လူ့ယဉ်ကျေးမှုစနစ်များ

လူသားတို့သည် ချို့ယွင်းချက်များ၊ အားနည်းချက်များ ရှိလင့်ကစား ကြီးကျယ်လှသည့် လူ့ယဉ်ကျေးမှုစနစ်များကို တည်ဆောက်ခဲ့ကြသည်။ ဝမ်းနည်းဖွယ် ကပ်ဆိုးကာလ မျိုးမှတစ်ပါး အတူယှဉ်တွဲ နေထိုင်ကြရန်၊ အေးချမ်းစွာ နေထိုင်တတ်ရန် လေ့လာသင်ယူခဲ့ကြသည်။ သို့ရာတွင် ယင်းကဲ့သို့ အားထုတ်ကြိုးပမ်းရရှိလာသည့် အောင်မြင်မှု များမှာ အခက်အခဲတစ်စုံတစ်ရာမရှိဘဲ ရရှိလာခြင်း မဟုတ်ပေ။ လူသားဆန်ဆန် နေထိုင်တတ်ဖို့ရာ အကြိမ်ကြိမ် အဖန်ဖန်စစ်ဆေးမှုများကို ဖြတ်သန်းခဲ့ကြရသည်။ ရံဖန်ရံခါ တစ်ပါးသူများထံမှ အကူအညီများ ရယူခဲ့ကြရသည်။

မိမိတို့သည် 'သာမန်'နှင့်ပတ်သက်၍ အမျိုးမျိုး ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူတတ်ကြသည်။ အိုးမဲ့အိမ်မဲ့ တစ်ဦးနှင့် ဘီလီယံချီ ချမ်းသာကြွယ်ဝသူတစ်ဦးတို့၏ လုပ်ရိုးလုပ်စဉ်မှာ ကွာခြားသည်။ ဒုက္ခသည်တစ်ဦး အနေဖြင့် အောင်မြင်သည့်ရှေ့နေတစ်ဦးကဲ့သို့ အရာရာ ကို ပုံမှန်အတိုင်း လုပ်ဆောင်သွားရန် များစွာစိတ်အား ထက်သန်မည် မဟုတ်ပေ။ အသက် ၈၃ နှစ် ပြည့်တော့မည့် ဘိုးဘွားတစ်ဦးက လောကကြီးအပေါ် ရှုမြင်သကဲ့သို့ ငါးနှစ်သားတစ်ဦးက ရှုမြင်လိမ့်မည် မဟုတ်ပေ။

မိမိတို့သည် အတိတ်ကို တသသလွမ်းသူများဖြစ်ဖြစ် သို့မဟုတ် အသစ်အဆန်းကို ရှာဖွေလိုသူဖြစ်ဖြစ်၊ အခြေအမြစ်မှ ပြုပြင်ပြောင်းလဲလိုသူများဖြစ်ဖြစ် (သို့တည်းမဟုတ်) ရှေးဟောင်းအမွေအနှစ်များနှင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်လိုသူများ ဖြစ်ဖြစ် သာမန်မဟုတ်သည့်အခြေအနေအချိန်အခါမျိုး တွင် မိမိတို့ကိုယ်ကိုနှင့် အခြားသူများအကြောင်းကို ပိုမိုလေ့လာသိရှိတတ်ကြသည်။ မိမိတို့၏ခံစားချက်များ အပေါ် သာမန်အားဖြင့် ထိန်းပေးသည့် ရှော့ဘားကဲ့သို့ အရာများမှာ ယင်းအချိန်မျိုးတွင် ကောင်းစွာအလုပ် မလုပ်ကြတော့ပေ။ မိမိတို့၏အစီအစဉ်များ ပျက်ပြား သွားတတ်ပြီး မိမိတို့၏ဦးစားပေးကိစ္စရပ်များ ပြောင်းလဲ သွားတတ်သည်။ မိမိတို့ ကြုံလှီသေးငယ်သွားကြသည်။ မိမိတို့ ဖွံ့ဖြိုးကြီးထွားလာကြသည်။ သေဆုံးကောင်း သေဆုံးကုန်ကြမည်။ တစ်သမတ်တည်း ရှိနေကြမည် မဟုတ်ပေ။ ယင်းမှာ လူသားများနှင့်သာမက တိုင်းပြည် များနှင့်လည်း မှန်ကန်သည့်အချက်ပင် ဖြစ်သည်။

### စိတ်ပညာကို ကောင်းစွာနားလည်

အောဘရိုက်က ၎င်းအနေဖြင့် စိတ်ပညာကို ကောင်းစွာနားလည်ကြောင်း မဆိုလိုသော်လည်း လူသားတို့သည် အပြစ်အနာရှာလိုသူများ ရည်ညွှန်း လိုသည်ထက် ပိုမိုသန်စွမ်းပြီး ကျင့်ဝတ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ပိုမိုရဲစွမ်းသတ္တိရှိကြကြောင်း မှတ်ယူထား သည်။ ရှေးဟောင်းဒဏ္ဍာရီအရ ဆိုးကျိုးတရားများ ထည့်ထားသည့်သေတ္တာကို ပန်ဒိုရာက ဖွင့်လိုက်ပြီးနောက် လူသားများကို ကတိပြုခဲ့သည့် နတ်ဘုရားတို့၏ လက်ဆောင်မှာ "မျှော်လင့်ချက်" ပင် ဖြစ်သည်။

အောဘရိုက်ကို ဘဝနှင့် ကမ္ဘာ့ရေးရာများအပေါ် ထားရှိသည့် ၎င်း၏အမြင်နှင့်ပတ်သက်၍ မေးမြန်းလာ တိုင်း ၎င်းကအပြုသဘော ရှုမြင်တတ်သူတစ်ဦး ဖြစ်ကြောင်း ဖြေကြားလေ့ရှိတတ်သည်။ အမှန်စင်စစ် ၎င်းအနေဖြင့် များစွာစိုးရိမ်ပူပန်တတ်သည်။ လက်ရှိ အချိန်မှာ အကောင်းဆုံး မဟုတ်သည့်တိုင် ပိုမိုဆိုးရွား သည့်အရာများစွာကို မြင်တွေ့ခဲ့ကြသည်။ ယင်းကဲ့သို့ ပုံမှန်မဟုတ်သည့် ကာလမျိုးနှင့် ကြုံတွေ့လာရသည့် အခါ မိမိတို့ကိုယ်ကို ပိုမိုကြိုးပမ်းအားထုတ်မှုရှိစေရေး၊ မိမိတို့ တစ်ဦးနှင့်တစ်ဦးအကြား ဆက်ဆံရေးအပေါ် ပြန်လည်ဆန်းစစ်ရေး၊ မိမိတို့၏နေ့စဉ်ဘဝကို ပုံဖော်ပေး နေသည့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအဆောက်အအုံ တို့ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အလေး အနက် စဉ်းစားကြစေရန် အခွင့်အခါကောင်းတစ်ရပ် အဖြစ် ရှုမြင်သင့်သည်။

လူတို့သည် အတိတ်ကာလတွင် ကြီးမားလှသည့် အခက်အခဲများကို ကျော်လွှားအောင်မြင်ခဲ့သူများထံမှ စေ့ဆော်မှုများဖြင့် မိမိတို့ရည်မှန်းထားသည့် သာမန် အခြေအနေသစ်ကို အခြေအနေဟောင်းထက် ပိုမို ကောင်းမွန်ပြီး တရားမျှတ၍ ပိုမိုလုံခြုံစိတ်ချမှုရှိစေရေး အတွက် အလေးအနက်ဆောင်ရွက်ကြရန် လိုမည် ဖြစ်သည်။ ။

**Ref:**

**Madeleine Albright. "Resilience in the face of Disaster" The New York Time: 14 April 2020**

## အထူးဝမ်းနည်းကြေကွဲခြင်း
### (ကြည်း-၂၁၁၉၄)ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)
### (OTS-76) သီဟတပ်ခွဲ
### အသက်(၆၂)နှစ်

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း၊ မှော်ဘီမြို့မှာ (၉)လခွဲကြာ အတူတကွ သင်တန်းတက်ခဲ့ကြပြီး နှစ်စဉ် နှစ်ပတ်လည်တွေ့ဆုံလှူဒါန်းပွဲများမှာ သီဟ(၇၆)သူငယ်ချင်းများအပေါ် သံယောဇဉ်ကြီးမား မပျက်မကွက် လှူဒါန်းထောက်ပံ့လျက် သူငယ်ချင်းများထဲမှ တစ်ယောက်၊ ဗိုလ်လောင်း ကသ(၄၄) သူငယ်ချင်းဗိုလ်ကြီး ဝင်းမြင့်(ငြိမ်း)သည် ၂၄-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၆:၀၀ နာရီတွင် အမှတ်(၂)တပ်မတော် စစ်ဆေးရုံ(ခုတင်-၁၀၀၀)၌ မြင့်မြတ်သောဘုံဘဝသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(OTS-76) သီဟတပ်ခွဲမှသူငယ်ချင်းမိသားစုများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နွဲ့နွဲ့ဇင် (ခ) ဒေါ်မမကြီး (ပုသိမ်မြို့)
### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ်(၄၇)နေ (ဦးထွန်းဖေ-ဒေါ်မြမေ)တို့၏သမီး၊ (ဦးစိန်ထွန်း-ဒေါ်ကျင်ရွှေ)တို့၏သမီးချွေးမ၊ ဦးလေးမြင့်၏ဇနီး၊ ဦးကျော်ထွန်းဦး-ဒေါ်ခင်စန်းစန်းအောင်(ခေတ္တ-ဂျပန်)၊ (ဦးအောင်ဇော်ဝင်း)-ဒေါ်သီတာလေးမြင့်(QATAR AIRWAYS)၊ ဦးမင်းမင်းထွန်း-ဒေါ်ကလျာလေးမြင့်(မင်္ဂလာမွန်ဆေးဆိုင်)၊ (ဦးကျော်ဇင်မင်း) တို့၏ ချစ်လှစွာသော မွေးသမိခင်၊ (ဗိုလ်ကြီးညွန့်ဆွေ-ဒေါ်ခင်လေးမြင့်)တို့၏ညီမ၊ မြေး ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၁၂-၂၀၂၀ (စနေနေ့) ညနေ ၄:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဗောဓိညောင်ပင်၊ လမ်း/ တံတား၊ စာသင်ကျောင်း ဒါယကာကြီး

## ဦးလှိုင်ပွား (ခ) ဦးပွား
(ကျိုက်လတ်)

ယစ်မျိုး၊ ပြည်တွင်းအခွန်များ ဦးစီးဌာန(ငြိမ်း)

### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၂၄၈)၊ ကျိုက္ကဆံလမ်းနေ (ဦးဘိုးစိန်-ဒေါ်ဖွား)တို့၏ သား၊ (ဒေါ်တင်ရီ)၏ ခင်ပွန်း၊ (ဦးမိုးလှိုင်)၊ ဒေါ်ဝင်းဝင်းခိုင်၊ ဦးသန်းလှိုင် (အောင်ရွှေထီး)-ဒေါ်ယုယုဝေ(အောင်ရွှေထီး)၊ ဦးသန်းထက်မိုး-ဒေါ်ချောစုစုလှိုင်၊ ဦးဟန်ဝင်းလှိုင်-ဒေါ်ခင်ဆွေလတ်၊ ဦးကျော်သူရ-ဒေါ်တိုးတိုးလှိုင်၊ ဦးသက်နိုင်မင်း-ဒေါ် ယဉ်ယဉ်လှိုင်၊ ဒေါ်အေးကြည်ကြည်မြင့်တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ် ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၈-၁၂-၂၀၂၀(တနင်္လာနေ့) နံနက် ၃:၀၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက်တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

သစ် တော မှန် လျှင် အသုံး ဝင် အစဉ် ထာ ဝ ရ ထိန်း သိမ်း ကြ

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဦးတင်မြင့်
### အသက်(၈၉)နှစ်
### ဒုတိယညွှန်ကြားရေးမှူး(အနာကြီး) (ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ အလုပ်အမှုဆောင် ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာဦးတင်မြင့် အသက်(၈၉)နှစ်သည် (၂၆-၁၂-၂၀၂၀) (စနေနေ့) ညနေ(၄:၃၀)နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း**
**ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိုးလှိုင် အသက်(၈၃) နှစ်(လက်ပံတန်း)
**လ/ထညွှန်ကြားရေးမှူး၊ ဥပဒေ(ငြိမ်း)နိုင်ငံတော်သမ္မတရုံး**
**လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ(ငြိမ်း)၊ နာယက**

မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ်(၃၉၃/B) နေ ဒေါ်ခင်စန်းကြည်၏ခင်ပွန်းဖြစ်သူ ဦးစိုးလှိုင်သည် ၂၆-၁၂-၂၀၂၀ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့၊ လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကော်ရီလာ
### အသက် (၇၉) နှစ်

Myanmar Investment Service Co.,Ltd (The Hotel Kalaw Hill-Lodge and Nyaung Shwe City Hotel)မှ Director ဦးဘေစေး(ခ)ဦးသိန်းစိုးနှင့် ဒေါ်ကူမာရီ(Shwe Mann Jewellery)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ သားသမီး ခြောက်ယောက်၊ မြေး ၁၅ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁၂-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Director များနှင့် MIS ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာ ဒေါ်ကျင်ငွေး
### ပါမောက္ခ (သမိုင်းဌာန)
### အသက်(၇၈)နှစ်
### နတ်တလင်းမြို့

တောင်ကြီးကောလိပ် ကျောင်းသူ/သားများ၏ နှစ်စဉ်ကန်တော့ခံ ဆရာမကြီး၊ ဒေါက်တာ ဒေါ်ကျင်ငွေးသည် ၂-၁၀-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၀-၁၉၇၄ တောင်ကြီးကောလိပ်ကျောင်းသူ/သားများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးရဲလင်းလှိုင်(ခ)ဦးလှအိ
### သူရ(၁၁)
### အသက်(၇၂)နှစ်

သတင်းတပ်ဖွဲ့ဟောင်းဖြစ်သူ ဦးရဲလင်းလှိုင်(ခ)ဦးလှအိ (သူရ-၁၁) သည် ၂၅-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**သတင်းတပ်ဖွဲ့ဟောင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ကျော်အောင် အသက် (၆၅)နှစ်
### တိုင်းဥပဒေအရာရှိ(ငြိမ်း)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)အလုပ်အမှုဆောင် ဦးကျော်ကျော်အောင်သည် (၂၂-၁၂-၂၀၂၀)နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်သိန်းစီ (Maggie Kho)
### ပါမောက္ခ (ငြိမ်း)၊ ဒဿနိကဗေဒဌာန
### အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့၊ (၄)လမ်း(တောင်)၊ အမှတ်(၉၃)နေ (ဦးစောတူးခို-ဒေါ်လှဘွင့်)တို့၏သမီး၊ [ဦးစောဗင်တန်ဖိုး (MFTB)]၏ဇနီး၊ Dr.ဝါးဆက်ဖိုး(ခေတ်မှန်ဆရာဝန်ကြီး၊ အင်းစိန်ဆေးရုံ)-ဦးအောင်ကျော်လတ်၊ နော်ဝါးလွယ်ဖိုး(UM-1, English Dept.)-စောကွာလာယောတို့၏ ချစ်လှစွာသောမိခင်၊ Dr.ဂျေဂျေမောင်၊ ညီညီမောင်၊ ဒေးဗစ်မောင်မောင်(UFL-Korea)တို့၏ချစ်လှစွာသောအဘွား ဒေါ်သိန်းစီသည် ၂၈-၁၂-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၁၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဝင်းရီ
### အသက် (၆၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၂-ကွေ့မ)ရပ်ကွက်၊ မြတ်လေး(၆)လမ်း၊ အမှတ်(၄၂၁/ခ)နေ (ဦးဘသိန်း-ဒေါ်ချစ်ရင်)တို့၏သမီး၊ (ဦးရွှေ)-ဒေါ်တင်ရွှေတို့၏သမီးချွေးမ၊ ဦးစိန်လွင်၏ဇနီး၊ ကိုဝင်းလွင်ဦး-မသီတာ၊ ကိုသက်လွင်ဦး-မသန်းသန်းဦး၊ ကိုသန်းလွင်ဦး-မမျိုးပပဝင်း၊ ကိုဇော်ကြိုင်-မအေးသန္တာလွင်ဦးတို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် ဖောင်ကြီး ICU-1 ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁-၂၀၂၁ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဦးတင်မြင့်
### ဒုတိယညွှန်ကြားရေးမှူး(အနာကြီး)(ငြိမ်း)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့နေ ဦးဇေယျာသူရမွန် (CEO, Zeya and Associates Medical Systems Co.,Ltd) နှင့် ဒေါ်ခိုင်ခိုင်မြင့်(Padumma Foundation) တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာဦးတင်မြင့် အသက်(၈၉)နှစ်သည် ၂၆-၁၂-၂၀၂၀ ရက် ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါသည်။ **ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဆေးမှူးချုပ် ဒေါက်တာအောင်ကျော်ဦး-ဒေါ်အေးအေးမွန်ဆန်းတို့၏ ဖခင် ဦးမောင်မောင်ဆန်း အသက်(၇၈)နှစ်သည် ၂၅-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်လိဂ်ကော်မတီဝင်များ**
**CEO,COO နှင့်ဝန်ထမ်းများ**
**မြန်မာနေရှင်နယ်လိဂ်ကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း
### နော်မာစီယာရစ်ချတ်(ခ)ဝင်းမာဖြူ
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာလမ်း၊ အမှတ်(၅၆)နေ ဦးစောရစ်ချတ်-(ဒေါ်နော်ဝေးလ်ဗီယာဘွား)တို့၏သမီး၊ (ဦးအားမောင်-ဒေါ်လားမီး)တို့၏သမီးချွေးမ၊ ဒေါက်တာနော်ဝါးဝါးဖော၊ နော်လူးလူဖော တို့၏မိခင်၊ ပါမောက္ခ ဒေါက်တာစောခရစ်စတိုဖယ်ဆန်အားမောင် (အရိုးရောဂါပညာဌာန-ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၂၂-၁၂-၂၀၂၀ ရက်(အင်္ဂါနေ့) ည ၈:၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အကယ်ဒမီဆေးရုံ**

---

## ဒေါ်အေးအေးဝင်း (Rosie)
### အသက် (၉၅) နှစ်

(ဦးစိန်ဝင်း-ဒေါ်သောင်းမေ)တို့၏သမီးကြီး၊ (ဦးတင်အောင်-ဒေါ်မြတင်)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးကြီးကျော်ဝင်း(Charlie)(လေတပ်)]၏ဇနီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်ခွဲ၊ သီရိမာလာလမ်းသွယ်၊ အမှတ်(၅၆. D/D.2)နေ ဒေါက်တာဉာဏ်ထွဋ်(Sonny)-(ဒေါက်တာခင်မာလာဝင်း)တို့၏မိခင်၊ ဦးစိုးစံဝင်း(Sugiri)-ဒေါ်နန်းလှိုင်လှိုင်တင်မောင်(USA)၊ ဒေါက်တာဖြူမင်းသက်(မီးငယ်)(UK)တို့၏ အဘွား၊ မြသီရိဝင်း၏ ဘွားဘွားကြီး ဒေါ်အေးအေးဝင်း(Rosie)သည် ၈-၁၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးချစ်ငွေ (၆၇)နှစ်
**လ/ထညွှန်ကြားရေးမှူး(ငြိမ်း)**
**ကျန်း/စီမံကိန်းဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ စပါယ်လမ်း၊ အမှတ်(၁၁၂)နေ (ဦးချစ်-ဒေါ်ရင်)တို့၏သား၊ (ဦးဘဆန်း-ဒေါ်ကုလားမ)တို့၏ သားသမက်၊ (ဦးတင်အောင်)-ဒေါ်လှိုင်လှိုင်ဦးတို့၏ညီ/မောင်၊ (ဦးအောင်ကြိုင်)-ဒေါ်သန်းမြင့်၊ ဦးထွေးအေး-(ဒေါ်ခင်စန္ဒာ)၊ ဒုရဲမှူးဝင်းမြင့်(ငြိမ်း)-ဒေါ်သန်းနွဲ့၊ ဦးမျိုးကျော်အောင်တို့၏အစ်ကို၊ ဦးဇာနည်အောင်-ဒေါ်လင်းလင်းထိုက်၊ ဦးကျော်ဇောလှိုင်-ဒေါ်မြင့်မဥ္ဇူဆန်း၊ မယွန်းမြတ်သီရိ၊ မဆုရည်နန္ဒာ၊ မောင်ကောင်းဆက်ကျော်၊ သက်ဆုနန္ဒာ၊ မသွန်းနေခြည်ဝင်း၊ မဖူးပွင့်ဝေတို့၏ဘကြီး၊ မခိုင်မာထွန်း၏ဖခင်၊ ဒေါ်တင်အေး(ကျန်း/ဦးစီး-ငြိမ်း)၏ခင်ပွန်းသည် ၂၆-၁၂-၂၀၂၀ ရက် နံနက် ၈:၅၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်နော်လားမေ (ရန်ကုန်မြို့)
### အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀) ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၁၃၃/ခ)နေ (ဦးကျော်မြင့်ဦး)၏ ဇနီး၊ ဦးကျော်ဇေဦး၊ ဒေါ်နွယ်နွယ်ထွန်း၊ ကိုကျော်ထင်အောင်၊ မမေဇွန်တို့၏မိခင် ဒေါ်နော်လားမေသည် ၂၈-၁၂-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၄၅ နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်း(စံပြ)ဆေးရုံကြီး၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### (လေ-၄၀၄၉)အရာခံဗိုလ် မောင်လှ(ငြိမ်း)၊ တပ်မတော်(လေ)
### အသက်(၉၂)နှစ်

သူငယ်ချင်း ဗိုလ်မှူးကြီးကျော်ထွေး(ရေ)-ဒေါ်အေးစန္ဒီတို့၏ဖခင် အရာခံ ဗိုလ်မောင်လှ (ငြိမ်း)သည် ၂၇-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)သူငယ်ချင်းများနှင့်မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းမြင့်ဦး အသက် (၆၈) နှစ်သည် ၂၈-၁၂-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**
**တောင်ဥက္ကလာပမြို့နယ်**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၂-၂၀၂၀ ရက်နေ့ နာရေးကြော်ငြာပါ ကွယ်လွန်သူ ဦးရွှေကြည် (၈၂)နှစ် (တ)ပစ္စည်းအရာရှိ(ငြိမ်း) MOGE (ချောက်-ကြေးနီ)၏ မိဘအမည်မှန်မှာ (ဦးဖိုးစီ-ဒေါ်ငွေထိုက်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာဦးတင်မြင့်**
**ဒုတိယညွှန်ကြားရေးမှူး(အနားကြီး)(ငြိမ်း)**
**အသက်(၈၉)နှစ်**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်ခင်ငွေးကြွယ်၏အစ်ကိုဖြစ်သူ ဒေါက်တာ ဦးတင်မြင့် အသက် (၈၉)နှစ်သည် ၂၆-၁၂-၂၀၂၀(စနေနေ့) ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာဦးတင်မြင့်**
**ဒုတိယညွှန်ကြားရေးမှူး(အနားကြီး)(ငြိမ်း)**
**အသက်(၈၉)နှစ်**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်ခင်ငွေးကြွယ်၏အစ်ကိုဖြစ်သူ ဒေါက်တာ ဦးတင်မြင့် အသက်(၈၉)နှစ်သည် ၂၆-၁၂-၂၀၂၀(စနေနေ့) ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်ဝန်ထမ်းများ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## ဦးသိန်းမြင့်ဦး
**အသက် (၆၈) နှစ်**

(ဦးကျော်ဦး-ဒေါ်ခင်မလေး)တို့၏သားကြီး၊ (ဦးမြမောင်-ဒေါ်မြင့်မြင့်)တို့၏ သားသမက်၊ (ဒေါ်တင်တင်နု)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နုနုစိန်(USA)၏မောင်၊ ဦးထိန်လင်းဦး-ဒေါ်စုမြတ်နိုင်(နယူးဇီလန်)၊ (ဦးကျော်မြတ်ဦး)၊ (ဦးအောင်နိုင်ဦး)-ဒေါ်မြသူလင်း၊ ဒေါ်မိုးမြင့်ဦး-(ဦးကိုကိုနိုင်)၊ Dr.ဒေါ်စိန်မိမိဦး (လ/ထ ပါမောက္ခ၊ သမိုင်းဌာန၊ ရေနံချောင်း)၊ ဦးကျော်ငွေးဦး(USA)၊ ဒေါ်လင်းလင်းဦး-David (USA)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ကိုမျိုးဇော်ဦး(Japan)၊ [ကိုသိန်းဇော်ထွန်း(ခ)ကိုတိုး]-ဒေါ်သန်းသန်းမိုး၊ ဒေါ်ခင်ခင်ကြီး-ဦးဉာဏ်ဝင်းမင်းတို့၏ဖခင်၊ မခင်ပြည့်စုံထွန်း၊ မခိုင်ပွင့်ဖူး၊ မပိုးဝတ်ရည်ဇော်(ခ)ဖြိုးယုနာ၊ မောင်မျိုးသူရိန်၊ မဲ့ကူကျန်တို့၏ ချစ်လှစွာသောအဘိုး၊ အမှတ်(၁၀၄၅)၊ ရာဇသူရလမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသိန်းမြင့်ဦးသည် ၂၈-၁၂-၂၀၂၀ ရက် နံနက် ၂:၃၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၂၁(သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၂၁ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်လှမြင့်
**အသက် (၆၅) နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၃) ရပ်ကွက်၊ ပန်းခြံ(၇)လမ်း၊ မန္တလေးလမ်းသွယ်၊ အမှတ်(၆၆၆/က)နေ ဦးအောင်မြင့်စိန်(ရွှေတိဂုံစေတီတော်ကုသိုလ်ဖြစ်ဆေးခန်း)၏ဇနီး၊ (ဦးသိန်းဟိန်-ဒေါ်ဝိုင်းစိန်)တို့၏သမီးချွေးမ၊ (ဦးသန်းထွန်း-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးထွန်းကြည်)၏ညီမ၊ (ဒေါ်မြင့်မြင့်ခင်)၊ (ဒေါ်သန်းသန်းအေး)တို့၏အစ်မ၊ ကိုဖြိုးဝေလင်း(ရွှေတိဂုံစေတီတော်ဝတ္တကဌာန)-မသီရိနိုင်၊ (ကိုညီညီလင်း)၊ ကိုထက်ဖြိုးလွင်-မမေဖြိုးသူ(M.E.C)တို့၏မိခင်၊ မောင်ကောင်းဆက်သီဟ၊ မလမင်းအိန္ဒြေ၊ မောင်ထူးခန့်ဖြိုးအောင်တို့၏အဘွား၊ မသွဲ့နှင်းဆီ၊ မအိင်ဖူးတို့၏ အဒေါ် ဒေါ်လှမြင့်သည် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် နေအိမ်မှ ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မာမာဝင်း (B.A-History)
**စာရင်းကိုင် (၂)၊ ရန်ကုန်မြို့တော်စည်ပင်သာယာ**
**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅) ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၆၀၅)နေ (ဦးချစ်စိန်-ဒေါ်သန်းသန်း)တို့၏သမီးထွေး၊ (ဦးမောင်မောင်မြင့်)-ဒေါ်တင်တင်မြင့်၊ ဦးသန်းထိုက်-ဒေါ်စန်းစန်းအေး၊ ဦးစိုးသန်းတို့၏ညီမ၊ မောင်ထက်ပိုင်ဟိန်း(P.T.T.E.P၊ ဇော်တိက)၊ မသိမ့်ဆွေဇင်(ခေတ္တ-မလေးရှား)တို့၏အဒေါ် ဒေါ်မာမာဝင်းသည် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မခိုင်မေသူဟန်
**အသက် (၃၃) နှစ်**

အမှတ်(၉)၊ မဟာဆိုရှယ်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဟန်ရီ(ညွှန်ကြားရေးမှူး-ငြိမ်း၊ရှေ့နေချုပ်ရုံး)-(ဒေါက်တာရီရီဝင်း)တို့၏ သမီးငယ်၊ ဒေါက်တာစောမြတ်သူဟန် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၏ညီမ မခိုင်မေသူဟန်သည် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**သိမ်၊ ကျောင်း၊ ဇရပ် အလှူဒါယကာကြီး**
## ဦးမောင်ညွှန့်
**အသက် (၉၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၇)လမ်း၊ အမှတ် (၂၈၄/က)နေ (ဦးချစ်ခင်-ဒေါ်အေးတင်)တို့၏သား၊ [ဒေါ်ရီ(ခ)ဒေါ်ခင်ရီ]၏ ခင်ပွန်း၊ ဦးစိုးညွှန့်-ဒေါ်အမာဝေ၊ ဦးမြင့်သိန်း-ဒေါ်ခင်စန်းယု၊ ဦးစိုးအောင်-ဒေါ်မြင့်မြင့်စိန်၊ ဦးမြသန်း-ဒေါ်ကြည်ကြည်မာ၊ ဦးသိန်းစိုး-ဒေါ်ငယ်၊ ဦးတင်အောင်နိုင်-ဒေါ်နုနုငယ်၊ ဦးကြည်ဝင်းနိုင်-ဒေါ်နီလာဝင်း၊ (ဦးထွန်းမင်းလတ်)-ဒေါ်ဝင်းသန္တာလွင်တို့၏ဖခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၄-၁၂-၂၀၂၀ (ကြာသပတေးနေ့) ည ၇ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသန်းရွှေ (သန်လျင်)
**မြို့နယ်စည်ပင်(ငြိမ်း)**
**တွဲဖက်အတွင်းရေးမှူး(ငြိမ်း)**
**ကျိုက်ခေါက်စေတီ ဂေါပကအဖွဲ့**
**အသက် (၉၀)**

သန်လျင်မြို့၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ်(ထ/၉၇)နေ (ဒေါ်မမလေး)၏ခင်ပွန်း၊ ဦးငွေထင်-ဒေါ်ခင်လေးရွှေ၊ ဒေါ်ခင်လေးဝေ၊ ဒေါ်နီတာ၊ ဒေါ်နီလာတို့၏ဖခင်၊ ဦးအောင်မြတ်သူ-ဒေါ်ဇင်မာသန်း၊ ဦးကျော်စွာဟန်-ဒေါ်ဇွန်ဆုဝေတို့၏အဘိုးသည် ၂၇-၁၂-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးတင်သိန်း (TM ခဲတံပုံဘောင်လုပ်ငန်း)
**အသက် (၈၉) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်နေ (ဦးထွန်းဖေ-ဒေါ်ရွှေစိန်)တို့၏သား၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၁၇)၊ အနော်ရထာလမ်းနေ (ဒေါ်မြမြဇ)၏ခင်ပွန်း၊ ဦးသိန်းထွဋ်(ဦးစီးအရာရှိ-ငြိမ်း၊ စ.စ.စ)- ဒေါ်ညွှန့်ညွှန့်ဝေ(စာရင်းစစ်-ငြိမ်း)၊ ဦးသိန်းငွေး-ဒေါ်မေရီအောင်၊ ဦးသိန်းနိုင်-ဒေါ်အေးအေးဝင်း၊ ဦးသိန်းဇော်-ဒေါ်သက်နှင်းဦး၊ ဦးမောင်မောင်စိုး-ဒေါ်သူဇာသိန်းတို့၏ဖခင်၊ ကိုအောင်လ(အဆိုတော်)-မပိုင်းစုခိုင်သိန်း(သရုပ်ဆောင်/အဆိုတော်)၊ မကြည်နူးနိုင်၊ Dr.ဝင်းရွှေရည်(ရွှေဂုံတိုင်ဆေးရုံ)၊ မောင်ဒွေးဇော်ဦး၊ မရှုမငြိမ်းမောင်၊ မယုယမေတို့၏အဘိုးသည် ၂၇-၁၂-၂၀၂၀ ရက် နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၁၅ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင့်မိုး
**မြန်မာ့သစ်လုပ်ငန်း**
**လ/ထ အထွေထွေမန်နေဂျာ (ငြိမ်း)**
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇) ရပ်ကွက်၊ ပန်းခြံ(၈)၊ တော်ဝင်လမ်း၊ အမှတ်(၄၄၁)နေ (ဒေါ်နွဲ့နွဲ့)၏ခင်ပွန်း၊ ဒေါ်မြတ်နွယ်မိုး-ဦးထွန်းဝဏ္ဏအေး၊ (ဦးဇော်အောင်မိုး)၊ ဒေါ်မြတ်သူမိုး-ဦးဇော်လင်းတို့၏ဖခင် ဦးတင့်မိုးသည် ၂၇-၁၂-၂၀၂၀ ရက် ည ၇:၂၀ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျူချောင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်တိုး
**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ အမှတ်(၅၆)၊ခြောက်လွှာ(ညာ)နေ [လင်ချိန်ဟိုး(ခ)ဦးစိန်တိုး-ဒေါ်လှကြည်]တို့၏သား၊ မုံရွာမြို့နေ (ဦးကျော်မြင့်-ဒေါ်မိမိ)တို့၏သားသမက်၊ [ဒေါ်ခင်သက်တင်မြင့်(ခ)ဒေါ်တင်တင်မြင့်]၏ခင်ပွန်း၊ ဦးသန်းငွေးအောင်-ဒေါ်ဥမ္မာမြင့်၊ ဦးအောင်ကျော်လင်း-ဒေါ်အေးစုစုဝင်းတို့၏ကျေးဇူးရှင်မွေးသဖခင်သည် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၁၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသူရကျော်
**အသက် (၅၇) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ သီဟသူလမ်း၊ တိုက်(C)၊ အခန်း(၇)၊ မြသီတာဆိုင်ခန်းနေ [ဦးကျော်သန်း(အထက ကျောင်းအုပ်ကြီး-ငြိမ်း)]-ဒေါ်ခင်တင်တို့၏ ဒုတိယသား၊ [ဦးကျော်သိန်း(ကုန်သွယ်လယ်ယာ-ငြိမ်း)]-ဒေါ်သိန်းတင်တို့၏ သားသမက်၊ ဗိုလ်မှူးဆန်းလင်းကျော်(ငြိမ်း)-ဒေါက်တာဆွေဆွေဝင်း(ပါမောက္ခ-အဝေးသင်တက္ကသိုလ်)တို့၏ညီ/မောင်၊ ဒေါက်တာခင်ဖြူဖြူကျော်(တွဲဖက်ပါမောက္ခ-သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါ်ခင်သူဇာကျော်တို့၏အစ်ကို၊ ဒေါ်မေမိုးကျော်၏ခင်ပွန်း၊ ဦးမျိုးမြတ်သူရ၊ ဦးအောင်ဘုန်းမြင့်-ဒေါ်မေဘရဏီသန်း၊ မသဲစုရတနာတို့၏ချစ်လှစွာသောဖခင်၊ မမေသီရိခင်၏အဘိုး၊ မဆုပြည့်ဖြိုးပိုင်၏ဦးလေးသည် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းစိုး
**ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)၊ အမက (၇)၊ လှိုင်မြို့နယ်**
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးထွန်းလှ-ဒေါ်ပု)တို့၏ ဒုတိယသမီး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၄၂၆)၊ ပြည်ထောင်စုလမ်း၊ (၂၉/၂) ရပ်ကွက်နေ [ဦးတင်ယု(အမက-၁၁၊ လှိုင်၊ မူလတန်းကျောင်းအုပ်ဆရာကြီး-ငြိမ်း)]၏ဇနီး၊ မဖြူဖြူမာ၊ ဦးစံလင်း(ခ)ဦးစိုးအောင်သိုက်၊ ဦးလှမင်း (ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)-ဒေါ်ဥမ္မာကျော်၊ ဗိုလ်မှူးချုပ်မျိုးမင်း (တပ်မ-၆၆၊ ခြေမြန်တပ်မဌာနချုပ်)-ဒေါ်စန္ဒာလှိုင်၊ မအိအိဇင်တို့၏မွေးသမိခင်၊ မဆုရတနာမင်း၊ မအိန္ဒြာမင်း၊ မရွှေယမင်း၊ မရတီမင်း၊ မမြတ်သီရိတို့၏အဘွားသည် ၂၈-၁၂-၂၀၂၀ ရက် နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးစိန်ဝင်း(C.D.C-6219)
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၈၅)၊ ၈လွှာ၊ လမ်း(၅၀)နေ (ဦးဖေခင်-ဒေါ်တင်တင်မြင့်)တို့၏သား၊ (ဦးချစ်မောင်-ဒေါ်ခင်စောတင့်)တို့၏သားသမက်၊ ဒေါ်ခင်ငွေးကြည်(အငြိမ်းစား၊ B ပိုးကာကွယ်ဆေးစက်ရုံ)တို့၏ချစ်လှစွာသောခင်ပွန်း၊ ကျိုက်ထိုမြို့နေ (ဦးမင်းကြည်)-ဒေါ်ခင်သန်းမြင့်(ဆရာလေး)၊ ဦးချစ်ကို-ဒေါ်တင်တင်နိုင်တို့၏အစ်ကိုကြီး၊ ဒေါ်အိမြတ်နွယ်-ဦးသိန်းထွန်းလင်း(Uniteam)၊ ဦးဝဏ္ဏကျော်(မေပုံနှိပ်တိုက်)-ဒေါ်သဲဖူးငုံ၊ ဒေါ်သော်တာဝင်း-ဦးရဲဇော်သူ၊ ယာယီရဲမှူးကြီးနန္ဒဝင်း(နေပြည်တော်)-ဒေါ်သူဇာတင်၊ ဒေါ်စန္ဒာဝင်း-ဦးခွန်ဝင်းတို့၏ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်ကြီး၊ မောင်သုတကျော်၊ မကေဇင်သိန်း၊ မမေသူငယ်၊ မသီရိနိုင်၊ မောင်ဉာဏကျော်၊ မောင်ရဲထွဋ်ဝင်း၊ မောင်ခွန်ဇင်သန့်တို့၏ချစ်လှစွာသောအဘိုးသည် ၂၇-၁၂-၂၀၂၀(တနင်္ဂနွေနေ့) နံနက်၈:၁၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၉-၁၂-၂၀၂၀(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများနံနက်၉နာရီတွင်ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁-၂၀၂၁(စနေနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အနိစ္စ

**မောင်ကောင်းသန့်ထွန်း**
**Info Myanmar College Batch (49)**
**အသက် (၁၈) နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်ကွက်နေ (ဦးလှမောင်-ဒေါ်ကျင်ကျင်သိန်း)၊ (ဦးကျော်မောင်စိန်)-ဒေါ်ခင်သောင်းတို့၏မြေး၊ ဒဂုံမြို့နယ်နေ ဦးမောင်အီ-ဒေါ်ငွေးငွေးမြင့်၊ အင်းစိန်မြို့၊ အရှေ့ကြို့ကုန်းရပ်ကွက်နေ (ဦးဆန်းဦး)-ဒေါ်နိုင်နိုင်ဝင်း၊ ဦးအောင်နိုင်မိုး-ဒေါ်တင်တင်အေး၊ ဦးထင်ကျော်-ဒေါ်သိဂီဆောင်း၊ အင်းစိန် မြို့၊ ဘိုကုန်းရပ်ကွက်နေ ဦးမျိုးသော် - ဒေါ်ကြည်ကြည်မြင့်(အောင်မြေသာစတိုး)၊ ဦးစိုးနိုင်-ဒေါ်သူဇာလွင်တို့၏တူ၊ မအိန္ဒြေဦး(Metro IT and Japanese Language Centre Batch 1)၏မောင်လေး၊ ရဲမှူးဆန်းထွန်း(မူးယစ်တပ်ဖွဲ့စု-၃၊ မိုးညှင်း)-ဒေါ်သူဇာခိုင်တို့၏ သားငယ် မောင်ကောင်းသန့်ထွန်းသည် ၂၅-၁၂-၂၀၂၀ (သောကြာနေ့) ည ၁၀:၁၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အင်းစိန်မြို့၊ ဘိုကုန်းရပ်ကွက်၊ ဝါခင်းတောင်ကျောင်းတိုက်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

## ဦးအောင်လွင် (ဝါးခယ်မမြို့)
**အသက် (၅၇) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးဘန်ရှူး)-ဒေါ်ဝင်းသောင်းတို့၏သားလတ်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ (၈၈) လမ်း၊ တိုက်(၂၂)၊ မြေညီ-ညာ နေ ဦးတင့်လွင်၏ညီ၊ ဦးကျော်စိုးအောင်-ဒေါ်ချိုမာလွင်၊ ဦးကျော်သူရ-ဒေါ်မေဝင်းအောင်၊ ဒေါ်စုလှိုင်ဖြိုးတို့၏အစ်ကို၊ မနွယ်ဇင်မြင့်၊ မောင်ရဲဝင့်အောင်တို့၏ဖခင်၊ မကေဇင်ယုလှိုင်၊ မောင်မြတ်ဘုန်းမာန်၊ မဆုမြတ်နိုးတို့၏ဦးလေး၊ မြေးတစ်ယောက်၏အဘိုး ဦးအောင်လွင်သည် ၂၅-၁၂-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြဥမ္မာအေး (B.Sc-Hons, Math)
**အသက် (၄၈) နှစ်**

ရန်ကုန်မြို့နေ ဦးဇော်ဏီဇော်-(ဒေါ်မြနွဲ့အေး)တို့၏ သမီး၊ ဦးသောင်းရင်-(ဒေါ်သိုင်းဉာဏ်)တို့၏သမီးချွေးမ၊ ဦးဇော်လင်းထွေး၏ဇနီး၊ မောင်ရဲလင်းဦး(Grad-10,A၊ အထက-၂၊ကမာရွတ်)၊ မောင်ဘုန်းခန့်သူတို့၏ မွေးသမိခင်၊ မမြနန္ဒာအေး၏အစ်မ ဒေါ်မြဥမ္မာအေးသည် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၈-၁၂-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးကျော်ကျော်လင်း (ငြိမ်း)
**D.S.A (42)**
**အသက် (၄၃) နှစ်**

ရန်ကုန်မြို့၊ သဘော်ကျင်းအိမ်ရာ၊ တိုက်(101-F)နေ [ဦးမောင်မောင်သန်း(တရားသူကြီးဥက္ကဋ္ဌ-ငြိမ်း)]-ဒေါ်ထွေးယဉ်(သမဦးစီးမှူး-ငြိမ်း)တို့၏ သားငယ်၊ ကိုမင်းမင်းသန်း၏ညီ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မာဃ(၈)လမ်း၊ (၆၄၆/က)နေ [ဦးသောင်း(စက်မှု-၁)]-ဒေါ်သန်းလှ(အထပြ-ငြိမ်း၊ အထက-၂၊ စမ်းချောင်း)တို့၏သားသမက်၊ ဒေါက်တာခိုင်မျိုးမျိုးစု(တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ မအူပင်တက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း၊ မအိမ့်နန္ဒီဦး(TTC၊ ကမာရွတ်)၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးကျော်ကျော်လင်း(ငြိမ်း)သည် ၂၈-၁၂-၂၀၂၀(တနင်္လာနေ့) နံနက် ၃:၁၀နာရီတွင် (၈၆)ပါးသောရောဂါဖြင့် သဃ်န်းကျွန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# နေပြည်တော်၌ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နေပြည်တော်၌ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို နေရာနှစ်နေရာခွဲ၍ ဂုဏ်ပြုပစ်ဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

လွတ်လပ်ရေးနေ့မတိုင်မီ ဇန်နဝါရီ (၃) ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်အဝင်လမ်း၏ ညာဘက်ခြမ်း၌ ည ၇ နာရီတွင်လည်းကောင်း၊ ရေပန်းဥယျာဉ်ဂိတ် အမှတ်(၁) အဝင်လမ်း၌ ည ၇ နာရီ ၅ မိနစ်တွင်လည်းကောင်း မီးရှူးမီးပန်းများ စမ်းသပ်ပစ်ဖောက်သွားမည်ဖြစ်သည်။

လွတ်လပ်ရေးနေ့ဖြစ်သည့် ဇန်နဝါရီ (၄) ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်အဝင်လမ်း၏ ညာဘက်ခြမ်း၌ ည ၇ နာရီတွင်လည်းကောင်း၊ ရေပန်းဥယျာဉ် ဂိတ်အမှတ်(၁) အဝင်လမ်း၌ ည ၇ နာရီ ၅ မိနစ်တွင်လည်းကောင်း မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈

**ကျင့်ဝတ်ကောင်းမြတ်၊ စိတ်ဓာတ်ကောင်းတည်၊ အမိရန်ကုန်တက္ကသိုလ်ဆီ**

စာမျက်နှာ » ၆

**ဗီဇပြောင်းဗိုင်းရပ်စ် တိုက်ဖျက်ရေး ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါ ကတိပြု**

စာမျက်နှာ » ၁၃

**နှလုံးသားအကန္တရာတင်ရာ ရန်ကုန်တက္ကသိုလ်**

စာမျက်နှာ » ၁၈

**ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရချိန်တွင် အရေးကြီးသည့် ကြံ့ကြံ့ခံနိုင်စွမ်းအား**

စာမျက်နှာ » ၂၁


# သန်လျင်တံတား အမှတ် - ၃ သာကေတဘက်ခြမ်း ၈၃ ရာခိုင်နှုန်းခန့် ပြီးစီး



သန်လျင်တံတား အမှတ်- ၃ သာကေတဘက်ခြမ်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် သာကေတမြို့နယ်တို့သို့ ပဲခူးမြစ်အား ဖြတ်သန်းကာဆက်သွယ်တည်ဆောက်နေသော ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်- ၃)စီမံကိန်းသည် ယခုအခါတွင် သာကေတဘက်ခြမ်းရှိ စီမံကိန်းအပိုင်း(၃)တွင် ၈၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ စီမံကိန်း အပိုင်း(၁)နှင့်(၂)လုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်နေကြောင်း၊ ထိုတံတားကြီး ပြီးစီးသွားပါက သန်လျင်ကျောက်တန်းဒေသရှိ သီလဝါအထူးစီးပွားရေးဇုန်ကြီး၏ ကုန်စည်စီးဆင်းမှုကို အဓိကအထောက်အကူပြုစေမည်ဖြစ်ကြောင်း တံတားဦးစီးဌာန တံတားတည်ဆောက်ရေးစီမံကိန်းရုံးမှ သိရသည်။

အဆိုပါတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနနှင့် ဂျပန်နိုင်ငံ JICA အဖွဲ့တို့ပူးပေါင်းကာ Consultant ဖြစ်သော ဂျပန်နိုင်ငံ Joint Venture of Nippon Koei မှ ကြီးကြပ်ဆောင်ရွက်ပြီး ဆက်စပ်ကုမ္ပဏီခုနစ်ခုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီပဲခူးမြစ်ကူးတံတားသစ်ကြီး တည်ဆောက်ရတာဟာ သန်လျင်ဘက်ကမ်းမှာရှိတဲ့ သီလဝါဆိပ်ကမ်းနဲ့ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ စာမျက်နှာ ၁၉ ကော်လံ ၁ သို့



# နောင်ချိုမြို့နယ်၌ တိမ်ပင်လယ် ညအိပ်စခန်းများဖွင့်ခွင့်ရမည့်အချိန်အတွက် ပြင်ဆင်ထားရှိ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ရှိ တိမ်ပင်လယ် ညအိပ်စခန်းများသည် ယခု ကိုဗစ်-၁၉ ကာလတွင် ဖွင့်ခွင့်မရရှိသေးသော်လည်း ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်ခွင့်ရမည့်အချိန်အတွက် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့

# ၂၀၂၁ ရာသီတွင်ကျင်းပမည့် ပြိုင်ပွဲများကို လိဂ်ကော်မတီအစည်းအဝေးတွင် အတည်ပြုမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၁ ဘောလုံးရာသီတွင်ကျင်းပမည့် ပြည်တွင်းပြိုင်ပွဲများကို လိဂ်ကော်မတီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်သွားမည်ဖြစ်သည်။ အစည်းအဝေးကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၁ ဘောလုံးရာသီအတွက် ဒီဇင်ဘာ ၃ ရက်တွင် လိဂ်ကော်မတီအစည်းအဝေးကို ပထမအကြိမ်ပြုလုပ်ခဲ့သည်။ ထို့ပြင် ပြီးခဲ့သည့်ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ၌ ယှဉ်ပြိုင်ခဲ့သည့်အသင်းများအနက် ဇွဲကပင်၊ ချင်းယူနိုက်တက်နှင့် မကွေးအသင်းတို့ နုတ်ထွက်/ဖျက်သိမ်းသွားသလို Southern အသင်းမှာလည်း တစ်ရာသီနုတ်ထွက်ရန် တင်ပြထားသည့်အပြင် စစ်ကိုင်းယူနိုက်တက်အသင်းမှာလည်း ဘဏ္ဍာရေးအခြေအနေကြောင့် ဆက်လက်ယှဉ်ပြိုင်နိုင်ရန် မသေချာသေးကြောင်း သိရသည်။ ထို့ကြောင့် လိဂ်ကော်မတီအစည်းအဝေးမတိုင်မီ ပြိုင်ပွဲဝင်ခြင်းရှိ၊ မရှိ အတည်ပြုရမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်ပြုလုပ်မည့် လိဂ်ကော်မတီအစည်းအဝေးတွင် MNL နှင့် MNL–2 ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအား အတည်ပြုမည်ဖြစ်သည်။ ၂၀၂၁ ရာသီတွင် MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ဧပြီလမှ စက်တင်ဘာလ၊ MNL– 2 အမှတ်ပေးဘောလုံးပြိုင်ပွဲကို မေလမှ ဩဂုတ်၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲကို ဇွန်လမှ စက်တင်ဘာလ၊ အမျိုးသမီးလိဂ်ဘောလုံးပြိုင်ပွဲကို ဧပြီ/မေလမှ ဇူလိုင်လအထိ ပြုလုပ်ရန် လျာထားပြီး လိဂ်ကော်မတီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်မည်ဖြစ်သည်။ ထို့ပြင် ရာသီကြို ချာရတီဖလားပြိုင်ပွဲကျင်းပခြင်းရှိ၊ မရှိကိုလည်း ယင်းအစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်သည်။

ရှိုင်းထက်ဇော်